Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.60 (1033-1047) တာအိုအမိန့်တော်ကို

တိုက်ရိုက်လာမယ်

၁၀၃၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

## အပိုင်း ၁၀၃၃ - ရှေးဟောင်းဓားကျောင်းတော်သို့ ထွက်ခွာ

"ငါစောင့်နေမယ်!" ယန်ယဲ့သည် ကောင်းကင်ကို မော့ကြည့်လိုက်ပြီးနောက် တစ်ဖက်လှည့်၍ ကြိုးနှင့် ချည်ထားသော အလောင်းများဆီသို့ လျှောက်သွားလိုက်သည်။ သွားနေရင်း သူ့ဓားကို တစ်ချက်ယမ်းလိုက်ရာ အလောင်းများအောက်က နံရံပေါ်၌ စကားလုံးများ တန်းစီပေါ်လာသည်။ စာတန်းမှာ ဤသို့ပင် ဖြစ်လေသည် "တာအိုအမိန့်တော်က ဘာမှမဟုတ်ဘူး။"

ယန်ယဲ့က ဓားကို ပြန်သိမ်းပြီးနောက်
ဖန်မုန့်ထံသို့ လျှောက်သွားကာ
လက်ကိုဆုပ်ကိုင်လိုက်ရင်း မြို့ထဲသို့
ပြန်ဝင်သွားလိုက်သည်။

တစ်ချိန်တည်းမှာပင် သူက "မင်း
သိုလှောင်လက်စွပ်
 ဘယ်နှစ်ကွင်း ရခဲ့လဲ" ဟု မေးလိုက်လေသည်။

ဖန်မုန့်က "၃၀ ကျော်တယ်။"

“အထဲမှာ အဆင့်လွန် စွမ်းအင်ကျောက်တုံးတွေ ဘယ်လောက်ရှိလဲ။

"အားလုံးပေါင်း ၂၀၀,၀၀၀ ဝန်းကျင်လောက်..."

"မင်းကိုယ်တိုင်ယူခဲ့တာလား"

"ဒါကို ငါဘယ်လိုလုပ်ရမလဲ။ ငါ...ဒီလိုမျိုး တစ်ခုခုကို ငါဘယ်လိုလုပ်နိုင်မလဲ။ ငါ… ငါ….”

ကျန်သူများလည်း စကားမပြောနိုင်ပေ။

ယန်ယဲ့နှင့်လူတိုင်းက ယခင်နေရာသို့
ပြန်ရောက်သောအခါ ကုန်းလျှန် မရှိတော့ဘဲ
ဝူရန်ကျုံးသာ ကျန်နေခဲ့၏။ ဒီအချိန်မှာ
ဝူရန်ကျုံးက မြေပေါ်
ဒူးတစ်ဖက်ထောက်ကျနေကာ သူ့ခန္ဓာကိုယ်အနှံ့
အရိုးများပင်မြင်နိုင်သည့်
ဒဏ်ရာများရှိနေပါသည်။

"ဂိုဏ်းတူအစ်ကိုဝူ!" လင်းရှောင် နှင့်
အခြားတပည့်များလည်း တုန်လှုပ်သွားပြီး
ဝူရန်ကျုံး၏ နံဘေးသိုဘ အမြန်ရောက်လာကာ
သူ့ကို ကူတွဲလိုက်ကြသည်။

"ကုန်းလျှန်!" ဝူရန်ကျုံးက အသက်ပြင်းပြင်းရှူပြီး ယန်ယဲ့ကို စိုက်ကြည့်ကာ "မင်းက အရမ်းသန်မာတယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ မင်းသူနဲ့တွေ့ရင် သတိထားဖို့တော့လိုမယ်။"

"ငါသတိထားပါ့မယ်!" ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ အစောပိုင်းက ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားဖြင့် ကုန်းလျှန်အား မတိုက်ခိုက်ရသည့်

အကြောင်းရင်းက သူမကို သတ်နိုင်သည်ဟု မယုံကြည်သောကြောင့်ပါ။ ထိုမိန်းမပျိုက အလွန်သန်မာပြီး အလွန်လျှို့ဝှက်ဆန်းကြယ်သည်။ ယန်ယွဲ့ဟာ ကုန်းလျန်ကို သတ်နိုင်စွမ်းကို ယုံကြည်မှုမရှိသည့်တိုင် သူမကို မကြောက်ပေ။

ဝူရန်ကျုံးက ယန်ယွဲ့ မောက်မာနေသည့် အရိပ်အယောင် မရှိသည်ကို တွေ့လိုက်ရာ သူ့စိတ်ထဲ ယန်ယွဲ့အပေါ် ပိုအထင်ကြီးသွားပြီး ကျေနပ်စွာ ခေါင်းညိတ်လိုက်လေသည်။ အမှန်တော့ ပါရမီရှင်များက များသောအားဖြင့်

မောက်မာပြီး ဘဝင်မြင့်တတ်ကြသည်။
ယန်ယဲ့၏ ပင်ကိုယ်စွမ်းရည်နှင့် ခွန်အားသည်
ကြောက်စရာကောင်းသည်သော်လည်း
သူသည် မောက်မာခြင်း သို့မဟုတ်
ဘဝင်မြင့်သည်ကို နားမလည်ပေ။

"သိုင်းပညာဦးလေးက
တပည့်ကောင်းတစ်ယောက် ယူသွားတယ်!"
ဝူရန်ကျုံးက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး
"ရှေးဟောင်းဓားကျောင်းတော်ကို
သွားဖို့အတွက် တိုက်ပွဲမဲ့မြို့ကို ထပ်ပြီး
ခရီးဆက်ရဦးမယ်။ ဟိုကိုရောက်မှ

ပေါ်တယ်စနစ်ကနေတစ်ဆင့် မင်းက ရှေးဟောင်းဓားကျောင်းတော်ကို ချက်ချင်းအရောက်သွားနိုင်ပြီ။ ဒါပေမဲ့ တိုက်ပွဲမဲ့မြို့ကိုရောက်ဖို့အတွက် မှန်တိုင်းတောင်တန်း နဲ့ ရွှေခြသေ့်လွင်ပြင်ကို အရင်ဖြတ်ကျော်ရမယ်။”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "ငါက သိုင်းပညာနှလုံးသားမြို့ကနေ တိုက်ပွဲမဲ့မြို့ကို တိုက်ရိုက်သွားလို့ မရဘူးလား"

ဝူရန်ကျုံးက ခေါင်းခါလိုက်ပြီး
“သိုင်းပညာနှလုံးသားမြို့နဲ့ တိုက်ပွဲမဲ့မြို့က
မဟာမိတ်တွေ မဟုတ်ဘူး။ဒါကြောင့်
မြို့နှစ်မြို့ကြားမှာ ပေါ်တယ်စနစ်မရှိဘူး။
ဒီတော့ မင်းက မုန်တိုင်းတောင်တန်း နဲ့
ခြသေ့်လွင်ပြင်ကို အရင်ဖြတ်ကျော်မှရမယ်။"

ယန်ယဲ့က "ဒါဆို ငါပျံပြီးသွားနိုင်မလား"ဟု
မေးလိုက်ပြန်သည်။

“မရဘူး!” ဝူရန်ကျုံးက ယန်ယဲ့ကို
လေးလေးနက်နက် စိုက်ကြည့်ရင်း "

မုန်တိုင်းတောင်တန်း နဲ့ ခြသေ့်လွင်ပြင်
နှစ်ခုလုံးက နတ်ဆိုးဘုရင်တွေ ရှိနေလို့ပဲ။
အဲဒီနေရာတွေကို ဖြတ်သန်းပျံသန်းရင် သူတို့ကို
မထီမဲ့မြင်ပြုတာလို့ သတ်မှတ်ခံရမှာပဲ။
ဒါကြောင့် မင်းက လမ်းလျှောက်ဖို့ကလွဲလို့
တခြားရွေးချယ်စရာမရှိဘူး။"

"နတ်ဆိုးဘုရင်တွေ!"
ယန်ယွဲ့၏မျက်လုံးများသည် အနည်းငယ်
ကျဉ်းမြောင်းလာသည်။ နတ်ဆိုးဘုရင်များက
သိုင်းသူတော်စင်များ ဖြစ်သည်။

သူ၏ လက်ရှိခွန်အားက
သိုင်းသူတော်စင်များကို တိုက်ခိုက်ဖို့
မလုံလောက်ပေ။ သူ၏ ကောင်းကင်အဆင့် ၃
ခုံးစိတ်ဆန္ဒကို ပြန်မရဘဲ ခုံးဝိညာဉ်ကိုယ်တိုင်
ကောင်းကင်ဘုံဖျက်ဆီးခြင်းခုံးကို
အသုံးပြုမပေးပါက သူ့ခွန်အား အထွတ်အထိပ်
ပြန်ရောက်လာလျှင်ပင် သိုင်းသူတော်စင်များကို
တိုက်ခိုက်နိုင်မှာမဟုတ်ပေ။

ဝူရန်ကျုံးက ရုတ်တရက် ပြောလိုက်၏ "
စိတ်မပူပါနဲ့၊
မုန်တိုင်းတောင်တန်းရဲ့နတ်ဆိုးဘုရင်က

ငါတို့ကျောင်းတော်က မဟာအကြီးအကဲရဲ့
မိတ်ဆွေဟောင်းကြီးလေ။ ဒီတော့ သူက
မင်းကိုခက်ခဲတဲ့အရာတွေကို
လုပ်မှာမဟုတ်ဘူး။ ငါကြောက်တာက
ခြသေ့်လွင်ပြင်ရဲ့နတ်ဆိုးဘုရင်ကိုပဲ။ သူက
အရင်မျိုးဆက် တာအိုအမိန့်တော်ရဲ့
တာအိုသခင်နဲ့ မိတ်ဆွေတွေ။ ဟုတ်တယ်၊
သူလည်း မင်းကို သဘာဝအတိုင်း အနိုင်ကျင့်မှာ
မဟုတ်ဘူး၊ သူက မင်းကို အနိုင်ကျင့်ဖို့
ကြိုးစားရင်တောင် ငါတို့
ရှေးဟောင်းဓားကျောင်းတော်က မင်းကို
လက်တစ်ဖက် ပေးထားမှာပဲလေ။

ငါကြောက်တာက သူက နောက်ကွယ်ကနေ လှို့ဝှက်ပြီး လုပ်ကြံမှာကိုပဲ။"

ယန်ယဲ့က “ဘာပဲဖြစ်ဖြစ် ငါ့လမ်းကို ပိတ်ဆို့ထားတဲ့ အရာမှန်သမျှကို ငါဖျက်ဆီးပစ်မယ်”

ဝူရန်ကျုံးက ခေါင်းညိတ်ပြီး "မင်းအခုလုပ်နိုင်တာ ဒါပဲလေ။ ဟုတ်တယ်၊ မင်းအဲဒီကိုရောက်ပြီးတာနဲ့ တိုက်ပွဲမဲ့မြို့ရဲ့ အရင်မြို့သခင်ဆီကို  သွားလည်ပတ်တာ အကောင်းဆုံးပဲ။ သူက မင်းရဲ့ဆရာနဲ့

မိတ်ဆွေကောင်းတွေဖြစ်သလို
ခါးထုလုပ်သူလည်းဖြစ်သေးတယ်။ သူက
မင်းကို
အင်မော်တယ်အဆင့်ခါးတစ်ချောင်းတောင်
ပေးကောင်းပေးနိုင်တယ်!"

“ဆရာ့ရဲ့မိတ်ဆွေကောင်း….” ယန်ယွဲ့၏
ပါးစပ်ထောင့်တွင် ခါးသီးမှုတစ်ခု
ပေါ်လာသည်။ ပြောစရာမလိုအောင်ပင်
အခြေအနေသည် ပိုပိုပြီး ရှုပ်ထွေးလာပြီး
ပြဿနာများဖြစ်လာခဲ့ပါပြီ။ တာအိုသခင်ဂူ
တံခါးပိတ်ကျင့်ကြံနေရာကနေ

ထွက်လာသည်နှင့် သူ့အကြောင်း သေချာပေါက် ဖော်ထုတ်ခံရမည် ဖြစ်သည်။
ထိုအချိန်ရောက်ပါက သူ ရင်ဆိုင်ရမည့်အခြေအနေကို နတ်ဘုရားသာ သိနိုင်ပေသည်။ သို့သော်လည်း ယခုအချိန်တွင် သူက အခြားရွေးချယ်စရာမရှိတော့သည်ဖြစ်ရာ အခြေအနေအတိုင်း မီးစင်ကြည့်ကရုံသာရှိတော့၏။

နောက်ဆုံးတွင် သူသည် မတတ်သာဘဲ ရှေးဟောင်းဓားကျောင်းတော်၏အမည်ကိုသာ အသုံးပြုရတော့သည်။

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည် "မင်းငါနဲ့လိုက်မလာဘူးလား"

ဝူရန်ကျုံးက ခေါင်းခါလိုက်ပြီး "ငါအဲလိုလုပ်ရင် အခြေအနေက ပိုရှုပ်ထွေးသွားလိမ့်မယ်။ ငါမင်းနောက်လိုက်လာရင် ငါတို့ရဲ့ရှေးဟောင်းဓားကျောင်းတော် နဲ့ တာအိုအမိန့်တော်ရဲ့

လူငယ်မျိုးဆက်တွေကြားမှာ လုံးဝကို
သေခြင်း၊ရှင်ခြင်း တိုက်ပွဲဖြစ်လာနိုင်တယ်။
ဒါ့ပြင် မင်းတစ်ယောက်တည်း ခရီးသွားရင်
တာအိုအမိန့်တော်က လက်စားချေဖို့
တပည့်တွေ တစ်ခါပြီးတစ်ခါပဲ
စေလွှတ်လိမ့်မယ်။"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး ဖန်မုန့်ကို သူ့အနား
ဆွဲခေါ်ကာ "အစ်ကိုဝူ၊ ငါ့တစ်ခု စိတ်ပူတာက
ဒီညီအစ်မတွေပဲ။ သူတို့နှစ်ယောက်ကို မင်းတို့နဲ့
ထည့်လိုက်လို့ရမလား ။ အစ်ကိုဝူက သူတို့ကို
ရှေးဟောင်းဓားကျောင်းတော်ကို

ခေါ်ဆောင်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။
အခုအချိန်မှာ
ရှေးဟောင်းဓားကျောင်းတော်ကပဲ
သူတို့ရဲ့ဘေးကင်းမှုကို အာမခံနိုင်မှာ။”

"ငါ.... ငါနင့်နောက်လိုက်ချင်တယ်!" ဖန်မုန့်က
ချက်ချင်း ငြင်းဆန်လိုက်ပြီး
ယန်ယွဲ့၏လက်မောင်းကို အလျင်အမြန်
ဖက်ထားလိုက်သည်။

ဖန်လီက နှုတ်ခမ်းများ အနည်းငယ် လှုပ်သွားသော်လည်း အဆုံးတွင် သူမ ဘာမှ မပြောပေ။

ယန်ယဲ့က ဖန်မုန့်၏ခေါင်းကို ပွတ်သပ်ပြီး "မုန့်အာ! အခုနေ မင်းလိုက်လာရင် ငါ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လိမ့်မယ်။ နားလည်ရဲ့လား?"

“ငါ….” ဖန်မုန့်က အတော်လေးဝမ်းနည်းသွားပုံရ၏။ သူမ၏မျက်လုံးအစုံကနေ မျက်ရည်များ စီးကျလာပါသည်။

ယန်ယဲ့က ဆက်ပြောလိုက်သည်

“ဒီလမ်းတစ်လျှောက်လုံး မင်းလည်း မြင်ပြီးပြီ။ ငါ့ရန်သူတွေ အရမ်းသန်မာပြီး နောက်ထပ် ဘယ်သူတွေ ထပ်ပြီးစေလွှတ်မယ်ဆိုတာ ငါမသိဘူး။ ဒါပေမဲ့ သူတို့က အစွမ်းထက်ပညာရှင်တစ်ယောက်ကို သေချာပေါက် ပို့ပေးမယ်ဆိုတာ သံသယမရှိပါဘူး။ ငါ့ရဲ့အရည်အချင်းကို ယုံကြည်မှုရှိပေမဲ့ နောက်ဆုံးတော့ ငါတစ်ယောက်တည်းပဲလေ။ ဒီတော့

သူတို့လက်ထဲ ကျသွားရင် ဘာဖြစ်မလဲ။ ဒါဆို ငါဘာလုပ်ရမလဲ?"

ဖန်မုန့်က ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က
နောက်တစ်ကြိမ်ထပ်ပြောလိုက်ပြန်သည်
"ဒီအချိန်မှာ မင်း တွေ့ကြုံခဲ့ရတာတွေ အများကြီးပဲ၊ မုန့်အာ! တစ်ချို့အရာတွေကို မင်းနားလည်သင့်တယ်။ ဒီကမ္ဘာကြီးမှာ ကောင်းကောင်းနေထိုင်ချင်ရင် တစ်ခုတည်းသောနည်းလမ်းက

ကိုယ့်ခွန်အားကို အားကိုးပါ။ မင်းက
အရမ်းအားနည်းနေသေးတယ်။
မင်းကိုကာကွယ်ဖို့ ငါနဲ့ မင်းအစ်မကို
လိုအပ်နေတဲ့အထိ မင်းအားနည်းနေတယ်။ မင်း
ဒီအတိုင်း ထာဝရနေသွားယချင်တယ်လို့တော့
ငါ့ကို မပြောနဲ့။"

ဖန်မုန့်က သူမခေါင်းကို မော့ပြီး ယန်ယဲ့ကို
မကြည့်ခင် ခဏကြာသွားတယ်။
သို့သော်သူမမျက်နှာပေါ်တွင်
မျက်ရည်စီးကြောင်း၂ကြောင်း
ပေါက်ခနဲကျသွားသည် "နင်…

ရှေးဟောင်းဓားကျောင်းတော်ကို သေချာပေါက်
အရောက်လာမယ်လို့ ကတိပေး။ နင်
..လုပ်နိုင်ရမယ်!"

"ငါကတိပေးပါတယ်!" ယန်ယဲ့က ပြုံးပြီး
ဖန်လီကို စိုက်ကြည့်ရင်း "မင်းတို့နှစ်ယောက်
အဲဒီကိုရောက်ပြီးတာနဲ့ သူမကို
နှောင့်ယှက်မနေဘဲ ရပ်လိုက်။ သူမကို
နည်းနည်းတော့ ဒုက္ခပေးလိုက်ပါ။ ဟုတ်တယ်၊
လုဝမ်အာ တံခါးပိတ်ကျင့်ကြံတာကနေ
ထွက်လာရင် မုန့်အာကို သူ့ဆီ ခေါ်သွားလိုက်ပါ။
ငါက မင်းကို သူ့ဆီသွားခိုင်းတာလို့

ပြောလိုက်ပါ။ မင်းတို့နှစ်ယောက်လုံးကို သူ ဂရုစိုက်လိမ့်မယ်!"

ဖန်လီက ခေါင်းညိတ်ပြီး "နင်လည်း ဂရုစိုက်ပါ... နင် အသက်ရှင်နေမယ်လို့ မျှော်လင့်ပါတယ်။"

ဝူရန်ကျုံးက ရုတ်တရက် မေးလေသည်။ “အစ်ကိုယန်! စီနီယာအစ်မလု နဲ့ သိတာလား "

ယန်ယဲ့က ပြုံးကာ " နည်းနည်းပေါ့...."

ဝူရန်ကျုံးက ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "စီနီယာအစ်မလု ရဲ့နောက်ခံက တော်တော်လျှို့ဝှက်ဆန်းကြယ်တယ်။ သူမ ဘယ်ကလာတယ်ဆိုတာ ဘယ်သူမှမသိသလို သူ့မှာ မိတ်ဆွေတွေရှိတယ်ဆိုတာ တစ်ခါမှမကြားဖူးဘူး။ အစ်ကိုယန် က သူမကို တကယ်သိလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။”

ယန်ယွဲ့က ပြုံးပြီး ဒီအကြောင်းအရာကို ဆက်မနေတော့ဘဲ "ဒါဆို အစ်ကိုဝူကို သူတို့နဲ့အတူ ခဏထားလိုက်မယ်!"

"ဒါက ပြဿနာ လုံးဝ မဟုတ်ပါဘူး!"
ဝူရန်ကျုံးက "အစ်ကိုယန်! မင်းမှာ
ဓားတစ်လက်မှ မရှိသေးဘူးလား?"

ယန်ယဲ့က ချက်ချင်း ခေါင်းညိတ်လိုက်သည်။
အမှန်အတိုင်းပြောရလျှင် သူသည်
ယခုအချိန်အထိ သင့်တော်သောဓားကို
ရှာမတွေ့သေးပါ။ ရှေးဟောင်းနတ်ဓားက
အလွန်ကြောက်စရာကောင်းသော်လည်း
ပြဿနာက လောလောဆယ် သူ
အသုံးမပြုနိုင်သေးပေ။

၁၀၃၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၃၄ - မုဟာန်ရှန်း နှင့် ပြန်တွေ့

ဝူရန်ကျုံးက ယန်ယဲ့

ခေါင်းညိတ်ပြသည်ကိုမြင်သောအခါ

ညာလက်ကိုဝှေ့ယမ်းလိုက်ပြီး ယန်ယဲ့ရှေ့တွင်

အနက်ရောင်ဓားသေတ္တာတစ်ခု ပေါ်လာပြီး

"ညီအစ်ကိုယန်! ဒီဓားသေတ္တာထဲမှာ ငါ

နှစ်ပေါင်းများစွာစုဆောင်းထားတဲ့
ဓားတွေအကုန်လုံးပဲ။ အထဲမှာ တာအိုအဆင့်
ဓား ၁၀၀ ရှိတယ်။ မင်းအတွက်
အသုံးဝင်မယ်လို့ ငါမျှော်လင့်ပါတယ်!”

ယန်ယဲ့သည် ဝူရန်ကျုံးကို
တစ်ချက်ကြည့်လိုက်ပြီးနောက် ၎င်းကိုယူကာ
"ကျေးဇူးတင်ပါတယ်။ ဒီကြင်နာမှုကို
သတိရနေမှာပါ!"

ဝူရန်ကျုံးက တဟားဟား ရယ်ပြီး "ငါ မင်းကို
အလကားမပေးဘူး။

မင်းငါ့ကိုပြန်ပေးရမယ်ဆိုတာ သတိရပါ။
မင်းငါ့ဆီပြန်လာဖို့စောင့်နေမယ်!"

"ဟုတ်ပါတယ်!" သူ စကားပြောပြီးသည်နှင့်
ယန်ယဲ့သည် ဖန်မုန့်ကို လှည့်ကြည့်ပြီး
မြို့တံခါးဆီသို့ လှမ်းကြည့်လိုက်သည်။
ထိုအချိန်တွင် ဖန်မုန့်က
တစ်ခုခုပြောချင်သော်လည်း ယန်ယဲ့ဟာ သူမ၏
မျက်ရှေ့မှာပင် ပျောက်ကွယ်သွားခဲ့သည်။

ဖန်မုန့်က အံ့သြသွားပြီး “အစ်မ၊ သူ သေချာပေါက် အသက်ရှင်နိုင်မှာပါနော် ” ဟု ပြောလိုက်သည်။

ဖန်လီက ခေါင်းညိတ်ပြီး "ဟုတ်တယ်!"

လင်းရှောင်က ရုတ်တရက် မေးလိုက်သည် “အစ်ကိုကြီး၊ သူနဲ့ ဂိုဏ်းတူအစ်မလု ကြားက ဘယ်သူက ပိုအားကောင်းတယ်လို့ မင်းထင်လဲ”

ဝူရန်ကျုံးက ခဏတာ ငြိမ်သက်သွားပြီး “ငါ သူ့ကို ဘယ်လိုမှ မမြင်ရဘူး” ဟု

ပြန်ဖြေပါသည်။ သူက ဓားစိတ်ဆန္ဒကို နားမလည်ထားဘူးလို့ပဲ ငါသတိပြုမိတယ်။ ဒါပေမဲ့ သူ့ရဲ့ဓားစွမ်းအင်က ဓားစိတ်ဆန္ဒနားလည်ထားတဲ့ ငါတို့တွေထက်ကို ပိုကြောက်စရာကောင်းနေသလိုပဲ။ ပြောရရင် သူက အရမ်းလျှို့ဝှက်ဆန်းကြယ်ပြီး အရမ်းသန်မာတယ်။ ဂိုဏ်းတူအစ်မလု က အခုအချိန်မှာ ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒကို ရောက်နေလောက်ပြီ။ ပြီးတော့ သူမက သူတော်စင်တစ်ပိုင်းအဆင့် ရောက်ခါနီးနေပြီလေ။ ဒါဆို သူမက

ပိုသန့်မာသင့်တယ်။ ဒီတော့ နှိုင်းယှဉ်လို့ မရဘူး!"

ဖန်မုန့်က လက်မခံနိုင်စွာ ဝင်ပြောလေသည်။ "မဟုတ်ဘူး၊ ယန်ယဲ့က လုဝမ်အာ ထက် သေချာပေါက် သန်မာပါတယ်"

ဝူရန်ကျုံးက စိတ်ဝင်စားပုံရပြီး "ဘာလို့လဲ" ဟု ပြုံးကာ မေးလိုက်သည် ။

သူမက "ငါ့ရဲ့ပင်ကိုယ်စိတ်က ပြောတာ!"

ဝူရန်ကျုံး နှင့် အခြားသူများသည် အကြည့်ချင်းဖလှယ်ပြီး ခေါင်းယမ်းကာ ပြုံးလိုက်ကြသည်။

...

ယန်ယဲ့သည် သိုင်းပညာနှလုံးသားမြို့မှ ထွက်ခွာလာပြီးနောက် မြို့ပတ်ပတ်လည်မှ တောင်တန်းအနက်ပိုင်း ဆီသို့ဦးတည်သွားပြီး လှိုဏ်ဂူတစ်ခုကို အမြန်ရှာလိုက်သည်။

ထို့နောက် ယန်ယွဲ့သည် ဂူထဲမှာ
တင်ပျဉ်ခွေလျက်ထိုင်နေရင်း
သူ့ပါးစပ်ထောင့်ကနေ သွေးများ အဆက်မပြတ်
စီးကျနေပါသည်။

သူသည် တာအိုအမိန့်တော်၏ တပည့်များအား
ကြက်၊ ငှက်များကို သတ်နေသလိုမျိုး
အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့၏။
ထို့အတွက် သူဟာ
တန်ကြေးတစ်ခုပေးဆပ်လိုက်ရပါသည်။
အကြောင်းအရင်းမှာ အစောပိုင်းက
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ကို ၁၀

ကြိမ်လောက် အသုံးပြုခဲ့လို့ပါ။ ထို့အပြင် သူက ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ကို မိုးကြိုးငါးသွယ်ဓားကျင့်စဉ် နှင့် အလင်း၏အမြန်နှုန်း တို့ဖြင့်ပါ ပေါင်းစပ်ခဲ့သည်။ ထို့ကြောင့်လည်း သူက တစ်ဖက်လူ တုံ့ပြန်နိုင်စွမ်းမရှိခင်မှာပင် သတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုအရာက လက်ရှိ သူ့ကို တန်ပြန်ရိုက်ခတ်ခဲ့သည်။

သူ့ခန္ဓာကိုယ်အနှံ့မှာ အက်ကွဲကြောင်းများစွာပေါ်လာပြီး

သူ့ခန္ဓာကိုယ်သွေးကြောများပေါ်က
အကျိရာများပင် ပိုကျယ်လာပါသည်။
သူ၏ခန္ဓာကိုယ်သာမကဘဲ အတွင်းအင်္ဂါများပါ
ကွဲအက်နေခဲ့သည်။

ဒီအချိန်မှာ သူ့ခန္ဓာကိုယ်တစ်ခုလုံးက
ဒဏ်ရာများအပြည့် ဖြစ်နေပါပြီ။ သို့သော်လည်း
ယန်ယွဲ့ကို ၎င်းကို အတင်းအကြပ်ဖိနှိပ်ခဲ့ပြီး
အပြင်ကို ထုတ်မပြခဲ့ပေ။

ယန်ယွဲ့သည် သူ့ခန္ဓာကိုယ်အခြေအနေကို
စစ်ဆေးမေရင်း ရုတ်တရက်

အဆင့်လွှန်စွမ်းအင်ကျောက်တုံးများကို ထုတ်ယူကာ အရှုးတစ်ယောက်လို စုပ်ယူလိုက်ပါတော့သည်။

သို့သော်လည်း ယန်ယဲ့၏ မျက်လုံးများသည် ရုတ်တရက်ပွင့်လာပြီး ဂူပေါက်ဝဆီသို့ လှမ်းကြည့်လိုက်သည်။ ဂူအဝ၌ လူတစ်ယောက် ရုတ်တရက်ပေါ်လာပြီး ရပ်နေခဲ့၏။

"တကယ်ပဲ မင်းဖြစ်နေတာကိုး!" ထိုလူကို မြင်သည်နှင့် ယန်ယဲ့သည် မျက်လုံးများ သိသိသာသာကို ကျဉ်းမြောင်းသွားတော့သည်။

ဂူအဝင်ဝတွင် ရပ်နေသူက အမျိုးသမီးတစ်ယောက်ပါ။ သူမ၏ခြေထောက်များသည် မြေပြင်နှင့်မထိပေ၊ သူမ၏ခန္ဓာကိုယ်က လေထဲတွင် လွင့်မျောနေပါသည်။ အမျိုးသမီးက အဖြူရောင်ပန်းပွင့်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည်။ ထို့အပြင် နှင်းကဲ့သို့ ဖြူဖွေးသော အသားအရည်နှင့်

ဆောင်းဦးမှစမ်းရေများကဲ့သို့ ကြည်လင်သော မျက်လုံးတစ်စုံကို ပိုင်ဆိုင်ထားသည်။

ဂူအဝင်ဝတွင် ရပ်နေသော သူမ၏အသွင်အပြင်က သဘာဝတရားကနေ ပေါက်ဖွားလာသည့်အလား အခြားသူများနှင့် နှိုင်းယှဉ်လျှင် လုံးဝကို သာလွန်သည်ဟု ခံစားရစေသည်။ မည်သို့ပင်ဖြစ်စေ ယန်ယဲ့ဟာ အမျိုးသမီးကို မြင်တွေ့ပြီးနောက် ချက်ချင်း သတိအပြည့်ဖြစ်နေခဲ့သည်။

မှန်ပါသည်။ အရေးကြီးဆုံးကတော့
အမျိုးသမီးဟာ သိုင်းသူတော်စင်အဆင့် တွင်
ရှိနေခြင်းပါ။

ပိုအရေးကြီးသည့်အချက်မှာ ယန်ယဲ့က
ဤအမျိုးသမီးကို ကောင်းကောင်း
သိနေခြင်းဖြစ်သည်။အမျိုးသမီးက
အခြားသူမဟုတ်ပေ၊
ပန်းနန်းတော်၏တည်ထောင်သူဘိုးဘေး
မုန်ဟန်ရှန်း ပင်တည်း။

"နင်အသက်ရှင်နေဖို့ကို ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး!" မုဟာန်ရှန်းက အေးစက်စက်လေသံဖြင့် ပြောလိုက်လေသည်။ သူမ၏အသံသည် အေးစက်နေကာ လူသတ်လိုစိတ်များ သယ်ဆောင်လာသည်။

ယန်ယဲ့က သူမ၏အပြောကို လျစ်လျူရှုပြီး "ဒါဆိုရင် ငါ မင်းကို စိတ်ပျက်သွားစေမိပြီပေါ့"

မုဟာန်ရှန်းက "နည်းနည်းတော့ စိတ်ပျက်မိတယ်။"

ယန်ယဲ့က မုဟန်ရှန်းကို စိုက်ကြည့်ကာ
"မင်းငါ့ကိုတွေ့ဖို့သက်သက်နဲ့
ဒီကိုလာတာမဖြစ်နိုင်ဘူး။" ထို့အပြင်
မုဟန်ရှန်းက သူ့ကိုသတ်ဖို့
ရောက်လာခြင်းလည်း မဖြစ်နိုင်ပေ။ အကယ်၍
သူမသာ သူ့ကို သတ်ချင်နေပါက
လက်ရှိသူဟာ စကားတစ်ခွန်းပင်
ပြောနိုင်မှာမဟုတ်ပါ။

မုဟန်ရှန်းက ယန်ယဲ့ကို ခဏကြာ
စိုက်ကြည့်ရင်း “ကောင်းကင်နဲ့
မြေကြီးပြိုကျပြီး တိုက်ကြီးတစ်ခုလုံး

ပျက်စီးသွားတယ်။ ဒါဆို နင်က ဘယ်လို အသက်ရှင်ခဲ့တာလဲ"

ယန်ယဲ့က "ငါမသိဘူးလို့ပြောရင် မင်းယုံမှာလား။"

မုဟန်ရှန်းက စကားမပြောသေးဘဲ ယန်ယဲ့ကိုသာ တိတ်တဆိတ် စိုက်ကြည့်နေသည်။

ယန်ယဲ့က ဆက်ပြောလိုက်သည် “အဲဒီနေ့က ငါလည်း ကောင်းကင်တာအိုမျက်လုံးကို

အပိုင်းပိုင်းခွဲပြီးတဲ့နောက်မှာ
သတိလစ်သွားတယ်။"

"နင်က ကောင်းကင်တာအိုမျက်လုံးကို
ဖျက်ဆီးလိုက်တာလား။" မုဟန်ရှန်းက
စကားဖြတ်မေးလိုက်လေသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်၏။

"မဖြစ်နိုင်ဘူး!" မုဟန်ရှန်းက
အသံတိုးတိုးလေးဖြင့်ပြောလိုက်၏။ ငါတောင်
ကောင်းကင်တာအိုမျက်လုံးကို တိုက်ခိုက်ဖို့
ဘယ်တော့မှ အခွင့်အရေး မရှိခဲ့ဘူး။နင်
အဲဒီအချိန်တုန်းက

သိုင်းကျောင်းပဲအဆင့်မှာပဲရှိတော့
နင့်ခွန်အားက ကောင်းကင်က ဘယ်လောက်ပဲ
ဖိဆန်နေပါစေ ဖျက်ဆီးပစ်ဖို့ မဖြစ်နိုင်ဘူး!"

ယန်ယွဲ့က ရုတ်တရက် မတ်တပ်ထရပ်ပြီး
မုဟာန်ရှန်းကို မျက်လုံးချင်းတည့်တည့် ကြည့်
လိုက်သည် "မင်းသိသလား။ အဲဒီနေ့တုန်းက
ဆန်းကြယ် တိုက်ကြီးမှာ ပညာရှင်ဘယ်
လောက်သေခဲ့လဲ မင်းသိလား?
သိုင်းသူတော်စင် ၁,၀၀၀ ကျော် ။ အကုန်လုံးက
သူတို့ကိုယ်သူတို့ ဖောက်ခွဲခဲ့တယ်။ ဒါ့အပြင်
အဲဒီနေ့က တခြား သူတော်စင်တစ်ပိုင်းအဆင့်

သောင်းချီနဲ့ မရေမတွက်နိုင်တဲ့
သိုင်းကျောင်းတွေလည်း သေဆုံးခဲ့ကြတယ်။"

နယ်ခြားမိစ္ဆာများ နှင့် မြင့်မြတ်နယ်မြေသည်
တစ်ချိန်က သူ၏ရန်သူဖြစ်ခဲ့သော်ငြားလည်း
၎င်းတို့၏စွန့်လွှတ်အနစ်နာခံမှု၊
အကြီးအကဲမှုနှင့် အခြားသူများ၏
ကိုယ့်ကိုယ်ကို စတေးခြင်းမဟုတ်ပါက သူသည်
ကောင်းကင်တာအိုမျက်လုံးကို ဖျက်ဆီးဖို့
လုံးဝမဖြစ်နိုင်ပေ။

"ဘယ်လို.....၊ သိုင်းသူတော်စင် ၁,၀၀၀ ကျော်လား?" မုဟန်ရှန်းက မျက်မှောင်ကြုတ်ပြီး "မဖြစ်နိုင်ဘူး။ မူလခရမ်းရောင်စွမ်းအင်မပါဘဲ သိုင်းသူတော်စင်အဆင့် ရောက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး!"

ယန်ယဲ့က "ငါမင်းကိုဘာလို့ လိမ်ရမှာလဲ"

မုဟန်ရှန်းက "ကြည့်ရတာ နင့်မှာ တခြားလျှို့ဝှက်ချက်တွေ ရှိနေသေးပုံပဲ"

ယန်ယဲ့က မုဟန်ရှန်း အနားသို့ လျှောက်လာပြီး တင်ပျဉ်ခွေလျက်ထိုင်လိုက်ကာ "မင်း စကားစမြည်ပြောဖို့ ဒီကို လာခဲ့တာ မဖြစ်နိုင်ဘူး။ မင်းတခုခုလိုအပ်သလား?"

မုဟန်ရှန်းက ရုတ်တရက်မေးလိုက်သည် "အဲဒီနေ့က နင်ဘာလို့ ငါနဲ့မလိုက်ခဲ့တာလဲ!"

ယန်ယဲ့က သူမကို ပြန်ကြည့်ကာ “အဲဒီမှာ ငါကာကွယ်ချင်တဲ့ လူတွေရှိတယ်။ နောက်ဆုံးတော့ သူတို့ကို မကာကွယ်နိုင်ခဲ့ဘူး။

ဒါပေမဲ့ ငါ နောက်မှာကျန်နေခဲ့ပြီး

အကောင်းဆုံးကြိုးစားခဲ့တယ်။”

"နင်သိလား?" မှဟန်ရှန်းက " နင် အဲဒီနေ့က

ငါနဲ့လိုက်ဖို့

ဆုံးဖြတ်ရင် နင့်ကိုငါသတ်ပစ်မယ်!"

ယန်ယဲ့က "ဘာဖြစ်လို့လဲ"

သူက “လူတစ်ယောက်က ပျော့ညံ့

ပြီးရုပ်ဆိုးလို့ရတယ်၊

လုပ်ရည်ကိုင်ရည်မရှိရင်တောင်

အဆင်ပြေသေးတယ်၊ ရသေးတယ်။ ဒါပေမဲ့
ငါတို့လူသားတွေက ကျောရိုး၊ ဂုဏ်သိက္ခာနဲ့
တာဝန်သိစိတ်တွေ လုံးဝမရှိဘူး။
စိတ်သဘောထား၊ ဂုဏ်သိက္ခာ
တာဝန်ယူလိုစိတ်မရှိတဲ့သူတိုင်းကို နှိမ့်ချတယ်။
အဲဒီနေ့မှာ နင့်ကို ငါနဲ့လိုက်ခဲ့ဖို့
တောင်းဆိုတုန်းက ရည်ရွယ်ချက်ကောင်းတွေ
မရှိဘူး။ ဘာကြောင့်လဲဆိုတော့
နင်သာလုပ်ခဲ့ရင် ငါနင့်ကို လိပ်ပြာသန့်သန့်နဲ့
သတ်နိုင်လိမ့်မယ်။ ကံမကောင်းစွာပဲ၊
နင်မလုပ်ခဲ့ဘူး!"

ယန်ယဲ့က မုဟာန်ရှန်းကို စူးစိုက်ကြည့်ကာ "မင်းဘာပြောဖို့ကြိုးစားနေတာလဲ!"

မုဟာန်ရှန်းက "ငါတို့ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ပဲ အေးစက်စက် ဆက်ဆံနေပါစေ ငါတို့နှလုံးသားထဲမှာ တစ်ယောက်နဲ့တစ်ယောက် အရိပ်တစ်ခု ရှိနေတယ်ဆိုတဲ့ အချက်က ပြောင်းလဲလို့မရဘူး။ အဲဒီကလေးမလေးက ငါတို့နှလုံးသားထဲမှာထည့်ထားတဲ့ အနီရောင်ကြိုးမျှင်တွေက

ကောင်းကင်တာအိုရဲ့နိယာမထက်
သာလွန်တယ်။ ဒီတော့ ငါက သူတို့နဲ့
ပတ်သက်ပြီး ဘာမှ မလုပ်နိုင်ဘူး။ ပြီးတော့
အဲဒါက အခုအချိန်အထိ ငါ့ကို
ဒုက္ခပေးနေတုန်းပဲ။ ငါ့ရဲ့ကျင့်ကြံမှုကို
ဘယ်လိုဆက်မတက်နိုင်တော့ဘူး။ ငါ အခု
ဒီကိစ္စကို ဖြေရှင်းဖို့ ဒီကိုလာခဲ့တာ!”

"အဲ့ဒါနဲ့ပတ်သက်ရင်
ငါလည်းဘာမှမတတ်နိုင်ဘူး!" ယန်ယဲ့က
သူမကို စိုက်ကြည့်ကာ
"ငါအမှန်တိုင်းပြောနေတာ!"

“အဲဒီမိန်းကလေးက ဘယ်လိုလဲ” ဟု
မေးလိုက်သည်။

ယန်ယွဲ့က "သူမ တစ်ခုခုဖြစ်ခဲ့လို့ အခုထိ
သူ့ကိုယ်သူ မပြနိုင်သေးဘူး!"

မုဟာန်ရှန်းက ယန်ယွဲ့ကို တိတ်တဆိတ်
စိုက်ကြည့်နေသည်။

ယန်ယွဲ့ကလည်း သူမကိုကြည့်ရင်း "မင်းက
အရမ်းလှတယ်၊ မင်းက အရမ်းသန်မာတယ်

ဆိုတာ ငါငြင်းလို့မရဘူး။ ဒါပေမယ့်
ငါကအရှက်မဲ့စွာ ပြုမူပြီး မင်းနဲ့ လက်တွဲဖို့
ကြိုးစားရလောက်အောင် ငါ
မမိုက်မဲသေးပါဘူးလေ။”

မုဟာန်ရှန်းက "နင် အားနည်းနေသေးရင်
ကိုယ့်ကိုယ်ကို
နှိမ့်ချနေသင့်တယ်!"

ယန်ယဲ့က "မုဟာန်ရှန်း! မင်း ငါ့ရဲ့
အတုအယောင်ပုံစံ ဒါမှမဟုတ်

ငါတို့စကားပြောတဲ့အခါ ငါ့ရဲ့အစစ်အမှန်ကို ငါသုံးတာ ပိုကောင်းမလား"

၁၀၃၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၃၅ - ငါ မင်းတို့နှစ်ယောက်ကို ရအောင်ခေါ်မယ်

မုဟာန်ရှန်းက ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက် နောက်ဆုံးမှ "အခုက

ငါတို့ ကယောင်ချောက်ချား ဖြစ်နေတယ်လို့ ပြောလို့ရတယ်။ ငါ ဒီအခြေအနေမှာ ဆက်မနေချင်ပေမဲ့ နင့်ကိုသတ်လို့လည်း မရဘူး။ ဒါကို ငါတို့ဘယ်လိုလုပ်မလဲ။အလောင်းအစားတစ်ခုလောက် လုပ်ကြမလား။ ငါရှုံးရင် ငါ့ကိုနင်ပိုင်လိမ့်မယ်။ ငါအနိုင်ရရင် နင်သေရမယ်။ အဆင်ပြေလား?"

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး "ငါတို့ အခုလက်ရှိအခြေအနေအတိုင်း ထိန်းထားမယ်။

နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက် မနှောင့်ယှက်ကြရင် ပိုမကောင်းဘူးလား။"

မုဟာန်ရှန်းက "မရဘူး၊ ဒီလိုလုပ်တာက ငါ့ အဆင့်တက်တော့မယ်ကြံတိုင်း ငါ့စိတ်ကို တော်တော်လေး

အနှောင့်အယှက် ဖြစ်စေတယ်။ ဒါဆို ငါတို့နှစ်ယောက်ကြားက ဒီပြဿနာကို ပြေလည်အောင်ဖြေရှင်းရမှာပေါ့။”

ယန်ယဲ့က သူမကို ကြည့်ကာ "ပြောကြည့်လေ။ ဘာလောင်းကြေးလဲ။"

မုဟာန်ရှန်းက “နင့်ကို ၂ နှစ် အချိန်ပေးမယ်။ ငါ့ကိုလာရှာပြီး အနိုင်ယူပါ။ နင့်ဘေးနားကနေ လိုက်ခဲ့မယ်!"

ယန်ယဲ့က ချက်ချင်း ခေါင်းယမ်းလိုက်သည်။

သူမက "နင်ပြောင်းတာလား"

"ငါပြောင်းတယ်!" ယန်ယဲ့က မုဟာန်ရှန်းကို မျက်လုံးတွေတွေနှင့် စိုက်ကြည့်ပြီး “ခြိမ်းခြောက်တာ ဒါမှမဟုတ်

အတင်းအကြပ်လုပ်တာကို မကြိုက်ဘူး။
ဒါ့အပြင် ငါတို့ကြားမှာ ဘာခံစားချက်မှမရှိဘူး။
ငါတို့ကို ချည်နှောင်ထားတဲ့ တစ်ခုတည်းသော
အရာက အဲဒီ အနီရောင် ကြိုးလေးပဲလေ။ ဒါကို
အတူတူရှိဖို့ အတင်းအကြပ်လုပ်တာက
အဓိပ္ပါယ်မဲ့တယ်!”

မုဟာန်ရှန်းက "နင်
ငါ့ကိုသေချာပေါက်အနိုင်ယူနိုင်မှာပါ"
ဟုပြောလိုက်သည်။

ယန်ယဲ့က "အဲဒီအနီရောင်ကြိုးကြောင့် ဖြစ်ရတဲ့ ပြဿနာကို ဖြေရှင်းချင်တယ်ဆိုရင်တော့ ပြဿနာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပြဿနာကို ငါကိုယ်တိုင်လည်း ဖြေရှင်းချင်တာပါ။ ငါ့ကိုအချိန်တစ်ခုပေးပါ။ ဒီပြဿနာကို ဖြေရှင်းဖို့ ၂ နှစ်တောင် အချိန်ယူရမှာ မဟုတ်ဘူး။"

မုဟာန်ရှန်းက ရုတ်တရက် "ငါက နင်နဲ့ မထိုက်တန်ဘူးလား"

ယန်ယဲ့က အံ့သြသွားပြီး “ဒါဆို မင်းငါ့ကို ချစ်လား” ဟုမေးလိုက်၏။

"နင်ဘယ်လိုထင်လဲ?"

"မင်းငါ့ကိုသေစေချင်တာတော့ ငါသိတယ်!"

မုဟာန်ရှန်းက "တကယ်တော့ နင့်ကို ငါတကယ်လေးစားတယ်။ နင်က အရာရာမှာပြတ်ပြတ်သားသားနဲ့ တကယ်ရက်စက်တယ်။ ကံမကောင်းစွာပဲ နင်က အရမ်းအားနည်းနေတယ်!”

"ဒါဆို မင်းက နှစ်ဘယ်လောက်ကျင့်ကြံတာလဲ။
ယန်ယွဲ့က ဆက်ပြောခဲ့သည် "ပြီးတော့ ငါက
ဘယ်နှစ်နှစ်ရှိပြီလဲ။”

မုဟာန်ရှန်းက ပါးစပ်ထောင့်များ အနည်းငယ်
လှုပ်ယမ်းသွားပြီး ချက်ချင်း
စကားပြန်မပြောနိုင်ပေ။

ယန်ယွဲ့က “တကယ်တော့ အချင်းချင်းသတ်ဖို့
မလိုအပ်ပါဘူး။ ချစ်သူတွေမဖြစ်နိုင်ရင်တောင်
ငါတို့ကမိတ်ဆွေဖြစ်နေတုန်းပဲမဟုတ်လား”

ယန်ယဲ့သည် လူမိုက်မဟုတ်ချေ။ အကယ်၍
သူသည် သိုင်းသူတော်စင် တစ်ယောက် နှင့်
မိတ်ဆွေဖြစ်ခွင့်ရှိလျှင် အရူးမှသာ
ငြင်းဆန်မည်ဟု သူခံစားမိသည်။

"မိတ်ဆွေတွေလား?" မုဟန်ရှန်းက အနည်းငယ်
အံ့အားသင့်သွားသည်။ သူမအနေဖြင့်
ယန်ယဲ့ဟာ ထိုစကားမျိုးပြောလာမည်ဟု
တစ်ခါမျှ မထင်ထားပေ။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "အနာဂတ်မှာ
ဘာဖြစ်လာမလဲ၊ သဘာဝတရားကို

သူ့လမ်းကြောင်းအတိုင်းပဲ
သွားခွင့်ပြုလိုက်ကြရအောင်။ ကောင်းပြီလား။
အတင်းအကြပ် ခိုင်းစေတာက အခြေအနေကို
ပိုရှုပ်ထွေးစေတယ်ဆိုတာ မင်းလည်း
သတိပြုမိသင့်တယ်။”

မှုဟန်ရှန်းကရုတ်တရက်ပြောလိုက်သည်၊
"မိတ်ဆွေတွေဆိုတော့ တစ်ယောက်ကလိုအပ်
ရင် တစ်ယောက်က အကူညီ၊ လက်ဆောင်တွေ
ပေးရမယ်မဟုတ်လား"

ယန်ယဲ့က "ဟုတ်ပါတယ်!"

မုဟာန်ရှန်းက ခေါင်းညိတ်ပြီး "ကောင်းပြီ ဒါဆို အခုပဲ မိတ်ဆွေ ဖြစ်လိုက်ရအောင်!"

ယန်ယဲ့က ဝမ်းသာအားရနဲ့ “ငါတို့က မိတ်ဆွေတွေဆိုတော့ ငါမထိန်းထားတော့ဘူး။ ကြည့်ပါ၊ တာအိုအမိန့်တော်က ငါ့ကို လွှတ်ထားဖို့ ငြင်းဆန်တယ် မဟုတ်လား…”

"မကူညီနိုင်ဘူး!" မုဟာန်ရှန်းက စကားဖြတ်ပြောလိုပ်လေသည်။ "ငါနင့်ကို လက်တစ်ဖက်ငှားလိုက်ရင်

သိုင်းသူတော်စင်တွေ စေလွှတ်လိမ့်မယ်။ ဒီလိုဖြစ်နေသရွေ့ တခြား သိုင်းသူတော်စင် ၃ ယောက်လောက် နင့်ကို အချိန်တိုင်း မကာကွယ်ထားဘူးဆိုရင် နင်သေမှာသေချာတယ်။ အခုဆိုရင် နင်နဲ့ တာအိုအမိန့်တော်ကြားက ပဋိပက္ခက လူငယ်မျိုးဆက်တွေရဲ့ တိုက်ပွဲလို့ပဲယူဆနိုင်တယ်။ နှစ်ဖက်လုံးက သိုင်းသူတော်စင်တွေကို စေလွှတ်မှာမဟုတ်ဘူး။ ဒါဆိုရင် အခုလက်ရှိ နင့်အတွက် ပိုအကျိုးရှိသွားပြီ!"

ယန်ယဲ့က အကူအညီမဲ့စွာ ရယ်မောရင်း "ငါ့အခြေအနေ တော်တော်ဆိုးနေတာကို မင်းသတိထားမိမှာ သေချာတယ်။ မင်းငါ့ကို အဆင့်လွန် စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀ လောက် ချေးပေးမလား။"

ယန်ယဲ့၏ စကားပင်မဆုံးသေး၊ သူ့ရှေ့တွင် အဆင့်လွန် စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀ အပြည့်ပါသည့် သိုလှောင်လက်စွပ်တစ်ကွင်း ပေါ်လာသည်ကို သူမြင်လိုက်ရသည်။

မုဟာန်ရှန်းက ရုတ်တရက် ပြောသည်။ "အခု ငါတို့က မိတ်ဆွေတွေလား”

ယန်ယဲ့သည် အနည်းငယ်လက်ဗလာဖြင့် ခေါင်းညိတ်လိုက်ပြီး၊ "ဒီမိန်းမကို ဆွဲဆောင်ဖို့ သိပ်မလွယ်ပါလား။"

မုဟာန်ရှန်းက ဆက်ပြောပြန်သည် "ငါ့ကို ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့ ခန်းမသခင်က သူ့သားနဲ့ စေ့စပ်ပေးထားတယ်။ မထင်မှတ်တာတစ်ခုခုဖြစ်မလာရင် အခုကစလို့ နောက် ၂ နှစ်ကြာရင် လက်ထပ်တော့မှာ။

ဒါပေမဲ့ ငါ အိမ်ထောင်မပြုချင်ဘူး။ ဒါကြောင့် အခုကစပြီး နောက် ၂ နှစ်လောက်မှာ နင်ငါ့ကို ကယ်တင်နိုင်လိမ့်မယ်လို့ ငါမျှော်လင့်တယ်။မိတ်ဆွေတစ်ယောက်အနေနဲ့ ဒီလိုအသေးအဖွဲ့ကိစ္စတွေကို နင်ငြင်းမှာမဟုတ်ဘူး၊ ဟုတ်တယ်မလား!”

"ချီးပဲ....၊ ငါအလိမ်ခံရပြီ! ယန်ယွဲ့၏မျက်နှာသည် ချက်ချင်းပင် အရောင်အသွေးစုံအောင်ပြောင်းသွားလေသည် ။

မုဟာန်ရှန်းက ဆက်ပြောလေသည် “ဒါက တော်တော်ခက်ခဲတယ်ဆိုတာ ငါသိပါတယ်။ နောက်ဆုံးတော့ ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့ ခန်းမသခင်က အဆင့်မြင့် သိုင်းသူတော်စင်၊ သူ့သားက အကြိုသိုင်းသူတော်စင် လို့ခေါ်တဲ့ အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့် ပဲ။ ဒါပေမဲ့ ဒါက ယန်ယဲ့ လို့ခေါ်တဲ့ နင့်အတွက် မခက်ခဲသင့်ဘူး မဟုတ်လား။”

ယန်ယဲ့သည် မုဟန်ရှန်း ပြောလိုက်သော စကားကြောင့် အတော်လေးကို ဆွံ့အသွားပါသည်။

"နင့်မျက်နှာက ဘာလို့ဒီလောက်ဆိုးနေရတာလဲ" သူမက ဆက်ပြောလိုက်သည်။ “နင် မလိုလားဘူး မဟုတ်လား? မိတ်ဆွေတွေက အချင်းချင်း ကူညီသင့်တယ်လို့ နင်ကိုယ်တိုင်ပြောခဲ့တာ။"

ယန်ယဲ့သည် စကားပြန်မပြောသေးဘဲ အချိန်တော်တော်ကြာသည်ထိ

တိတ်ဆိတ်နေခဲ့သည်။ " ငါ သူမကို
ငြင်းသင့်လား? မဟုတ်သေးဘူး၊
ငါငြင်းလို့မရဘူး။" မှန်ပါသည် သူက
မုဟာန်ရှန်းကို မိတ်ဆွေအချင်းချင်း
ကူညီသင့်သည်ဟု ပြောခဲ့သည်။ ထို့အပြင်
မုဟာန်ရှန်းက တစ်ချက်မျှမတွန့်ဆုတ်ဘဲ
အဆင့်လွန် စွမ်းအင်ကျောက်တုံးများကို
ထုတ်ယူခဲ့၏။ အကယ်၍ သူက
မုဟာန်ရှန်းကိုမငြင်းဘဲ ကူညီလျှင်ကော...?
ဒီအချိန်မှာ သူက အားနည်းနေသေးသည့်အပြင်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏အင်အားကို
လည်း အတိအကျမသိခဲ့ပေ။

ယန်ယဲ့က မုဟန်ရှန်းကို စိုက်ကြည့်လိုက်ပြီး "မင်းက အလေးအနက်ထားပြောနေတာလား ဒါမှမဟုတ် ငါ့ကို လှည့်စားနေတာလား။"

"ငါနင့်ကိုအလေးအနက်ပြောနေတယ်!" သူမက ဆက်ပြောပြန်သည် "ဟုတ်တယ်၊ ငါ့အပြင် သူက နင့်ရဲ့ချစ်သူလေးကို လက်ထပ်ချင်တယ်လို့ ပြောဖို့မေ့သွားတယ်။ တစ်နည်းအားဖြင့် သူက အန်နန်ကျင်း ကိုပါ လိုချင်နေတယ်လေ!"

"နန်ကျင်း..." ယန်ယဲ့၏အမူအရာသည် အနည်းငယ်ပြောင်းလဲသွားပြီး "သူမက အခု ကောင်းကင်ဘုံနတ်ဘုရားခန်းမ မှာလား" ဟုမေးလိုက်ပါသည်။

မုဟာန်ရှန်းက ခေါင်းညိတ်ပြီး ပြောသည် "သူမ ရှိတယ်။ ဒါပေမဲ့ ခန်းမသခင်ရဲ့သားက သူမကို သဘောကျနေလို့ ချုပ်ထားတယ်။ ဒါပေမဲ့ စိတ်မပူပါနဲ့၊ သူမကို လောလောဆယ် ငါ့တပည့်လို့ သတ်မှတ်ခံထားရတယ်။ သူမ ငါ့အကာအကွယ်အောက်မှာ ရှိနေတဲ့အချိန်က အဆင်ပြေမှာပါ။ ဒါပေမဲ့ ခန်းမသခင်ရဲ့သား

ဖြစ်သူ သိုင်းသူတော်စင် ဖြစ်သွားရင်တော့ သူမကာကွယ်ပေးဖို့မပြောနဲ့၊ ငါ့ကိုယ်ငါတောင် ကာကွယ်နိုင်မှာမဟုတ်ဘူး။"

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး "အခုကစလို့ ၂ နှစ်…. မဟုတ်သေး၊ ၁ နှစ်။ မဟုတ်ဘူး၊ အနည်းဆုံး ၁
နှစ်ခွဲလောက်ပဲ ကြာမယ်။ ဒီ ၁ နှစ်ခွဲအတွင်းမှာ မင်းတို့နှစ်ယောက်လုံးကို ငါလာခေါ်မယ်!"

မှုဟာန်ရှန်းက
"ကောင်းကင်ဘုံနတ်ဘုရားခန်းမမှာ

သိုင်းသူတော်စင်

တစ်ယောက်ထက်မကဘူးနော်။"

"သိုင်းသူတော်စင် အယောက် ၁၀၀၀

ရှိရင်တောင် မင်းတို့နှစ်ယောက်လုံးကို

အဲဒီကနေ ခေါ်ထုတ်မယ်!"

မုဟာန်ရှန်းက "သူတို့ ခွင့်ပြုမှာမဟုတ်ဘူး!"

"ဒါဆို ငါ သူတို့ကို သတ်မယ်!"

မုဟာန်ရှန်းက ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်ရင်း “နင်သိလား…. နင့်ရဲ့ ယုံကြည်မှုနဲ့ မာနက တကယ်ကို ဆွဲဆောင်မှုရှိတယ်။ နင်က အခု ချီးမြှောက်ခြင်းနယ်ပယ်မှာရှိလို့ တော်တော်ရုပ်ဆိုးရင်တောင်!"

"နန်ကျင်း အဆင်ပြေရဲ့လား" ယန်ယဲ့က မေးလိုက်သည်။ ဤအခိုက်အတန့်တွင် သူသည် မုဟာန်ရှန်း နှင့် ပရော်ပရီလုပ်ဖို့ စိတ်မဝင်စားပေ။

မုဟာန်ရှန်းက "သူမက

သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်နေပြီ၊ သူမရဲ့

သဘာဝစွမ်းရည်နဲ့ စွမ်းအားတွေက

ခန်းမသခင်ရဲ့သားထက်တောင်

သာနေသေးတယ်။"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး “မင်းပြန်သွားပြီး

မကြာခင်မှာ ငါယန်ယဲ့သူ့ဆီလာမယ်လို့

ပြောလိုက်။ သိပ်ကြာမှာမဟုတ်ဘူး!”

"ငါပြောလိုက်ပါ့မယ်!" မုဟာန်ရှန်းက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး "နင်သူ့ရဲ့

ခွန်အားတွေအကြောင်း
မေးမှာမဟုတ်ဘူးလား။"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
"အခိပ္ပါယ်မရှိတော့ဘူး။ ဘယ်လောက်ပဲ
အစွမ်းထက်ထက် ဒါမှမဟုတ် သူ့ရဲ့
ပင်ကိုယ်စွမ်းရည်က ဘယ်လောက်ပဲ
ကြီးကြီးမားမား ဖြစ်နေပါစေ ငါအန်နန်ကျင်းကို
ရအောင်ပြန်ယူရမယ်။ အိုး၊ မင်းကရော!"

မုဟာန်ရှန်းသည် ယန်ယဲ့ကို ခဏလောက်
စိုက်ကြည့်ပြီးနောက် ရုတ်တရက် သူ့ဆီ

လှမ်းလာပြီး “အခုမှ နင့်ကို  ပိုလို့တောင်
သဘောကျလာတာကို ငါ သတိထားမိတယ်!”

ယန်ယဲ့က "ဒါဆိုဘာလဲ?"

မုဟာန်ရှန်းက လက်ကို ဆန့်ထုတ်လိုက်ရာ
ယန်ယဲ့၏

အမူအရာသည် ချက်ချင်းပြောင်းလဲသွားသည်။
အဘယ်ကြောင့်ဆိုသော် သူသည်
အမှန်တကယ် မလှုပ်ရှားနိုင်တော့သည်ကို
သတိပြုမိပြီး မုဟာန်ရှန်း၏ လက်က

သူ့မျက်နှာကို
ထိကိုင်လိုက်သည်အားကြည့်နေရုံသာ။

"သိုင်းသူတော်စင်...."
"ဒါက သိုင်းသူတော်စင်တစ်ယောက်ရဲ့
ခွန်အားပဲ။"

ဤအခိုက်တွင် သူက
သိုင်းသူတော်သက်တစ်ယောက်ကို
ပြန်လည်တိုက်ခိုက်ဖို့ ခွန်အားပင်မရှိပေ။

မုဟာန်ရှုန်းက ဖြူသွယ်သောလက်ကလေးဖြင့်
ယန်ယဲ့၏မျက်နှာကို ပွတ်သပ်လိုက်သည်။
အချိန်အတော်ကြာသည့်နောက် သူမက
ရုတ်တရက် မျက်မှောင်ကြုတ်ပြီး “နင့်ရဲ့
ခန္ဓာကိုယ်သွေးကြောတွေမှာ တစ်ခုခုမှားနေပြီ၊
ဒီဒဏ်ရာတွေက သာမန်စွမ်းအားမှုမဟုတ်တာ။
ဒါ…ဒါက ဥပဒေသတွေရဲ့စွမ်းအင်ပဲ…”
အချိန်အတော်ကြာအောင် စစ်ဆေးနေပြီး
သူမလက်ကို ပြန်ရုတ်လိုက်ကာ
“လူတစ်ယောက်က လုပ်လိုက်တာ။
တစ်ယောက်ယောက်က နင့်ကို
ဒုက္ခပေးချင်နေတာ!"

၁၀၃၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၃၆ - အလယ်အလတ်

သူတော်စင်တစ်ပိုင်းအဆင့် ရုပ်ခန္ဓာ

" တစ်စုံတစ်ယောက်က လုပ်ခဲ့တာလား။"

ယန်ယဲ့၏ မျက်လုံးများသည် အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ မူလက

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို

အသုံးပြုခဲ့သဖြင့် သူ့ခန္ဓာကိုယ်သွေးကြောများ
အက်ကွဲသွားသည်ဟုသာ ထင်ခဲ့၏။
ယခုအချိန်တွင်တော့ ထိုသို့ဟုတ်ပုံမရပေ။

“ဒီဥပဒေသက ဘာလဲဆိုတာ ငါအသိပေမဲ့
အဲဒါက အရမ်းပြင်းထန်တယ်ဆိုတာ
သံသယမရှိဘူး။ ငါမြင်ဖူးသမျှထဲမှာ
အသန်မာဆုံးလို့တောင် ပြောလို့ရတယ်။
ဘယ်သူကများ နင့်ကို ဒီလိုလုပ်ခဲ့တာပါလိမ့်။
ခဏနေ။ အဲဒီလူရဲ့ခွန်အားနဲ့ဆို သူက နင့်ကို
အကြိမ်ပေါင်း မရေမတွက်နိုင်အောင် နှိပ်စက်ဖို့
လုံလောက်တယ်!" မုဟာန်ရှုန်းပင်

စကားပြောနေရင်း မျက်ခုံးများသည်
တင်းကျပ်စွာ တွဲကျနေသည်။

ယန်ယဲ့သည် ထိုအချိန်က ဖြစ်ပျက်ခဲ့သည့်
အဖြစ်အပျက်များကို ပြန်မှတ်မိဖို့ ကြိုးစားရင်း
ငြိမ်သက်သွားသည်။ ကံမကောင်းစွာပဲ
သူ့စိတ်က ဘယ်အရာကိုမှ မမှတ်မိပေ။
မမြက်နိုင်သော တစ်စုံတစ်ရာက သူ့အား
တွန်းထုတ်နေသလိုမျိုး ခံစားရသည်ကိုသာ
မှတ်မိလိုက်၏။

"တစ်စုံတစ်ယောက်က ငါ့ကို လှို့ဝှက်ကူညီနိုင်ပါ့မလား။ " ယန်ယဲ့လည်း မျက်မှောင်ကြုတ်ကာ အခြေအနေက မရိုးရှင်းနိုင် တော့သည်ကို သူသတိပြုမိသည်။

မုဟန်ရှန်းက " နင်ဒီလိုအခြေအနေမျိုးနဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမကို ရောက်လာရင် နင်သေသွားလိမ့်မယ်!"

ယန်ယဲ့သည် ထိုအကြောင်းကို ဆက်တွေးမနေဘဲ ရပ်လိုက်ပြီး "ငါ့ရဲ့ခန္ဓာကိုယ်သွေးကြော တွေကို

ငါဖြေရှင်းလိုက်မယ်၊ တတ်နိုင်သမျှ ငါ့ခွန်အားတွေ ပြန်ရလာမှာပါ။ ငါ့ကိုယုံပါ၊ ငါမင်းတို့နှစ်ယောက်အတွက် မကြာခင်လာခဲ့မယ်!"

မုဟာန်ရှန်းက ယန်ယဲ့အား အချိန်အကြာကြီး စိုက်ကြည့်ရင်း "ထင်းရှူးစီရင်စုက တကယ်ကိုကျယ်ပြန့်လွန်းတယ်၊ စီရင်စုတစ်ခုလုံးကို အကန့်အသတ်မရှိကြီးမားတယ်လို့ ပြောရင်တောင် လွန်ရာမကျဘူး။ ပြီးတော့ ထင်းရှူးစီရင်စုကို တောင်နဲ့ မြောက်

ပိုင်းခြားထားတယ်။ မြောက်ပိုင်းဒေသက
ရှေးဟောင်းဓားကျောင်းတော် နဲ့
တာအိုအမိန့်တော်ရဲ့ပိုင်နက်ပဲ။
တောင်ပိုင်းဒေသကတော့ အဆုံးမဲ့နတ်ဆိုးဂိုဏ်း
နဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမ
ရဲ့နယ်မြေဆိုပြီး သတ်မှတ်ထားတယ်။ နင်က
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို လာဖို့
စိတ်ကူးထားရင် တောင်ပိုင်းဒေသကို
ခရီးထွက်ရမယ်”

ဤအထိစကားပြောပြီးသည်နှင့် မုဟန်ရှန်းက
ခဏတာ ရပ်လိုက်ပြီး “နင့်ရဲ့ကိုယ်ပိုင်ခွန်အားနဲ့

ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
တိုက်ခိုက်ဖို့ဆိုတာ သံသယဖြစ်စရာ
အိပ်မက်တစ်ခုလိုပဲ။ ဒါကြောင့် နင်က
ရှေးဟောင်းဓားကျောင်းတော်ကို
အားကိုးနိုင်ရင် အကောင်းဆုံးပါပဲ။
ရှေးဟောင်းဓားကျောင်းတော်က
ကောင်းကင်ဘုံနတ်ဘုရားခန်းမထက်
နည်းနည်းလေးသာ အားနည်းတာ။
တကယ့်တကယ်ကျ သိပ်ပြီးကွာခြားမှုမရှိဘူး။
နင်က
ရှေးဟောင်းဓားကျောင်းတော်ရဲ့အကူအညီကို

ယူနိုင်ရင် ငါနဲ့ အန်နန်ကျင်း နှစ်ယောက်စလုံးကို ယူဖို့အခွင့်အရေးရလိမ့်မယ်!”

ယန်ယဲ့က သက်ပြင်းချကာ "အခု ငါက ရှေးဟောင်းဓားကျောင်းတော်ရဲ့ တပည့်တစ်ယောက်မဟုတ်ဘူး"

"ဒါဆို ဖြစ်အောင်လုပ်!" မုဟန်ရှန်းက ဆက်ပြောသည်။ “ဒါ့အပြင် နင်က တာအိုအမိန့်တော်ကို လျှော့မတွက်ပါနဲ့။ တာအိုအမိန့်တော်က ရောင်စဉ်ဖြာဒေသမှာ နှစ်ထောင်နဲ့ချီတည်ရှိလာတဲ့

ပလက်တီနမ်အဆင့် မဟာဂိုဏ်းတစ်ခုပဲလေ။ သူတို့ရဲ့အရင်းအမြစ်တွေ၊ အရန်တွေ၊ လျှို့ဝှက်အင်အားတွေက နင်နားမလည်နိုင်တဲ့ အရာလို့ပြောနိုင်တယ်။ ဒီမတိုင်ခင်က နင်သတ်ခဲ့တဲ့ အပေါင်းအပါတွေကို တာအိုအမိန့်တော်မှာ ဘယ်သူမှ မရှိဘူးလို့ပဲ သတ်မှတ်လို့ရတယ်။"

" ဘယ်သူမှမရှိဘူးလို့ သတ်မှတ်ရမှာလား " ယန်ယဲ့၏ မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွားပြီး " တာအိုအမိန့်တော်က ငါနဲ့ ကစားနေတာလို့ မင်းပြောနေတာလား။"

မုဟာန်ရှန်းက ခေါင်းယမ်းလိုက်သည် “သူတို့က နင့်ရဲ့ခွန်အားကို လျှော့တွက်ထားတာ။ တကယ်တော့ နင်ကချီးမြှောက်ခြင်းနယ်ပယ်မှာပဲ ရှိနေတဲ့အပြင် ဓားစိတ်ဆန္ဒတောင် မပိုင်ဆိုင်ထားဘူးလေ။ ဒီတော့ သူတို့က နင့်ကို အလေးအနက်မထားဘူး။ ဒါပေမဲ့ နင်က သိုင်းပညာနှလုံးသားမြို့တော်က တိုက်ပွဲမှာ နင့်ရဲ့ခွန်အားကို ထုတ်ဖော်ခဲ့တယ်။ ဒီတော့ သူတို့က နင်ကို လျှော့တွက်မှာမဟုတ်တော့ဘူး။ နင့်ဆီကို နောက်ထပ်ရောက်လာမဲ့ တပည့်က

တာအိုအမိန့်တော်ရဲ့ အထက်တန်းစားတွေပဲ ဖြစ်တော့မှာ သေချာတယ်!”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "ငါ့ပြိုင်ဖက်တွေကို ငါဘယ်တော့မှလျှော့တွက်မှာ မဟုတ်ဘူး!"

သူမက ခေါင်းညိတ်ပြီး “ဒါက အကောင်းဆုံးပဲ။ နောက်ဆုံးတော့ ပညာရှင်တွေ၊ ပါရမီရှင်တွေ တော်တော်များများက သူတို့ရဲ့ပြိုင်ဖက်တွေကို မထီမဲ့မြင်ပြုလို့ သေခဲ့ကြတယ်။”

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည်၊
"ငရဲဧကရီ၊ တင်းရှောက်ယောင် နဲ့ တခြား
သူတွေ ဘယ်မှာလဲ မင်းသိလား"

မုဟာန်ရှန်းက ယန်ယဲ့ကို စိုက်ကြည့်ကာ
ငြိမ်သွားသည်။

ယန်ယဲ့က သူ့လက်သီးနှစ်ဖက်ကို ဖြည်းညှင်းစွာ
ဆုပ်ကိုင်လိုက်ပြီး "သူတို့ တစ်ခုခု
ဖြစ်သွားပြီလား။"

မုဟာန်ရှန်းက ခေါင်းခါလိုက်ပြီး "မဟုတ်ဘူး၊ ဒါပဲ…. နင် ငါတို့ကို ကောင်းကင်ဘုံနတ်ဘုရားခန်းမကနေ ခေါ်ထုတ်ဖို့ ခွန်အားရှိတဲ့အခါ ငါပြောပြမယ်!"

ယန်ယွဲ့၏ မျက်ခုံးများကို တင်းတင်းကျပ်ကျပ် ချည်နှောင်ထားသော်လည်း ၎င်းအကြောင်းကို ဆက်မမေးခဲ့ပေ။ ထိုနေ့တွင် ကောင်းကင်ပြင်ပမှ ခေါ်ယူသွားသော ပါရမီရှင်များ၏ အခြေအနေဟာ အလွန်ဆိုးရွားနေမှာကို သူ့သိတ်ထဲ အလိုလိုခံစားမိနေသည်။

" ငါ့ခွန်အား! ငါ ခွန်အားပြန်ယူရမယ်...."
ယန်ယဲ့ကအသက်ပြင်းပြင်းရှူလိုက်သည်။
ဒီအချိန်မှာ သူက တတ်နိုင်သမျှ အမြန်ဆုံး
ပြန်ကောင်းလာမှဖြစ်မည်ကို
ကောင်းစွာသိသဘောပေါက်ထား၏။

ထို့အပြင် သူ၏ဒဏ်ရာများ
ပြန်လည်ကောင်းမွန်လာရုံသာမကဘဲ
သူတော်စင်တစ်ပိုင်းအဆင့် သို့မဟုတ်
သိုင်းသူတော်စင်အဆင့်ကို အမြန်ဆုံး
တက်လှမ်းဖို့လိုအပ်ပါသည်။

အတိတ်တွင် အကြီးအကဲမူ၊ အဘိုးအိုလုယန်
နှင့် အခြားလူများက သူ့ကိုကာကွယ်ဖို့
ရှိခဲ့သော်လည်း ယခုအချိန်မှာတော့
သူ့ကိုယ်သူသာ အားကိုးနိုင်သည် ။

“အမြန်ဆုံး လာခဲ့ပါ။ မဟုတ်ရင် နင့်မိန်းမက
တခြားသူနဲ့ သက်ဆိုင်လိမ့်မယ်!" မုဟာန်ရှန်းက
စကားပြောလိုက်ရင်း သူမ၏ပုံရိပ်က
လေထဲတွင်ပင် ပျောက်ကွယ်သွားခဲ့ပါသည်။

"ငါက အရမ်းအားနည်းနေသေးတယ်။
ငါ့ခွန်အားကိုမြှင့်တင်ရမယ်၊ ပြီးတော့ ငါ့ရဲ့

ကောင်းကင်အဆင့် ၃ ခားစိတ်ဆန္ဒကို ပြန်ယူပြီး
သိုင်းသူတော်စင်အဆင့်ကို
အမြန်ဆုံးတက်ထားမှ ရတော့မယ်။"
ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး
မြေပြင်ပေါ်တင်ပျဉ်ခွေလျက်ထိုင်ချကာ
အဆင့်လွန်စွမ်းအင်ကျောက်တုံးများစွာကို
သူ့ရှေ့တွင် စုပုံလိုက်၏။ ထို့နောက်တွင် သူက
အရှူးတစ်ယောက်လိုမျိုး အဆင့်လွန်
စွမ်းအင်ကျောက်တုံးများကို
စတင်စုပ်ယူပါတော့သည်။ ဒီအချိန်မှာ
သူ့လက်ထဲ အဆင့်လွန် စွမ်းအင်ကျောက်တုံး
၄၀၀,၀၀၀ လောက်ရှိနေပါသည်။ ထိုပမာဏက

သူ၏ရုပ်ခန္ဓာကို ပြီးပြည့်စုံသောအဆင့်
ပြန်ရောက်ရန် လိုလောက်ပါသည်။

သို့သော်လည်း ယန်ယဲ့သည် သူ၏ကျင့်ကြံမှုနှင့်
ပတ်သက်၍တော့ အတင်းအကြပ်မလုပ်ဘဲ
ပုံမှန်အတိုင်းသာ ဆက်သွားဖို့
ဆုံးဖြတ်ထားသည်။ တစ်နည်းပြောရသော်
သူခွန်အားကို အတိုင်းအတာတစ်ခုအထိ
စုဆောင်းထားမည့်အစား တစ်ဆင့်ပြီးတစ်ဆင့်
မြင့်တက်သွားအောင် လုပ်ဆောင်နေခြင်းပါ။

ယခုအချိန်တွင် သူ၏ အဓိက ရည်ရွယ်ချက်က
ရုပ်ခန္ဓာခွန်အားကို အဆက်မပြတ်

မြှင့်တင်ရန်သာ ဖြစ်သည်။ အကြောင်းမှာ ထိုမှသာလျှင် သူ၏ တိုက်ခိုက်ခိုက်ရေးစွမ်းအားက ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို ပို၍ အသုံးပြုနိုင်ပါလိမ့်မည်။

ထိုသို့မဟုတ်လျှင် ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ကို ထုတ်သုံးလိုက်တိုင်း သူ့ခန္ဓာကိုယ်က အပြင်းအထန် ဒဏ်ရာရနေပါလိမ့်မည်။

မှန်ပါသည်။ သူ၏ရုပ်ခန္ဓာကို
မြှင့်တင်ပေးဖို့သာမကဘဲ
ဆန်းကြယ်ရွှေချိကန်ကိုပါ
ရုပ်လုံးပေါ်လာအောင်လုပ်ဖို့ဖြစ်သည်။

ယန်ယဲ့သည် အဆင့်လွန် စွမ်းအင်ကျောက်တုံး
ထောင်ချီကို အဆက်မပြတ်
မျိုချလိုက်သည်နှင့်အမျှ စွမ်းအင်သည်
ခရမ်းရောင်ဆန်းကြယ်ချိစွမ်းအင်အဖြစ်
အဆုံးမသတ်ဘဲ စွမ်းအင်စီးကြောင်း
နှစ်ခုအဖြစ် ခွဲထွက်သွားခဲ့သည်။ တစ်ခုက
သူ့ခန္ဓာကိုယ်ကို အဆက်မပြတ်

ပြုပြင်ပေးနေပြီး သူ့ခန္ဓာကိုယ်အနှံ့
အက်ကွဲနေနေသော သွေးကြောများကို
ကုသပေးနေသည်။
အခြားစွမ်းအင်စီးကြောင်းအတွက်မူ ၎င်းကို
ဆန်းကြယ်ရွှေချိကန် ပုံရိပ်ကလေးမှ
တိုက်ရိုက်စုပ်ယူသွားခဲ့သည်။

ဤအတိုင်းပင် အချိန်များ တဖြည်းဖြည်း
ကုန်ဆုံးလာပြီး ယန်ယွဲ့ရှေ့က အဆင့်လွန်
စွမ်းအင်ကျောက်တုံး အပုံကြီးလည်း
လျော့ကျလာပါသည်။ နဂိုရှိရင်းစွဲ အဆင့်လွန်

စွမ်းအင်ကျောက်တုံး ၄၀၀,၀၀၀ ဟာ ယခု ၃၀၀,၀၀၀ လောက်သာ ကျန်တော့၏။

အမှန်စင်စစ် အဆင့်လွန် စွမ်းအင်ကျောက်တုံး ၄၀၀,၀၀၀ ဟူသော ပမာဏက မော်တယ်အဆင့်တစ်ယောက်ကို သူတော်စင်တစ်ပိုင်းအဆင့် သို့ ရောက်ရှိအောင် ကျင့်ကြံဖို့လုံလောက်ပေသည်။ သို့သော်လည်း ယန်ယဲ့အတွက်က မဖြစ်စလောက်ကလေးသာရှိသေး၏။ အဆင့်လွန်စွမ်းအင်ကျောက်တုံးများကို ပုံမှန်အတိုင်းပြောင်းလဲပါက

ဆန်းကြယ်ချီစွမ်းအင်ကြိုးမျှင် ၁၀၀ ခန့် ပြောင်းနိုင်သည်။ သို့ရာတွင် ယန်ယဲ့၏ ခန္ဓာကိုယ်ထဲက ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင် အဖြစ် ပြောင်းလဲပြီးနောက် စွမ်းအင်ကြိုးမျှင် ၁၀ ခုလောက်သာ ကျန်ခဲ့၏။

ထိုသို့ဖြစ်ရခြင်းမှာ ယန်ယဲ့၏ ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်က အလွန် သန့်စင်ပြီး အညစ်အကြေး ကင်းစင်သောကြောင့် ဖြစ်သည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် အချိန် ၂ ရက်က ထပ်မံကုန်ဆုံးသွားပါတော့သည်။ ဤအတောအတွင်း အဆင့်လွှန် စွမ်းအင်ကျောက်တုံး ၃၀၀,၀၀၀ မှ ၁၀၀,၀၀၀ သာ ကျန်ရှိတော့သည်။

ယန်ယဲ့၏ခန္ဓာကိုယ်ဟာ လက်တွေ့ကျကျ ပြန်လည်ကောင်းမွန်လာခဲ့သည်။ ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်၏ မပြတ်သန့်စင်မှုကြောင့် သူ့ခန္ဓာကိုယ်က နောက်တစ်ဆင့်တက်သွားပါပြီ။

ဤအခိုက်အတန့်တွင် သူ၏ရုပ်ခန္ဓာကိုယ်က
အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲနှင့် နှိုင်းယှဉ်နိုင်သည်။

ထို့အပြင် ယန်ယွဲ့သည် သူ၏ကျင့်ကြံမှုက
အချိန်မရွေး သိုင်းကောရာဇ်အဆင့် သို့
တက်လှမ်းနိုင်ကြောင်း ခံစားမိခဲ့သည်။

ခြွင်းချက်နေနှင့် သူ့ခန္ဓာကိုယ်က
ပြန်လည်ကောင်းမွန်လာသော်လည်း
ဆန်းကြယ်ရွှေချီကန်က

ပြန်ရှုပေါ်ထွက်လာမည့်
အရိပ်အယောင်မပြသေးပါ။

နောက်ထပ် ရက်အနည်းငယ်
ကုန်ဆုံးသွားပြီးနောက်ယန်ယွဲ့မှာ ရှိရှိသမျှ
အဆင့်လွှန်စွမ်းအင်ကျောက်တုံး
၄၀၀,၀၀၀ လုံး ကုန်ဆုံးသွားပါပြီ။
သို့သော်လည်း ဆန်းကြယ်ရွှေချီကန်က ယခုထိ
ရုပ်လုံးပေါ်မလာခဲ့သေးပေ။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၃၇ -

တိမ်ပင်လယ်အကယ်အကယ်ဒမီ၏

တပည့်များ

ဤအရာက ယန်ယဲ့အား တကယ်ပင်

စကားမပြောနိုင်အောင် ခံစားရစေသည်။

အဘယ်ကြောင့်ဆိုသော် ဆန်းကြယ်ရှေးချိုကန်

အပြည့်အဝပေါ်လာမှသာ

သူ၏ခန္ဓာကိုယ်သွေးကြောများကို
လုံးဝကုသနိုင်မည်ဖြစ်သည်။ ထို့အပြင် သူက
ဟာကျူလီတူ နှင့် ဖိနိုပ်ရေးကျောက်တုံး
တို့ကဲ့သို့ သူ၏ရတနာများကို
အသုံးပြုနိုင်ပေမည်။

ထိုအချိန်တွင် သူက တာအိုအမိန့်တော်၏
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များသာမက
ဘဲ အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့်များ
ကိုပင် ကောင်းကောင်းရိုက်နှက်၍ရပေသည်။

ယန်ယဲ့သည် ဤနေရာတွင်
နောက်ထပ်အချိန်မဖြုန်းတော့ပေ။ ဂူထဲကနေ

အပြင်ထွက်လာပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင်း "ဟူး....၊ ငါ မှားသွားပြီ။ သိုင်းပညာနှလုံးသားမြို့တော်မှာ မြင်းတစ်ကောင်လောက် ဝယ်ခဲ့ရမှာ။"

ယခုအချိန်တွင် သူက ဆန်းကြယ်ချီစွမ်းအင်ကို မသုံးနိုင်ဘဲ ရုပ်ခန္ဓာခွန်အားသာလျှင် အားကိုးနေရသဖြင့် ပျံသန်းနိုင်ခြင်းမရှိပေ။ ဒီအချိန်မှာ သူက မြေပြင်ပေါ်ကနေ လမ်းလျှောက်သွားဖို့သာ ရွေးချယ်နိုင်သည်။

ခရီးတိုတိုသွားရလျှင် ပြဿနာမဟုတ်ပေ။
သို့သော် လက်ရှိပြဿနာက တိုက်ပွဲမဲ့မြို့ကို
ရောက်ဖို့ အနည်းဆုံး ကီလိုမီတာ ၅၀၀,၀၀၀
လောက် ခရီးဆက်ရမည်ဖြစ်သည်။ ထို့အပြင်
သူသည် လမ်းတစ်လျှောက်လုံး
ပြေးလွှားနေရပါက ကျင့်ကြံနိုင်မှာမဟုတ်ပါ။

ခဏကြာတွင် ယန်ယဲ့က ရုတ်တရက်
ခေါင်းကိုမော့ပြီး အဝေးဆီ
လှမ်းကြည့်လိုက်သည်တယ်။
သူ့အမြင်အာရုံထဲ၌ ကောင်းကင်ကို
ထိုးဖောက်လုမတတ် တောင်စဉ်၊

တောင်တန်းများကို မြင်တွေ့ရသည်။ တစ်ချိန်တည်းမှာပင် ယန်ယဲ့သည် တောင်တန်းများကြား အစွမ်းထက်အော်ရာ အနည်းငယ်ကို ခံစားမိခဲ့သည်။ သို့ရာတွင် ထိုအော်ရာများက သိုင်းသူတော်စင်များ မဟုတ်ချေ။

ယန်ယဲ့၏မျက်နှာသည် အနည်းငယ် ပြေလျော့သွားသည်။ အကြောင်းမှာ သူ၏လက်ရှိခွန်အားက သိုင်းသူတော်စင်တစ်ယောက်ကို မယှဉ်နိုင်သေးပေ။

သူ စဉ်းစားနေချိန်မှာပဲ ရုတ်တရက်
အဝေးဆီကနေ
မြင်းခွာသံများ ပဲ့တင်ထပ်လာသည်ကို
ကြားလိုက်ရလေသည်။
သိပ်ပင်မကြာလိုက်ပေ၊
ယန်ယွဲ့၏အမြင်အာရုံထဲသို့ လူတစ်စု
ပေါ်လာကြသည်။

လူ ၂၀ ဝန်းကျင်ပါသော မြင်းတပ်ဖြစ်ပြီး
အားလုံးက သိုင်းကျောင်းဇာများ

ဖြစ်ကြလေသည်။ မြင်းတပ်၏

အလယ်ဗဟိုတွင်တော့

ခမ်းနားသောရထားလုံးတစ်စီးရှိနေသည်။

ခမ်းနားသည်ဟု ထင်ရသည်က ယခင် သူတို့

သီးခဲ့သော ရထားလုံးထက် အနည်းဆုံး ၅ ဆ

ပိုကြီးသောကြောင့်ပင်။ ထို့အပြင် ရထားလုံးကို

ဆွဲနေသည့် မြင်းများက သာမန်မဟုတ်ဘဲ

သိုင်းကေရာဇ်အဆင့် နတ်ဆိုးမြင်း ၅ ကောင်

ပါ။

လူအုပ်စုရှေ့တွင် အမျိုးသား ၂ ဦးနှင့်

အမျိုးသမီး ၂ ဦး ရှိနေသည်။

၎င်းတို့အားလုံးသည်လည်း သိုင်းကျောဇ်များ

ဖြစ်၏။ အရေးအကြီးဆုံးမှာ၊

၎င်းတို့၏ဘယ်ဖက်ရင်အုံတွင် '书'

စာလုံးသေးသေးလေး ရေးထိုးထားသည်။

ယန်ယဲ့သည် ထိုသင်္ကေတကို မြင်သည်နှင့်

ချက်ချင်းသတိရသွား၏။

ထိုစာလုံးသေးသေးလေးက

တိမ်ပင်လယ်အကယ်ဒမီ၏

သင်္ကေတဖြစ်သည်။

ဒီအချိန်မှာ ယန်ယဲ့က သူတို့ကို ကြည့်နေသလိုပဲ
သူတို့လည်း ယန်ယဲ့ကို
ပြန်လှည့်ကြည့်လာကြသည်။

"ရုပ်ဆိုးတဲ့ကောင်၊ နင်ဘာကြည့်နေတာလဲ။
နင့်ဘဝမှာ အလှတရားကို မမြင်ဖူးဘူးလား"
ရုတ်တရက် အနီရောင်ဝတ်
အမျိုးသမီးတစ်ယောက်က ယန်ယဲ့ကို
လှမ်းအော်လိုက်သည်။

ယန်ယဲ့သည် အနည်းငယ် အံ့အားသင့်သွားပြီး
သူ့အကြည့်ကို ပြန်မရုတ်ခင်
အဆိုပါအမျိုးသမီး ဆီသို့
အကြည့်ရောက်သွား၏။

သူမသည် အသက် ၂၀ ဝန်းကျင်ခန့်ရှိကာ
ချောမောလှပသောမျက်နှာနှင့်
ဖြူဖွေးတောင့်တင်းသောခန္ဓာကိုယ်အချိုးအစား
ကို ပိုင်ဆိုင်ထားသည်။ ।

သူမက မုဟာန်ရှန်း၊ ရှောင်ယုရှီ သို့မဟုတ်
အခြားသူများနှင့် မနှိုင်းယှဉ်နိုင်သော်လည်း
ရှားရှားပါးပါးအလှတရားတစ်ခုဖြစ်သည်။

ယန်ယဲ့သည် ခဏတာ လေးလေးနက်နက်
စဉ်းစားပြီးနောက် ဝူရန်ကျုံးပေးထားသည့်
အနက်ရောင်ဓားသေတ္တာကို ထုတ်ယူကာ
သူ့နောက်ကျောပေါ်၌
သိုင်းလွယ်လိုက်ပါသည်။

"ရှေးဟောင်းဓားကျောင်းတော် လား!"
ဤအရာကို မြင်လိုက်ချိန်မှာတော့ လူတိုင်း၏
အမူအရာက ချက်ချင်း ပြောင်းလဲသွားပါသည်။

ယန်ယဲ့က "မင်းတို့အားလုံး သွားနေတဲ့ လမ်းကြောင်းကို ကြည့်ရင် တိုက်ပွဲမဲ့မြို့ကို သွားနေတာဖြစ်ရမယ်။"

ယန်ယဲ့သည် ရှေးဟောင်းဓားကျောင်းတော်၏ တပည့်တစ်ဦးဖြစ်ကြောင်း သတိပြုမိသည့်နောက်တွင် လူတိုင်း၏အမူအရာများသည် အနည်းငယ် သက်သာရာရသွားကြသည်။ သူတို့၏မျက်လုံးများတွင် ရှုတ်ချမှုနှင့် သတိဝီရိယများလည်း လျော့ကျသွားသည်။

ထိုအချိန်တွင် မြင်းတပ်စု၏ခေါင်းဆောင်က "ငါက တိုက်ပွဲမဲ့မြို့တော်သခင်ရဲ့ တော်ဝင်အစောင့်တပ်ဖွဲ့က ဒုတိယတပ်မှူး ယုကွမ်းပါ။ မင်းက ရှေးဟောင်းစားကျောင်းတော်မှာ ဘယ်တောင်ထိပ်ရဲ့တပည့်လဲ ငါသိနိုင်မလား"

" တိုက်ပွဲမဲ့မြို့သခင်ရဲ့တော်ဝင်ကိုယ်ရံတော်..." ယန်ယဲ့လည်း အနည်းငယ် အံ့အားသင့်သွားသည်။ ၎င်းတို့ကိုတိုက်ပွဲမဲ့မြို့က ပညာရှင်များဟု သူ့စိတ်ထဲ မမျှော်လင့်ထားခဲ့ပေ။ သူက

ချက်ချင်းပဲ ပြန်ဖြေလိုက်ပါသည်။
"ကောင်းကင်ဓားတောင်ထိပ်က ရဲယန်!"

"ကောင်းကင်ဓားတောင်ထိပ် လား!" ယုကွမ်း၏
အေးစက်သောအမူအရာသည်
ပြေလျော့သွားပြီး "ဒါဆို မင်းက တာအိုသခင်ဂူ
ရဲ့တပည့်ပေါ့။ အစ်ကိုရဲ! မင်းလည်း
တိုက်ပွဲမဲ့မြို့ကို သွားနေတာလား။"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ယုကွမ်းက စကား ပြန်မပြောခင် ခဏလောက် လေးလေးနက်နက် စဉ်းစားပြီး "မင်း ဒုက္ခကို မကြောက်ဘူးဆိုရင် ငါတို့နဲ့ အတူ လိုက်လာနိုင်တယ်။ တစ်ခုတော့ ရှိတယ်.... ငါတို့ ခရီးစဉ်က သိပ်အေးချမ်းမှာမဟုတ်ဘူးလို့ ကြိုသတိပေးပါရစေ။"

ယန်ယဲ့က ပြုံးပြီး "အဆင်ပြေပါတယ်။ ဒုက္ခဖြစ်ရင် ငါအရင်ဆုံး ထွက်သွားမှာပါ!" မှန်ပါသည်။ သူပြောနေသည့် ပြဿနာက တာအိုအမိန့်တော် ပါ။ တာအိုအမိန့်တော်ကသာ

သူ့ကို ရှာတွေ့သွားပါက ဤလူများကို
သူနှင့်ဆွဲမချနိုင်ပေ။

သို့သော်လည်း တစ်ဖက်က ယန်ယဲ့၏
စကားကို နားလည်မှုလွဲသွားပုံပင်။
အားလုံးက ပြောစရာစကားမဲ့သွားသလို
ခံစားလိုက်ရသည်။
ယုကွမ်းနှင့် မြင်းတပ်သားများပင်
ထိုစကားကိုကြားသောအခါ
မျက်နှာအမူအရာများ
အနည်းငယ်ပြောင်းလဲသွားကြသည်။

အခြားမြင်းတပ်သားများကမူ
အနည်းငယ်အေးစက်သောအကြည့်များဖြင့်
ယန်ယဲ့ကို ကြည့်နေပြီး မျက်လုံးထဲ၌လည်း
အထင်အမြင်သေးမှုများ ရှိနေလေသည်။
ထို့အပြင် ယုကွမ်း၏
အမူအရာသည် မကြာသေးမီကလိုမျိုး
တဖန်အေးစက်သွားပြန်သည်။

တိမ်ပင်လယ်အကယ်ဒမီမှ
တပည့်လေးယောက်အတွက်
သူတို့၏မျက်နှာတွင် အထင်အမြင်သေးမှုကို

လုံးဝမဖုံးကွယ်ထားဘဲ စကားလုံးများဖြင့်
ဖော်ပြရန် ပင်ကျန်နေသေးသည် ။

ယန်ယဲ့သည် သူတို့၏ အမူအရာကို
သတိပြုမိသောအခါ အကူအညီမဲ့စွာသာ
ပြုံးလိုက်သည်။ လူတိုင်း သူ့စကားကို
နားလည်မှုလွဲသွားကြောင်း သိလိုက်၏။
သို့သော် ယခုရှင်းပြမည်ဆိုပါက သူ့အပြစ်ကို
ဖုံးကွယ်ရန်ကြိုးစားနေသည်ဟု
သူတို့ထင်သွားကြမည်ဖြစ်သည်။ ထို့ကြောင့်
သူက ရှင်းပြရန် စိတ်မဝင်စားတော့ပေ။

လူတိုင်း သူ့အပေါ်
အထင်အမြင်ကောင်းများမရှိတော့ကြောင်း
သိသော်လည်း ယန်ယဲ့သည်လူအုပ်၏
နောက်ကနေလိုက်ပါလာခဲ့သည်။ ထိုလူများက
ရှေးဟောင်းဓားကျောင်းတော်ကို
အထင်သေးနေမှန်း သိနေသည့်တိုင် ယန်ယဲ့က
ဂရုမစိုက်ပေ။ ဒီအချိန်မှာ သူက
မြင်းအလကားစီးရသည်က
အမြတ်ပင်မဟုတ်ပါလား။

နတ်ဆိုးမြင်းတစ်ကောင် ပေါ်
ခုန်တက်လိုက်ပြီးနောက်တွင် ယန်ယဲ့သည်

လူအုပ်နှင့်အတူမလိုက်ပါဘဲ နောက် မီတာ ၂၀ နီးပါး အကွာကနေသာ လိုက်ပါလာခဲ့သည်။

လောလောဆယ် သူ မပုံ့သန်းနိုင်သည့်အပြင် ထိုလူများနှင့်အတူ ခရီးဆက်ရသည့် အကြောင်းရင်းလည်း ရှိသေး၏။ ထိုအရာက သူဟာ တိုက်ပွဲမှဲ့မြို့ဆီသို့ ဘယ်လိုသွားရမည်ကို မသိသောကြောင့်ပင်။ သူက တိုက်ပွဲမှဲ့မြို့သို့ သွားသည့်လမ်းကြောင်းပေါ် ရောက်နေမှန်းသိသော်လည်း မြို့၏တည်နေရာအတိအကျကို မသိပါ။

ထို့ကြောင့် သူ့ဘာသာသူ ခရီးထွက်ပါက
အချိန်အတိုင်းအတာတစ်ခုထိ
ကြာသွားနိုင်သည်။

ဒီအချိန်မှာ လမ်းပြမည့်သူများကို
အဆင်သင့်တွေ့လိုက်ရသဖြင့် ယန်ယဲ့ဟာ
အတော်လေးဝမ်းသာသွားသည်။

ယန်ယဲ့သည် ယုကွမ်း နှင့် မြင်းတပ်သားများကို
တစ်ချက်ကြည့်လိုက်သည်။ သူတို့အထဲမှ
အသန်မာဆုံးက အထွတ်အထိပ်အဆင့်

သိုင်းကေရာဇ်ဖြစ်သည့်
ယုကွမ်းတစ်ယောက်တည်းသာလျှင်ရှိသည်။
သို့သော်လည်း ယန်ယဲ့၏အကြည့်သည်
ခမ်းနားသောဝတ်ရုံကို ဝတ်ဆင်ထားသည့်
ရထားလုံးမောင်းနေငေါ် အဘိုးအို ထံ
ကျရောက်သွားသည်။ အဘိုးအိုက
ဝိညာဉ်နယ်ပယ်သာရှိပြီး
အလွန်ရိုးရှင်းပုံပေါက်သော်လည်း
ယန်ယဲ့၏အကြည့်များသည် အဘိုးအိုအပေါ်
အချိန်အတော်ကြာအောင် ရပ်တန့်သွားခဲ့သည်။

ရုတ်တရက် အဘိုးအိုသည်
ယန်ယဲ့၏အကြည့်ကို သတိပြုမိသွားပုံရပြီး
သူ့ဖက်လှည့်ကြည့်လိုက်သည်။နှစ်ယောက်လုံး
အကြည့်ချင်း ဆုံသွားပြီးနောက် အဘိုးအိုက
အကြည့်မလွှဲခင် ယန်ယဲ့ကို အနည်းငယ်
ခေါင်းညိတ်ပြသည်။

ယန်ယဲ့သည် သူ့ပါးစပ်ထောင့်တွင်
အပြုံးအနည်းငယ်မပြမီ ရထားလုံးကို
တစ်ချက်ကြည့်လိုက်သည်၊
"စိတ်ဝင်စားစရာပဲ.."

အဆုံးတွင် ယန်ယဲ့သည် သူ့အကြည့်ကို
ရထားလုံးထံမှ ခွာလိုက်ကာ
တိမ်ပင်လယ်အကယ်ဒမီ၏ တပည့်များဆီသို့
လှမ်းကြည့်လိုက်သည်။ သူသည်
၎င်းတို့၏စကားဝိုင်းမှတဆင့်
၎င်းတို့နှင့်ပတ်သက်သည့်
အချက်အလက်အနည်းငယ်ကို ရရှိလိုက်သည်။
ထိုလူငယ်အားလုံးက
တိမ်ပင်လယ်အကယ်အကယ်ဒမီ ၏ အဆင့် ၂
အခန်းမှ တပည့်များ ဖြစ်သည်။

သို့သော်လည်း ၎င်းတို့၏ ခွန်အားကို
မြင်သောအခါယန်ယဲ့သည်ပင်
အနည်းငယ်တုန်လှုပ်သွားမိသည်။
အကြောင်းအရင်းက သူတို့အားလုံးဟာ
အဆင့်နိမ့်သိုင်းဧကရာဇ်များဖြစ်နေသောကြော
င့်ပါ။ ထို့အပြင် သူတို့က လက်ရှိ
မြင်းတပ်ခေါင်းဆောင် ယုကွမ်းကလွဲ၍
ဤနေရာရှိ လူတိုင်းအနက်
အသန်မာဆုံးဖြစ်ကြသည်။

တိမ်ပင်လယ်အကယ်ဒမီမှ လူငယ်တစ်ဦးက
"ဂိုဏ်းတူအစ်ကိုရှောင် က ယန်ယဲ့လက်ချက်နဲ့

သေသွားပြီလို့ကြားတယ်။ ဒါက
အမှန်ဖြစ်နိုင်ပါ့မလားလို့တောင် တွေးမိတယ်!"

ယန်ယဲ့လည်း အနည်းငယ် ထိတ်လန့်သွားပြီး
၎င်းတို့စကားကိုနားထောင်နေရင်း
အလိမ်ပေါ်သွားသည့်အလား ဆက်ပြီး
နားမထောင်နိုင်တော့ပေ။

"ရှုလန်း! နင်အရိုက်ခံရဖို့ အကြောင်းပြချက်
ရှာနေတာလား။" အနီရောင်ဝတ်အမျိုးသမီးက
ဒေါသတကြီးအမူအရာများဖြင့်

အေးစက်စက်အော်ငေါက်လိုက်သည်။
ထို့နောက် သူမက
အခုလေးတင်ပြောလိုက်သည့်လူငယ်ကို
ရုတ်တရက် စိုက်ကြည့်လာသည်။

ရှုလန် ဟုခေါ်သော လူငယ်က ရှက်ရွံ့စွာ
ပြုံးလိုက်ပြီး ပြန်မဖြေရဲပေ။ သို့သော်လည်း
သူ့ဘေးနားမှ လူငယ်က "ချန်းကျောင်! မင်းက
ဂိုဏ်းတူအစ်ကိုရှောင် ကို ကြိုက်နေမှန်း
ငါတို့သိတယ်၊ ဒါပေမဲ့ သူသေသွားပြီ။
မင်းလည်း သူ့ကိုယ်စား လက်စားချေချင်နေတာ
ငါတို့သိပါတယ်။ ဒါပေမဲ့ အကယ်ဒမီက

ရှေးဟောင်း ဓားကျောင်းတော်နဲ့
တာအိုအမိန့်တော်ရဲ့ တပည့်တွေအပြင်
ယန်ယဲ့နဲ့ တာအိုအမိန့်တော်ရဲ့ ပဋိပက္ခမှာ
ဝင်ရောက်စွက်ဖက်ခွင့်မပြုဘူးလို့
အကယ်ဒမီက အမိန့်ပေးခဲ့တယ်!”

၁၀၃၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၃၈ -
ကောင်းကင်ဘုံနတ်ဘုရားခန်းမနှင့်
တိုက်ခိုက်ခြင်း

ယန်ယဲ့က ချန်းကျောင် ကို
အမှတ်မထင်လှည့်ကြည့်လိုက်ရာ ရုတ်တရက်
သူမက သတိထားမိသွားပြီး
"နင်ဘာကြည့်နေတာလဲ။ မိန်းမကို
မမြင်ဖူးဘူးလား။ ဟုတ်တယ်၊ ရုပ်ဆိုးပြီး
ပျော့ညံ့တဲ့ နင့်လိုလူတစ်ယောက်က
နင့်တစ်သက်မှာ မိန်းမတစ်ယောက်ကို
ဘယ်တော့မှ မထိနိုင်ဘူး”

ဒီစကားများပြောနေရင်း ချန်းကျောင် က
သူ၏ဝတ်ရုံကို အနည်းငယ်ဟကာ
ဝတ်ရုံအောက်က
ဖြူဖွေးဖွေးအသားစိုင်အချို့ကို
လှစ်ဟပြလိုက်ပြီး “ကြည့်ရတာ
မြင်ကွင်းတစ်ခုပဲ မဟုတ်လား?
အရမ်းစိတ်လှုပ်ရှားနေသလား။
နင်ငါ့ကိုခေါ်သွားဖို့ ဆန္ဒတွေပြည့်နေပြီလား"

ယန်ယဲ့လည်း ထိုစကားကြောင့်
တော်တော်လေးအံ့အားသင့်သွားသည်။

အခြား မြင်းတပ်သားများကမူ

ကျင့်သားရနေပုံရသည့်အလား

ဘာမှမမြင်ရသလို ပြုမူကြသည်။

ချန်းကျောင် က သူမ၏ဝတ်ရုံကို

သပ်သပ်ရပ်ရပ်ပြင်ဝတ်ရင်း

ထပ်မံလျှောင်ပြောင်လိုက်သည်။

"ရိုးရိုးသားသားပြောရရင်

နင်တို့ရှေးဟောင်းဓားကျောင်းတော်ရဲ့

အဖွဲ့ဝင်က လက်နဲ့ထိတာထက် ခွေးနဲ့လုပ်ရတာ ပိုကြိုက်တယ်!"

ယန်ယွဲ့က သူ့ခေါင်းကို ခါလိုက်ပြီး "ကမ္ဘာပေါ်မှာ ထူးထူးဆန်းဆန်းတွေ ရှိတယ်ဆိုတာ ငါကြားတယ်၊ ဒါပေမဲ့ ဒီလိုလူထူးဆန်းနဲ့ တွေ့ဖို့ အခွင့်မသာခဲ့ဘူး။ ဒီနေ့တော့ နောက်ဆုံးတွေ့လိုက်တာတာပါပဲ”

စကားပြောနေရင်း ယန်ယွဲ့က ရှူဝမ် နှင့် ရှူလန်းကို ကြည့်ကာ "ဒါကို ငါ နားမလည်ဘူး။ မင်းတို့

နှစ်ယောက်လုံး မျက်စိကန်းနေတာလည်း မဟုတ်ဘူး၊ ဘာလို့ သူ့ကို သဘောကျနေတာလဲ။"

ယုကွမ်း နှင့် မြင်းတပ်သားများက ရယ်မောလိုက်သော်လည်း တစ်စုံတစ်ခုအား စိုးရိမ်နေပုံရပြီး ချက်ချင်းပင် အရယ်ရပ်သွားကြသည်။

"ငါတို့ မလုပ်ဘူး!" ရှူဝမ်က စိုးရိမ်သံဖြင့် ပြောလိုက်၏။

"မဟုတ်ဘူး?" ယန်ယဲ့က ခေါင်းညိတ်ပြပြီး "ဒါဆို သူမက အရူးတစ်ယောက်လေ။ ဟုတ်တယ်၊ ဒီလိုမိန်းမမျိုးက မင်းတို့ရဲ့အိမ်သူတကယ်ဖြစ်လာရင် မင်းတို့ 'ဦးထုပ်အစိမ်း' ဘယ်လောက်ဆောင်းရမယ်ဆိုတာ တွေးကြည့်လို့ရတယ်။ ဒါ့အပြင် လူသားတစ်ယောက်နဲ့လည်း ဖြစ်ချင်မှဖြစ်မယ်။ အခုနလေးတင် သူမက ခွေးတစ်ကောင်နဲ့ ပိုကြိုက်တယ်လို့ပြောတာ အားလုံးက ကြားဖူးကြမှာပါ။ ဟီးဟီး၊

သူမကဒီလိုအရသာမျိုးကို
ခံစားဖူးပြီးပြီထင်တယ်!”

"ခွီး!" မြင်းစီးတပ်သားတစ်ယောက်က
သူ့ကိုယ်သူမထိန်းနိုင်တော့ပဲ
ရယ်မောလိုက်လေသော်။ ယုကွမ်းက ထိုလူကို
ပြင်းပြင်းထန်ထန် စိုက်ကြည့်နေသည်။ သို့သော်
သူက တကယ်မထိန်းနိုင်တော့ပုံဖြင့်
"တပ်မှူးယု၊ ငါမရတော့ဘူး။
ခဏလောက်ရမယ်မှ ရတော့မယ်..."

“ငါလည်း စိတ်သက်သာရာရစေမယ်….”

"ငါလည်းပဲ!"

မကြာခင်မှာပဲ မြင်းတပ်သား
တစ်ဒါဇင်ကျော်က ထိန်းမထားနိုင်တော့ဘဲ
ကျယ်လောင်စွာ ရယ်မောလိုက်ကြတော့သည်။

ချန်းကျောင် က နတ်ဆိုးမြင်းကို အမိန့်ပေးရင်း
ယန်ယွဲ့ ဆီသို့ ဖြည်းညှင်းစွာ ကပ်လာသည်။
သူမ ယန်ယွဲ့ဆီ ကူးသွားသည်ကို မြင်သောအခါ

ယုကွမ်း၊ ရှုဝမ် နှင့် အခြားလူများလည်း မျက်မှောင်ကြုတ်သွားကြသည်။

ချန်းကျောင် က ယန်ယွဲ့ နှင့် ၃ မီတာနီးပါး အကွာအဝေး ရောက်လာပြီး "နင် သေချင်နေတာလား။ ဒါမှမဟုတ် နင့်ရဲ့ရှေးဟောင်းဓားကျောင်းတော်ကို ငါကြောက်တယ်လို့ ထင်နေတာလား။ ငါပြောတာကို ယုံမလားမသိဘူး၊ ငါနင့်ကိုသတ်ရင် ရှေးဟောင်းဓားကျောင်းတော်က စကားတစ်ခွန်းမှ ပြောဝံ့မှာမဟုတ်ဘူး!"

ယန်ယဲ့က "အိုး၊ မင်းက ဒီလောက်သတ္တိကြီးနေရင် ဘာလို့ ကောင်းကင်ကို မတက်ရတာလဲ!"

"နင်က သေလမ်းရှာတာဘဲ!" ချန်းကျောင်က ဒေါသတကြီး အော်ဟစ်ပြီး တိုက်ခိုက်ရန်ပြင်လိုက်လေသည်။

သို့သော်လည်း ယုကွမ်းက ယန်ယဲ့ ရှေ့မှာ ပေါ်လာသည်။ သူက ချန်းကျောင်ကို တစ်ချက်ကြည့်လိုက်ပြီး "မိန်းမပျိုချန်း!

မင်းအဖိုးမျက်နှာကိုထောက်ပြီး ငါတို့က မင်းကို ခေါ်လာခဲ့တာ။ မင်း ငါတို့ကို ဒုက္ခမပေးဘူးလို့ ငါမျှော်လင့်တယ်။"

ဒီစကားပြောပြီးချိန်မှာတော့ ယန်ယဲ့ကို လှည့်ကြည့်ပြီး "မင်းလည်းအတူတူပဲ။ ငါတို့ခရီးမှာ ဘာဒုက္ခမှမလိုချင်ဘူး!"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "ငါလည်း ဒုက္ခမပေးချင်ဘူး!"

"တိုက်ပွဲမဲ့မြို့ကို ရောက်တာနဲ့ နင့်ကို ငါ့ရှေ့မှာ ဒူးထောက်ခိုင်းမယ်!" ချန်းကျောင်က သူမ၏နတ်ဆိုးမြင်းကို တစ်ဖက်ပြန်သွားရန်အမိန့်ပေးရင်း ယန်ယွဲ့ကို အေးစက်စွာ ကြည့်လိုက်သည်။

ယုကွမ်းက "သူ့အဖိုးက တိမ်ပင်လယ်အကယ်ဒမီရဲ့ လက်ထောက်ဌာနမှူး!"

ယန်ယဲ့က "သိုင်းသူတော်စင်လား” ဟု မေးသည်။

“အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့် ပါပဲ။ ဒါပေမဲ့ သူက သိုင်းသူတော်စင် ဖြစ်ဖို့ ခြေလှမ်းတစ်ဝက်ပဲလိုတော့တယ်" ယုကွမ်းက စကားပြောပြီးသည်နှင့် ပြန်ထွက်သွားသည်။

ယန်ယဲ့က စကားစလုဆဲဆဲ။ ရုတ်တရက် သူ့မျက်ခုံးများက တွန့်ကွေးသွားပြီး ပတ်ဝန်းကျင်ကို စိုက်ကြည့်လိုက်သည်။ ရထားလုံး

မောင်းနှင်နေသော အဘိုးအိုကို ကြည့်လိုက်ရာ အဘိုးအိုလည်း မျက်မှောင်ကြုတ်နေသည်ကို သတိပြုမိသည်။

ရုတ်တရက်ဆိုသလိုပင်
ယန်ယဲ့၏အမူအရာသည်
သိသိသာသာပြောင်းလဲသွားပြီး သူ့ခန္ဓာကိုယ်က
ဖျတ်ခနဲတောက်ပလာကာ ၁
ကီလိုမီတာအကွာတွင် ပေါ်လာသည်။

ထိုအခိုက် ၁ ကီလိုမီတာကျော်ရှည်သော
လက်ဝါးကြီးတစ်ဖက်က
အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲ၍
လူအုပ်စုအပေါ် ဖိချလိုက်လေသည်။
သို့သော်လည်း ယန်ယဲ့သည် အလျက်အမြန်
ထွက်ခွာသွားပြီးပါပြီ။
လက်ဝါးကြီးမှ ထွက်ပေါ်လာသော
ဖိအားကြောင့် နတ်ဆိုးမြင်းများ မြေပြင်ပေါ်
ကပ်လျက်လဲကျသွားသည်။ ထိုအချိန်မှာပင်
ရောမလက်ဝါးကြီးက လေထဲတွင်
ပေါ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင်
ငင်းတို့ပတ်လည်ရှိ မီတာ ၆၀၀

ရေိယာအတွင်းက သစ်တော၊သစ်ပင်အစ၊
သက်ရှိသက်မဲ့အရာအားလုံး ချက်ချင်း
ဝါးမျိုသွားခဲ့သည်။

အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့် ။

ဤနေရာရှိ လူတိုင်း၏ အမူအရာများ
သိသိသာသာ ပြောင်းလဲသွားသည်။

ရထားလုံးကို မောင်းနှင်လာသည့် အဖိုးအိုက
ရုတ်တရက် ထပြီး သူ့ကက်သီးကို ဆန့်ထုတ်၍
ရောမလက်ဝါးကြီးကို ထိုးလိုက်သည်။

အုန်း!

လက်သီးနှင့်လက်ဝါး
ရင်ဆိုင်တွေ့သွားသည့်နောက်
ကြောက်မက်ဖွယ်ကောင်းသော အားလှိုင်းများ
ပေါက်ကွဲထွက်လာပြီး

အာကာသဟင်းလင်းပြင်သည်ပင် ပြင်းထန်စွာ တုန်ခါသွားသည် ။

“ဒါက ကောင်းကင်ဘုံနတ်ဘုရားခန်းမ။ တတိယမြောက် သခင်မလေးကို ကာကွယ်ပါ။”
စကားပြောပြီးသည်နှင့် အဘိုးအို၏ပုံရိပ်သည် ပျောက်ကွယ်သွားသည်။
သိပ်ပင်မကြာလိုက်ပေ၊ ကောင်းကင်ထက်မှ ပေါက်ကွဲသံများ ပွဲတင်ထပ်လာပါသည်။

ရုတ်တရက် လူအုပ်၏ ပတ်ပတ်လည်၌
အနက်ရောင်အရိပ် ၁၀၀ ကျော်ပေါ်လာပြီး
လူအုပ်ကို ဝိုင်းထားခဲ့သည်။ အားလုံးက
အဆင့်မြင့် သိုင်းကျော်များချည်းသာ။

"ယုဝူရှမ်က လွဲရင်
ကျန်တဲ့လူအားလုံးကိုသတ်ပစ်လိုက် "
အသံတစ်ခု ပဲ့တင်ထပ်လာပြီး
အနက်ရောင်အရိပ် ၁၀၀ ကျော်က လူအုပ်ကို
စတင်တိုက်ခိုက်လိုက်ကြသည်။

ယန်ယဲ့က သူတို့ကို တစ်ချက်ကြည့်လိုက်ရင်း ခဏလေးလေးနက်နက်စဉ်းစားနေပြီး ရှုတ်တရက် သူ့ပုံရိပ်က နေရာမှာပင် ပျောက်ကွယ်သွားသည်။

"သူတို့ထဲက တစ်ယောက်ကိုမှ အသက်မရှင်စေနဲ့" ရုတ်တရက် ပဲ့တင်ထပ်လာသော အသံကြောင့် အနက်ရောင်ဝတ်လူ ၂ဦးက ယန်ယဲ့ နောက်သို့ လိုက်လာလေသည်။

အသက်၅၂ ရှိက်စာ ခန့်အကြာတွင် အနီရောင်ဝတ်ရုံလူတစ်ဦးက အနက်ရောင်ဝတ်လူရှေ့တွင် ပေါ်လာသည်။

"ကောင်းကင်ဘုံနတ်ဘုရားခန်းမ။ မင်းတို့က ငါ့ရဲ့တာအိုအမိန့်တော် ပိုင်နက်မှာ အများသူငှာဒုက္ခရောက်အောင် လုပ်နေတာ ကိုယ့်ကိုယ်ကို ဘာထင်နေလဲ"
အနီရောင်ဝတ်ရုံလူက စကားဆုံးသည်နှင့် အလင်းရောင်တစ်ချက်လက်သွားကာ သူ့ရှေ့မှ အနက်ရောင်ဝတ်လူ၏ ခေါင်းက လေထဲသို့ ပျံတက်သွားသည်။

အနီရောင်ဝတ်ရုံကလူက အခြားသူမဟုတ်ပေ။
ယန်ယဲ့ ပင်တည်း။

အမှန်စင်စစ် သူသည်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ နှင့် တိုက်ပွဲမဲ့မြို့
ကြားက ပဋိပက္ခကို ဝင်ရောက်စွက်ဖက်ဖို့
ရည်ရွယ်ချက်မရှိဘဲ ထွက်ခွာရန်
ရည်ရွယ်ခဲ့သည်။ ကံမကောင်းစွာဖြင့်
ကောင်းကင်ဘုံနတ်ဘုရားခန်းမက
အမှန်တကယ်ပင်
မည်သူတစ်ဦးတစ်ယောက်ကိုမျှ
အသက်ရှင်လျက်မထားခဲ့ချင်ပါ။

မှန်ပါသည်။ အရေးကြီးဆုံးက သူဟာ ကောင်းကင်ဘုံနတ်ဘုရားခန်းမကို သဘောမကျပေ။

သူတို့က အန်နန်ကျင်းကို ချုပ်နှောင်ထားသည့်အပြင် ခန်းမသခင်၏ သားနှင့်ပါ လက်ထပ်ပေးလိုကြသည်မဟုတ်လော။ ထို့ကြောင့် ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏ ခန်းမသခင်က အန်နန်ကျင်းကို အတင်းအကြပ်လက်ထပ်လိုကြောင်း သိလိုက်ရချိန်ကစလို့ သူနှင့်

ကောင်းကင်ဘုံနတ်ဘုရားခန်းမဟာ

သင့်မြတ်ဖို့ရာ မဖြစ်နိုင်တော့ပေ။

ထို့အတွက် သူက တံ့ဆိုင်းမနေဘဲ

ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏

လူနှစ်ယောက်ကို

အဆုံးသတ်ပေးလိုက်ခြင်းပင်။

ထို့အပြင် ယန်ယဲ့က ထွက်ခွာမသွားဘဲ

နောက်ပြန်လှည့်လာခဲ့သည်။

"သွေးအရိပ်သတ်ဖြတ်ခြင်း" ယန်ယဲ့
၏အသံနှင့်အတူ
အနီရောင်အလင်းတန်းတစ်ခု
လင်းလက်လာပြီး သိုင်းကျောင်းဖခင်အဆင့် ၂
ယောက်၏ ခေါင်းများက လေထဲသို့
ပျံတက်သွားသည်။

ထိုအခိုက် အနက်ရောင်ဝတ်လူတစ်ယောက်က
ယန်ယဲ့ ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး
"ငါ့ကောင်းကင်ဘုံနတ်ဘုရားခန်းမနဲ့ မင်းရဲ့
တာအိုအမိန့်တော်က အမြဲတစေ
တယောက်နဲ့တယောက် စီးပွားလုပ်နေကြပဲ။

ငါ့ရဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမနဲ့
တိုက်ပွဲမဲ့မြို့ကြားမှာ မင်းဘာကြောင့်
ဝင်စွက်ဖက်နေတာလဲ"

"ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့
သောက်ချိုးကို  ငါ သည်းမခံနိုင်ဘူး!" ယန်ယဲ့က
သူ့ညာခြေကိုဆောင့်ကာမြေပြင်အထက်
ခုန်တက်လိုက်ပြီး
ဒေါသတကြီးအော်ဟစ်လိုက်သည်။
သူ၏လက်ထဲမှ အေးစက်စက်အလင်းတန်းများ
လက်လာပြီသ ဓားမြှောင်တစ်ချောင်းက

အနက်ရောင်ဝတ်လူ၏လည်ပင်းဆီသို့
တိုးဝင်သွားသည်။

"မင်းရဲ့အရည်အချင်းနဲ့လား?"
အနက်ရောင်ဝတ်ရုံလူက သူ့လက်ချောင်းကို
ရှေ့သို့ဆန့်ထုတ်လိုက်ရင်း အေးစက်စွာ
အော်ဟစ်လိုက်ပြီး ယန်ယွဲ့၏ဓားမြှောင်ကို
ထိုးလိုက်သည် ။ ဓားမြှောင်က
ပြင်းထန်စွာတုန်ခါလာပြီး ရုတ်တရက်
အပိုင်းပိုင်းကွဲထွက်သွားတော့သည်။
ယန်ယွဲ့၏အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။ ထိုအချိန်တွင်

အနက်ရောင်ဝတ်ရုံလူက သူ့ရှေ့သို့ ရောက်လာသည်။ တစ်ချိန်တည်းမှာပင် အနက်ရောင်ဝတ်ရုံလူ၏လက်ချောင်းနှစ်ချောင်းက ယန်ယွဲ၏ လည်ပင်းဆီ တည့်တည့်ထိုးသွင်းလာလေသည်။

ယန်ယွဲ၏တုံ့ပြန်မှုသည် အနည်းငယ်မျှပင် နှေးကွေးခြင်းမရှိပေ။ သူ့ခြေထောက်ကို မြေပြင်တစ်ချက်ဆောင့်ကာ ကိုယ်ကိုတစ်ပါတ်လှည့်၍ လေပေါ်ခုန်တက်လိုက်သည်။ ထို့နောက်

ချက်ချင်းပင် မြွေးတစ်စင်းအလား ရှေ့သို့ ပြေးထွက်လာသည်။

"သေစမ်း!" ယန်ယဲ့၏အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာပြီး သူ၏ခြေထောက်တစ်ဖက်က လေထုကို ထိုးခွဲကာ အနက်ရောင်ဝတ်ရုံလူကို ဖြတ်ကန်လိုက်သည် ။

"မင်းမှာဒီလိုလုပ်ဖို့ အရည်အချင်းတောင်မရှိဘူး!"

အနက်ရောင်ဝတ်ရုံလူက အေးစက်စက်ပြောပြီး
သူ၏လက်ညှိုးကို ရှေ့ထိုးချလိုက်ပြန်သည်။
အားပြင်းသော လေပြင်းတစ်ချက် ရုတ်တရက်
ပေါ်လာပြီး
အနက်ရောင်ဝတ်ရုံလူ၏လက်ချောင်းထိပ်က
အာကာသဟင်းလင်းပြင်ကိုပါ
ဆုတ်ဖြဲသွားလေသည်။ အလွန်
ထိတ်လန့်တုန်လှုပ်ဖွယ်ရာ
မြင်ကွင်းတစ်ခုပါပင်။”

၁၀၃၉

Almighty Sword Domain

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၃၉ - တာအိုအမိန့်တော်နှင့်

ကောင်းကင်ဘုံနတ်ဘုရားခန်းမကို

ရန်တိုက်ပေးခြင်း

အုန်း!

ခြေထောက်နှင့် လက်ချောင်းတို့ တိုက်မိကာ

ပေါက်ကွဲသံများ ထွက်ပေါ်လာသည်။

တိုက်မိသည့်နေရာဆီမှ

ကြောက်မက်ဖွယ်ကောင်းသော အားလှိုင်းများ ဖြာထွက်လာသည့်အပြင် အာကာသဟင်းလင်းပြင်ကိုပါ ချက်ချင်း ကွဲထွက်သွားစေသည်။ ထိုအပြင် နှစ်ယောက်လုံး ခြေလှမ်း ၁၀ လှမ်းခန့် နောက်ပြန်ဆုတ်သွားကြသည်။

"မင်းက "တာအိုလျှို့ဝှက်လမ်းကလား" ဒါမှမဟုတ် "တာအိုစီရင်သူလား" " အနက်ရောင်ဝတ်ရုံလူ၏ လေးသံက လေးနက်နေကာ တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

"လှိုဂ်ဝှက်လမ်း။ တာအိုအမြိန့်စီရင်သူ"
မျက်နှာဖုံးအောက်မှ ယန်ယွဲ့၏ မျက်ခုံးများ
တင်းကြပ်သွားပြီး "လှိုဂ်ဝှက်လမ်း ပဲဖြစ်ဖြစ်၊
တာအိုအမြိန့်စီရင်သူ ပဲဖြစ်ဖြစ်
တစ်ယောက်ယောက်က မင်းရဲ့
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်မှာလား။ ငါ့
မော်တယ်တာအိုလမ်းစဉ်ရဲ့တစ်စုံတစ်ယောက်နဲ့
တင် လုံလောက်ပြီ!"

စကားပြောပြီးသည်နှင့် ယန်ယဲ့၏ပုံရိပ်သည်
ရှေ့သို့ ပေါက်ကွဲထွက်လာပြန်သည်။

ယန်ယဲ့သည် အနက်ရောင်ဝတ်ရုံလူကို
တိုက်ခိုက်နေရင်း သူ့မျက်နှာက တဖြည်းဖြည်း
လေးနက်လာသည်။အနက်ရောင်ဝတ်ရုံလူ၏
တိုက်ခိုက်ရေးစွမ်းအားက

အလွန်ကြောက်မက်ဖွယ်ကောင်းသည်ကို သူ
သတိပြုမိသောကြောင့်ပင်။
အနက်ရောင်ဝတ်ရုံလူက
သူ၏ရုပ်ခန္ဓာခွန်အားကို
ထိပ်တိုက်ရင်ဆိုင်နိုင်ခဲ့သည်။

ထို့အပြင် အနက်ရောင်ဝတ်ရုံလူ

အသုံးပြုခဲ့သော လက်ချောင်းနည်းစနစ်က

အလွန်အစွမ်းထက်လှသည်။ လက်ရှိသူ့ခွန်အား

၇၀

ရာခိုင်နှုန်းလောက်သာအသုံးပြုထားသည့်တိုင်

သိုင်းဧကရာဇ်အထွတ်အထိပ်အဆင့်

နတ်ဆိုးသားရဲနှင့် ယှဉ်နိုင်ပါသေးသည်။

အနက်ရောင်ဝတ်ရုံလူကို တိုက်ခိုက်နေရင်း

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ရာ အခြေအနေ

တော်တော်ဆိုးနေကြောင်း

သတိထားမိလိုက်သည်။ ယုကွမ်း နှင့်
မြင်းတပ်သားများက အဆင့်မြင့်ပညာရှင်များ
ဖြစ်နေသည့်တိုင် အနက်ရောင်ဝတ်ရုံများနှင့်
နှိုင်းယှဉ်ပါက လုံးဝကိုအားနည်းခဲ့သည်။
အနက်ရောင်ဝတ်ရုံလူများက
တိုက်ခိုက်ရေးစွမ်းအား ပိုသာသဖြင့်
တိုက်ပွဲမှဲ့မြို့၏ တပ်ဖွဲ့က အရေးနိမ့်နေခဲ့သည်။

ယန်ယွဲ့သည် တစ်ခဏမျှ လေးလေးနက်နက်
တွေးတောပြီးနောက် အနက်ရောင်ဝတ်ရုံလူနှင့်
တိုက်ပွဲကို အချိန်မဆွဲတော့ရန်
ဆုံးဖြတ်လိုက်၏။ ရုတ်တရက်

သူ၏လက်သီးကို ဆန့်ထုတ်ကာ
အင်အားအပြည့်ဖြင့် အနက်ရောင်ဝတ်ရုံလူကို
ထိုးချလိုက်တော့သည်။ လက်သီးချက်ကနေ
ကြောက်မက်ဖွယ်ရာအားလှိုင်းများ
ပေါက်ကွဲထွက်လာပြီး အနက်ရောင်ဝတ်ရုံလူ၏
လက်ချောင်းကို အပိုင်းပိုင်းကွဲသွားစေသည်။
တစ်ချိန်တည်းမှာပင် အနက်ရောင်ဝတ်ရုံလူ၏
ခန္ဓာကိုယ်က မီတာ ၃၀၀ အကွာသို့
လွင့်ပျံသွားလေတော့သည်။

အနက်ရောင်ဝတ်ရုံလူကို လွင့်ပျံသွားအောက်
တိုက်ခိုက်ပြီးနောက် ယန်ယဲ့က နေရာမှာပင်

ပျောက်ကွယ်သွား၏။ ထို့နောက် သူ့ပုံရိပ်က ကောင်းကင်ဘုံနတ်ဘုရားခမ်းမ၏ အဖွဲ့ဝင်များရှေ့တွင် ပြန်ပေါ်လာပြီး လက်သီးတစ်ချက်စီ ပစ်သွင်းလိုက်သည်။

ဤနေရာရှိလူတိုင်း အံ့သြသွားကြသည်။

အကြောင်းမှာ ယန်ယွဲ့၏ လက်သီးချက် ထိမှန်သော လူတိုင်း ခြေကျိုး၊ လက်ကျိုး သို့မဟုတ် နေရာမှာပင် သေဆုံးသွားသောကြောင့်ပါ။

ယန်ယဲ့က တုံ့ဆိုင်းခြင်းမရှိဘဲ ဆက်တိုက် သတ်ဖြတ်နေခဲ့သည်။

ယန်ယဲ့ တိုက်ခိုက်လာသည်နှင့် အခြေအနေက ချက်ချင်းပြောင်းသွားတော့သည်။

ဤအခိုက် လွင့်ပျံသွားသည့် အနက်ရောင်ဝတ်ရုံလူက ယန်ယဲ့ရှေ့တွင် ပေါ်လာပြီး ပိတ်ရပ်နေသည်။ သို့သော်လည်း

ဤတစ်ကြိမ်မှာတော့ အနက်ရောင်ဝတ်ရုံလူက ၁ ကီလိုမီတာထိပင် လွင့်ပျံထွက်သွားခဲ့သည်။

အသက်ရှူ ၂၀ ရှိုက်စာခန့်အချိန်အတွင်းမှာပဲ ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏အဖွဲ့ဝင် ၃၀ နီးပါးကိုအသတ်ခံလိုက်ရတော့သည်။ ယန်ယဲ့ ပါဝင်တိုက်ခိုက်နေသောကြောင့် တိုက်ပွဲမှဲမြို့၏ တပ်ဖွဲ့က အသာသီးရလာခဲ့သည်။

"နောက်ဆုတ်ကြ!" ရုတ်တရက်
ကောင်းကင်ထက်မှ အသံတစ်သံ
ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ရုံလူများသည်
ဤစကားကိုကြားသောအခါ ခဏတာ
တုံ့ဆိုင်းသွားကာ မကြာခင်မှာပဲ
ပျောက်ကွယ်သွားကြသည် ။ ယန်ယဲ့ ကို
တိုက်ခိုက်နေသည့် အနက်ရောင်ဝတ်ရုံလူသာ
ထွက်မသွားသေးဘဲကျန်နေခဲ့သည် ။

အနက်ရောင်ဝတ်ရုံလူက ယန်ယဲ့ကို စိုက်ကြည့်နေရင်း “မင်းက ဘယ်သူလဲ” ဟု မေးလိုက်သည်။

ယန်ယဲ့က "ငါလား.....၊ ငါက တာအိုအမိန့်တော်ရဲ့ သာမန်တပည့်တစ်ယောက်ပဲလေ"

"ကောင်းတယ်! အရမ်းကောင်းတယ်! တာအိုအမိန့်တော် ....”
အနက်ရောင်ဝတ်ရုံလူက အေးစက်စက်

ပြောလိုက်ပြီးနောက် လူတိုင်းကို တစ်ချက်ကြည့်ရင်း နေရာမှာတင် ပျောက်ကွယ်သွား သည် ။

"တာအိုအမိန့်တော်!  ငါ့ရဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမက ဒါကို မှတ်ထားမယ်!” ကောင်းကင်ထက်မှ အသံတစ်ခု ထွက်ပေါ်လာသည်။

“ကောင်းကင်ဘုံနတ်ဘုရားခန်းမက ဘာမှမဟုတ်ဘူး! တာအိုအမိန့်တော်ကို

ကိုယ်စားပြုပြီး ဒါကိုပြောခွင့်ပြုပါ၊
မြောက်ပိုင်းဒေသက တာအိုအမိန့်တော်ရဲ့
ပိုင်နက်ပဲ။ ကောင်းကင်ဘုံနတ်ဘုရားခန်းမက
ဘယ်သူမဆို အနာဂတ်မှာ ဒီနေရာကို
လာဝံ့သရွေ့ ငါက မင်းတို့အားလုံးကို
သတ်ပစ်မယ်!" ယန်ယဲ့သည် ခေါင်းကို မော့ပြီး
ကောင်းကင်ကို မော့ကြည့်ရင်း
အထင်အမြင်သေးမှုအပြည့်နှင့် ပြောလိုက်၏။

"မင်းအခုမှပြောခဲ့တဲ့စကားကြောင့်
တောင်ပိုင်းဒေသ

မှာရှိတဲ့
တာအိုအမိန့်တော်ရဲ့တပည့်တွေအားလုံး
ဘယ်တော့မှပြန်မလာနိုင်တော့ဘူး!"
အသံသည် ကောင်းကင်မှ နောက်တစ်ကြိမ်
ထွက်ပေါ်လာသည်။ သို့သော်
အနည်းငယ်ပျော့ပျောင်းလာသည်။ အသံပိုင်ရှင်
ထွက်သွားပြီဖြစ်ကြောင်း သိသာပါသည်။

ဒီစကားကို ကြားလိုက်သည့်အခါ ယန်ယွဲ့က
စိတ်ထဲ အတော်လေး ဝမ်းသာသွားသည်။
ထိုအခြေအနေက အမှန်တကယ်ပင်
ကောင်းမွန်သောအရာတစ်ခုပါ။

တာအိုအမိန့်တော် နှင့်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ တို့
စစ်ဖြစ်ပါက ပို၍ပင်ကောင်းပေသေးသည်။

"အစ်ကို ကျေးဇူးတင်ပါတယ်!" ထိုအချိန်တွင်
ယုကွမ်းက ယန်ယဲ့ ထံသို့ ရုတ်တရက်
လှမ်းလာပြီး လက်သီးနှစ်ဖက်စုကာ
ပြောလိုက်လေသည်။

တစ်ဒါဇင်ကျော်နီးပါး ကျန်နေသေးသော
မြင်းတပ်သားသည်လည်း ယန်ယဲ့အား

လက်သီးနှစ်ဖက်စုကာ ဦးညွှတ်ရင်း
သူတို့၏မျက်နှာပေါ်တွင်
ရှိသေလေးစားသောအမူအရာများ
ရှိနေကြသည်။

ရုတ်တရက် ချန်းကျောင်က ယန်ယွဲ့ ဆီကို
လျှောက်လာပြီး "နင်က တာအိုအမိန့်တော်ရဲ့
တပည့်လား" ဟု မေးလိုက်သည်။

ယန်ယွဲ့သည် ချန်းကျောင်ကို ဂရုမစိုက်ဘဲ
ရထားလုံးပေါ်သို့ ရုတ်ချည်း

ပြန်ရောက်လာသည့် အဘိုးအိုကို စိုက်ကြည့်လိုက်သည်။ အဘိုးအိုသည် ယန်ယဲ့၏အကြည့်ကို သတိပြုမိသွားပုံရသည်။ သူက အနည်းငယ် ခေါင်းညိတ်ပြပြီး "ကျေးဇူးတင်ပါတယ် ညီငယ်လေး "

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "ငါလည်း တိုက်ပွဲမဲ့မြို့ကို သွားနေတာ။ မင်းတို့လည်း အတူတူသွားနေကြတာလား?"

"ဒါက အကောင်းဆုံးပဲ!" ယုကွမ်းက

"မင်းနာမည်သိလို့ရမလား"

ယန်ယဲ့က ပေါ့ပေါ့ပါးပါးနဲ့ "ယန်ယန်!"

" အစ်ကို ယန်

"ဟမ်!" ရုတ်တရုတ် ချန်းကျောင်က

အေးစက်စွာ အော်ဟစ်သည်

“ရှေးဟောင်းဓားကျောင်းတော်က အမှိုက်!

ဒီအနက်ဝတ်လူတွေ ရောက်လာတဲ့အခါ

ချက်ချင်း ထွက်ပြေးသွားတာကို နင်တို့အားလုံး သတိထားမိကြလား။
ဘယ်လောက်ရှက်စရာကောင်းလိုက်လဲ”

ဤစကားများ ပြောပြီးသည်နှင့် ချန်းကျောင်က ယန်ယဲ့ကို ရုတ်တရက် စိုက်ကြည့်ကာ ချစ်စရာကောင်းသော အပြုံးကို ထုတ်ဖော်ပြသခဲ့သည် "
တာအိုအမိန့်တော်ရဲ့တပည့်က အစ်ကိုရှောင် လိုပဲ ပိုပြီးသန်မာတယ်။ မဟုတ်ဘူး၊
အစ်ကိုယန် က အစ်ကိုရှောင် ထက် အများကြီး ရဲရင့်တယ်။"

"အစ်ကိုယန်! ဖွီး .... " ယန်ယဲ့သည် စက်ဆုပ်သွားသလို ခံစားလိုက်ရပြီး ချန်းကျောင်ကို ခေါင်းဖြတ်ချင်စိတ်ပင်ပေါက်လာသည်။

ယုကွမ်းက ခေါင်းခါပြီး "အန္တရာယ်ကြုံရင် ပြေးမယ်လို့ ပြောတဲ့အခါ သူ နောက်ပြောင်တယ်လို့ပဲ ထင်ခဲ့တယ်။ ဒါပေမဲ့ အခုလိုထွက်ပြေးသွားမယ်လို့ ငါဘယ်တော့မှမ မျှော်လင့်ဘူး.... ဟုတ်တယ်၊ အရင်တုန်းက ငါတွေ့ဖူးတဲ့ ရှေးဟောင်းဓားကျောင်းတော်ရဲ့

တပည့်တွေကြားမှာ သေရမှာ
ကြောက်တဲ့လူကို ငါ တစ်ခါမှ မတွေ့ဖူးဘူး။”

ယန်ယဲ့က ခေါင်းသာခါပြလိုက်သည်။ သူက
ဘာရှင်းပြချက်မှ မပေးပေ။
လက်တစ်ဖက်ငှားပြီး ကူလိုက်ခြင်းမှာ
တာအိုအမိန့်တော် နှင့်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ နှစ်ခုစလုံးက
သူ၏ရန်သူများ ဖြစ်နေသောကြောင့်ပင်။
ဒီလူအားလုံးကို ကူညီလိုက်ခြင်းမဟုတ်ပေ။

"အခုနတုန်းက အကူအညီအတွက် ကျေးဇူးတင်ပါတယ်!" ရုတ်တရက် ကြည်လင်ပြီမ့်ညောင်းသော အသံတစ်သံ ယန်ယွဲ့၏ နောက်ကွယ်မှ ထွက်ပေါ်လာသည်။

ယန်ယွဲ့သည် စကားသံလာရာ ဆီသို့လှမ်းကြည့်လိုက်ရာ သူ့နောက်တွင် ကလေးမလေးတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။ ကလေးမလေးက အလွန်ငယ်ရွယ်ပြီး အသက် ၁၀ နှစ်ခန့်သာ ရှိသေး၏။

သူမလေးက ဆံပင်ရှည်များကို
မြင်းမြီးသဏ္ဍာန်စီးနှောင်ထားပြီး
ခေါင်းနောက်ဖက်မှာ ချထားသည်။

ထူးခြားချက်မှာ ကလေးမလေး၏
မျက်နှာပေါ်တွင်
ရင့်ကျက်သည့်အရိပ်အယောင်များ ရှိနေတာပါ။
ယန်ယွဲ့သည်ပင် အနည်းငယ်
အံ့သြသွားမိသည်။

"တတိယမြောက် သခင်မလေး " ယုကွမ်းက
ကလေးမလေး ဆီကို

အလျင်အမြန်ပြေးသွားလိုက်ပြီး
"ဘာလုပ်နေတာလဲ..."

ကလေးမလေးက လက်ကိုဝှေ့ယမ်းပြီး
တိုက်ပွဲမှာ ကျဆုံးသွားသော
မြင်းတပ်သားများ၏ အလောင်းများကို
ကြည့်လိုက်သည်။ ထို့နောက်မှာတော့ သူမဟာ
အလောင်းများကို ဦးညွှတ်ပြီး "နင်တို့အားလုံး
ငါ့အတွက် အသေခံခဲ့တယ်။ ငါ ယုဝူရှမ် ဒါကို
သေချာပေါက်မှတ်ထားမယ်။ စိတ်မပူပါနဲ့..
နင်တို့ရဲ့မိသားစုတွေကို
ငါကောင်းကောင်းဂရုစိုက်မယ်။ ဦးလေးကွမ်း!

ဒီကျဆုံးသွားတဲ့ စစ်သားအားလုံးအတွက်
သူတို့ရဲ့မိသားစုတွေကို အဆင့်လွှန်
စွမ်းအင်ကျောက်တုံး ၁၀,၀၀၀ ဆုချပြီး မြို့မှာ
အကောင်းဆုံး အကာအကွယ်နဲ့
အကျိုးခံစားခွင့်တွေကို ခံစားခွင့်ပေးလိုက်ပါ။
အသက်ရှင်ကျန်နေတဲ့ စစ်သည်တွေကတော့
တစ်နှစ်စာလစာရဲ့နှစ်ဆ ရမယ်"

"ကျေးဇူးတင်ပါတယ် တတိယသခင်မလေး "
ယုကွမ်း နှင့် ကျန်မြင်းတပ်သားများက
ချက်ချင်းပင် ကျေးဇူးတင်စိတ်ဖြင့်
လှမ်းသွားပြီး သူမကို ဦးညွှတ်ကြသည်။

"ငါကသာ နင်တို့အားလုံးကို ကျေးဇူးတင်ရမှာပါလေ" ကလေးမလေး၏ မျက်လုံးများတွင် ဝမ်းနည်းမှု အရိပ်အယောင်တစ်ခု ပေါ်လာသည် "နင်တို့ရဲ့ အသက်စွန့်ကာကွယ်ပေးတာသာမဟုတ်ရင် ငါ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် သေသွားလိမ့်မယ်"

"တိုက်ပွဲမဲ့မြို့က လူတိုင်းဟာ တတိယသခင်မလေးကို ကာကွယ်ဖို့

တာဝန်ရှိတယ်"ယုကွမ်းက ဒေါသတကြီး အော်လိုက်သည်။

"တိုက်ပွဲမှဲမြို့က လူတိုင်း တတိယသခင်မလေးကို ကာကွယ်ရမယ်" ယုကွမ်း၏ နောက်က မြင်းတပ်သားများလည်း ကျယ်လောင်စွာ အော်ဟစ်ကြသည်။

"ဒီကလေးမလေးက တကယ်ကို ထူးခြားတာပဲ" ယန်ယဲ့က ကလေးမလေးကို မှတ်ချက်ပြုလိုက်သည်။ သူမ၏

နည်းလမ်းများသည် အလွန်ထူးခြားသော်လည်း ပို၍ထူးခြားသည်မှာ ကလေးမလေးက သိုင်းကျောဇ်အဆင့် ပညာရှင် တစ်ဦးဖြစ်နေခြင်းပင်။

" အသက် ၁၀ နှစ်နဲ့ သိုင်းကျောဇ်အဆင့် ပညာရှင်"

၁၀၄၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၄၀ - ငါမင်းကိုသဘောမကျဘူး

ယုဝူရှမ်က ခေါင်းညိတ်လိုက်ပြီး ချန်းကျောင်တို့အုပ်စုကို ကြည့်လိုက်ရင်း "နင်တို့အားလုံး ငါ့ရဲ့တိုက်ပွဲမဲ့မြို့က ကောင်းကင်ဘုံနတ်ဘုရားခန်းမနဲ့ ရန်သူဆိုတာ အားလုံးသဘောပေါက်သွားလောက်ပြီထင်ပါတယ်။ နင်တို့ အခုချက်ချင်းထွက်သွားရင် နင်တို့အားလုံးကို ငါကန့်ကွက်မှာ မဟုတ်ဘူး၊ တစ်ခုတော့ရှိတယ်။ ဒီနေ့အဖြစ်အပျက်ကို ဘယ်သူ့မှပြန်မပြောဘူးလို့ကတိပေးရမယ်"

လူတိုင်း၏ အမူအရာများသည် အနည်းငယ်
ပြောင်းလဲသွားသည်။ တိုက်ပွဲမဲ့မြို့၏ ရန်သူက
ကောင်းကင်ဘုံနတ်ဘုရားခန်းမဖြစ်သည်ကို
သိလိုက်ရသည်နှင့် တစ်ပြိုင်နက် ၎င်းတို့သည်
ထိုကိစ္စကို ဝင်ရောက်စွက်ဖက်လိုခြင်း
မရှိသောကြောင့် ထွက်ခွာလိုခဲ့ကြသည်။
သို့သော်လည်း သူတို့ အခု ထွက်သွားပြီး
စကားများပြန့်သွားပါက
တိမ်ပင်လယ်အကယ်ဒမီကနေ သေချာပေါက်
နှင့်ထုတ်ခံရပါလိမ့်မည်။

နောက်ဆုံးတွင်
၎င်းတို့၏ဂုဏ်သတင်းဂရုစိုက်သည်က
ရှေးဟောင်းဓားကျောင်းတော်နှင့်
တာအိုအမိန့်တော်သာမကဘဲ
တိမ်ပင်လယ်အကယ်ဒမီသည်လည်း
အတူတူပင်ဖြစ်ပါသည်။

သူတို့က စကားတစ်ခွန်းမှ
ပြန်နှုံးအောင်မလုပ်ပါဟု ကတိပေးသည့်တိုင်
ကလေးမလေးက
အလွယ်တကူယုံကြည်မှာမဟုတ်ပေ။

ရှုဝမ်က အကူအညီမဲ့စွာ ရယ်မောပြီး
"လောဘကြီးလွန်းပြီး ဒီတာဝန်ကို
လက်ခံလိုက်တဲ့အတွက် ကိုယ့်ကိုကိုယ်ပဲ
အပြစ်တင်လို့ရတယ်"

ယုဝူရှမ်က “စိတ်မပူပါနဲ့၊
ကောင်းကင်ဘုံနတ်ဘုရားခန်းမက
ဒီနေ့ကျရှုံးသွားတဲ့အတွက် ငါထင်တာမမှားရင်
သူတို့က အချိန်တိုအတွင်းမှာ ထပ်ပြီး
တိုက်ခိုက်မှာ မဟုတ်ဘူးဆိုတာ
သေချာပါတယ်။ ဒါဆို ငါတို့ခရီးက အခုကစပြီး
အေးချမ်းလိမ့်မယ်!”

ရှုဝမ်က ခေါင်းညိတ်လိုက်သည် "ဒါဆို
တတိယသခင်မလေး ထင်တာ မှန်မယ်လို့
မျှော်လင့်ပါတယ်"

ယုဝူရှမ်က ယန်ယဲ့ကို လှည့်ကြည့်ပြီး
"ရထားလုံးထဲမှာ စကားပြောလို့ရမလား"

ယန်ယဲ့သည် ကလေးမလေးက
အသက်အရွယ်နှင့်မလိုက်အောင်

ရင့်ကျက်နေသဖြင့် အံ့သြနေသော်လည်း
တုန်လှုပ်သွားခြင်းမျိုးမရှိပေ။
ကလေးမလေးက ရုတ်တရက် သူနှင့်
စကားပြောချင်နေသည်ကို သိလိုက်ရာ
ခဏတာတုံ့ဆိုင်းသွားပြီး
ခေါင်းညိတ်လိုက်ပါသည်။

ရထားလုံးထဲမှာ ကလေးမလေးက
ကျောက်စိမ်းစားပွဲ

ရှေ့ဦး တင်ပျဉ်ခွေလျှထိုင်ချကာ ယန်ယဲ့ကို ကြည့်နေရင်း “ငါ နင်ကို ယန်ရီ၊ ရဲယန် ဒါမှမဟုတ် ယန်ယဲ့လို့ ခေါ်ရမလား…”

ယန်ယဲ့က ယုဝူရှမ်ကို အချိန်အကြာကြီး စိုက်ကြည့်နေတယ် " မင်းငါ့ကို ဘယ်တုန်းက တွေ့တာလဲ "

ယုဝူရှမ်က သူမ၏လက်ကို ညင်သာစွာ ဝှေ့ယမ်းလိုက်သည်။
လက်ဖက်ရည်ခွက်တစ်ခုက ယန်ယဲ့ ဆီသို့

လွင့်ပျံသွားပြီး "ကျေးဇူးပြုပြီး လက်ဖက်ရည်ထိုင်သောက်ပါဦး"

ယန်ယဲ့က လက်ဖက်ရည်ခွက်ကိုယူကာ သူမရှေ့တွင်ထိုင်ချလိုက်သည်။ သူက "ငါက ဒီအချိန်မှာ တော်တော်လေး အံ့သြမိတယ်"

"အစ်ကိုယန် က တကယ်ကို ရိုးရိုးသားပွင့်လင်းတာပဲ!"

ယုဝူရှမ်က ပြုံးလိုက်ပြီး "တာအိုအမိန့်တော်ရဲ့ ငရဲခေါင်းတလားကို ဖျက်ဆီးခဲ့သူက မျှော်လင့်ထားတဲ့အတိုင်းပါပဲလား"

ယန်ယဲ့က "မင်း ငါ့ကို ဘာလို့ ဒီကို လာခေါ်တာလဲ" ယုဝူရှမ်က ရင့်ကျက်လွန်းသည်ဖြစ်ရာ သူ့စိတ်ထဲ သိပ်ပြီး သဘောမတွေ့လှပေ။ အကြောင်းအရင်းက အများအားဖြင့် သူမက ရည်ရွယ်ချက်တစ်ခုရှိနေသည်ဟု ခံစားရသောကြောင့်ပင်။

သူမက “အစ်ကိုယန် က သိုင်းပညာနှလုံးသားမြို့ကနေ ထွက်လာတာဖြစ်ရမယ်။ နင့်ရဲ့ဦးတည်ချက်က တိုက်ပွဲမဲ့မြို့ပဲမဟုတ်လား။ အဲဒီကနေတစ်ဆင့် ရှေးဟောင်းဓားကျောင်းတော်ကို ပြန်သွားဖို့ ပေါ်တယ်စနစ်ကို အသုံးပြုချင်နေတာ။ ငါမှန်တယ်မလား?"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
"ဟုတ်တယ်"

ယုဝူရှမ်က "တိုက်ပွဲမဲ့မြို့က ငါ့အိမ်လေ။ ဒီတော့ ပေါ်တယ်စနစ်ကလည်း ငါတို့ကလန်ကပိုင်တယ်"

ယန်ယဲ့က သူမကို စိုက်ကြည့်ကာ တည်ငြိမ်သော အသံဖြင့် "မင်းဘာပြောဖို့ ကြိုးစားနေတာလဲ!"

"ငါ နင့်ကို ရှေးဟောင်းဓားကျောင်းတော်ဆီ ချက်ချင်း ပြန်ပို့ပေးနိုင်တယ်!" ယုဝူရှမ်က ယန်ယဲ့ကို စိုက်ကြည့်နေသည်။

သူမ၏မျက်လုံးများက
အရောင်တလက်လက်တောက်ပနေကာ
မျက်နှာသေးသေးလေးကလည်း
အပြုံးမပျက်ပေ။

ယန်ယဲ့က  "အဲဒီအပြင်မှာထိုင်နေတဲ့
လူအိုကြီးသာ မရှိရင် မင်းကိုယ့်ကိုကိုယ်
ကာကွယ်နိုင်မှာ မဟုတ်ဘူး!"

သူမက ပြုံးပြီးပြောလိုက်သည် "အစ်ကိုယန်!
နင်က အမျိုးသမီးတွေကို အထင်သေးနေပုံပဲ "

"မဟုတ်ဘူး၊ ငါအထင်မသေးဘူး။ အရမ်းသန်မာတဲ့ အမျိုးသမီး နှစ်ယောက်ကို ငါသိတယ်။ သူတို့က ငါတွေ့ဖူးတဲ့ ယောက်ျားတွေထက် ပိုသန်မာတယ်။ ဒါကြောင့် အမျိုးသမီးတွေကို ဘယ်တုန်းကမှ အထင်မသေးခဲ့ဖူးဘူး၊ မင်းကို ငါ ဘယ်တုန်းက မထီမဲ့မြင်ပြုလို့လဲ။ ကလေးမလေး! ငါ...တကယ်ပြောနေတာ"

ယုဝူရှမ်က မျက်လုံးများ တောက်ပလာပြီး သူမက " အစ်ကိုယန်လိုလူကတောင်

ချီးမွမ်းကြတဲ့ အမျိုးသမီးတွေက
အရမ်းထူးခြားတယ်လို့ ငါထင်တယ်
ဟုတ်သလား "

ယန်ယဲ့က လက်ကို ဝှေ့ယမ်းပြီး
"မင်းနဲ့စကားပြောရတာ သိပ်မကြိုက်ဘူး။
ဒါကြောင့် ငါသွားတော့မယ်"

"အစ်ကို ယန်၊ ငါက ငယ်သေးလို့လို့
နင်ထင်တာလား"

ယန်ယဲ့က စကားပြန်မပြောပေ၊
မတ်တပ်ထရပ်ပြီး ရထားလုံးတံခါးဆီသို့
လျှောက်သွားလိုက်သည်။

“အစ်ကိုယန်မှာ ချစ်သူနှစ်ယောက်ရှိတယ်၊
သူတို့နှစ်ယောက်က
ချောမောလှပတဲ့ညီအစ်မတွေဆိုတာ
ငါကြားတယ်။ အစ်ကိုယန်က သူတို့အတွက်
အများအယွင်းတွေ မဖြစ်စေချင်ဘူးဆိုတာ
သေချာတယ် မဟုတ်လား။ ငါ….”

ယုဝ္ဝူရှမ်းက စကားပင်မဆုံးသေး၊ သူမရှေ့တွင်
အလင်းရောင်တစ်ချက်တောက်ပလာပြီး
လက်တစ်ဖက်က သူမ၏လည်ပင်းအား
ဖမ်းဆုပ်ထားကြောင်း သတိပြုမိလိုက်သည်။
ယုဝ္ဝူရှမ်၏မျက်လုံးသေးသေးလေးများက
အနည်းငယ်ပြူးကျယ်လာပြီး
အသက်ရှူကြပ်သွားသလို ခံစားလိုက်ရသည်။

ရုတ်တရက် ရထားလုံးကို မောင်းနှင်လာသည့်
အဘိုးအိုက ရထားလုံးထဲတွင် ပေါ်လာသည်။

"တတိယသခင်မလေးကို လွှတ်ပေးပြီး မင်းထွက်သွားတော့ " အဘိုးအိုက လက်သီးနှစ်ဖက်ကို တင်းကျပ်စွာဆုပ်ထားရင်း မျက်လုံးထဲတွင် သတ်ဖြတ်ချင်စိတ်များ ပေါ်လာသည်။

ယန်ယွဲ့သည် အဘိုးအိုအား ဂရုမစိုက်ဘဲ ယုဝူရှမ်၏ လည်ပင်းကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်ပြီး "ငါ မြို့ကို လိုက်ပါချင်ရုံပဲ၊ တိုက်ပွဲမဲ့မြို့ကို သွားဖို့ ရည်ရွယ်ချက် မရှိဘူး။ ငါ့မှာ မကောင်းကြံရုံတင်မကဘူး၊ မင်းကို လက်တစ်ဖက်တောင် ငှားထားသေးတယ်။

ဒါတောင် မင်းက ကျေးဇူးမတင်တဲ့အပြင် ငါ့ကိုပါ အသုံးချဖို့ ရည်ရွယ်နေသေးတယ်။ဒါ့ပြင် မင်းငါ့ကို ဒီလိုရည်ရွယ်ချက်နဲ့တောင် ခြိမ်းခြောက်သေးတယ်။ ကောင်မလေး၊ မင်းကို ငါမသတ်ဝံ့ဘူးလို့ မင်းထင်လား။ စမ်းကြည့်ချင်သလား။ မင်းက နှစ်ခါ မျက်တောင်ခတ်ပြရုံနဲ့ ငါမင်းကို သတ်ရဲလား မသတ်ရဲဘူးလားဆိုတာ မင်းသိလိမ့်မယ်!”

"ယန်ယဲ့! မင်းက သူ့ကိုထိဝံ့ရင်..." အဘိုးအိုက တစ်ခုခုပြောဖို့ ပြင်လိုက်သော်လည်း ယန်ယဲ့က စကားဖြတ်ပြောလိုက်၏ "မင်းရဲ့

သောက်ပါးစပ်ကိုပိတ်ထားစမ်း။ နောက်ထပ် စကားတစ်ခွန်းထပ်ပြောရဲရင် ငါ သူ့လည်ပင်းကို အခုချက်ချင်း လိမ်ချိုးပစ်လိုက်မယ်။မင်းငါ့ကိုစမ်းကြည့်ချင် လား"

အဘိုးအိုက မျက်နှာပျက်သွားကာ နှုတ်ခမ်းအနည်းငယ် လှုပ်သွားသော်လည်း အဆုံးတွင် စကားမပြောဝံ့တော့ပေ။

ယုဝူရှမ်း၏ မျက်နှာက အနည်းငယ်
ဖြူရော်နေကာယ ခရမ်းရောင်ပြောင်းသွားသော
သူမ၏နှုတ်ခမ်းများကို ဖွင့်လိုက်သော်လည်း
ယန်ယဲ့ဟာ သူ့လက်ကို ဖြေလျော့မပေးခဲ့ပေ။
ထိုအချိန်တွင် အဘိုးအိုက သူ့ လက်သီးများကို
တင်းတင်းကြပ်ကြပ် ဆုပ်ထားမိသည်။ သူက
ဒေါသထွက်နေသော်လည်း မတိုက်ခိုက်ဝံ့ပေ။

ယန်ယဲ့က ယုဝူရှမ်ကို
ခဏကြာစိုက်ကြည့်နေပြီး အဆုံးတွင်
သူ့လက်ကိုဖြေလျော့ကာ
လွှတ်ပေးလိုက်သည်။ ယုဝူရှမ်က

မြေပြင်ပေါ်သို့ တန်းတန်းမတ်မတ်ကျလာပြီး လေကို တစ်ဝကြီး ရှူရှိုက်လိုက်သည်။ ထိုအချိန်တွင် အဘိုးအိုက ယန်ယဲ့ကို တိုက်ခိုက်ဖို့ ပြင်သည်။ သို့သော်လည်း ယုဝူရှမ်က သူမ၏လက်ကို ဝှေ့ယမ်းလိုက်ကာ "ဦးလေးလီ! အပြင်ပြန်ထွက်သွားလို့ရပြီ"

အဘိုးအိုက ယန်ယဲ့ကို စိုက်ကြည့်ပြီးနောက် ယုဝူရှမ်ကို တစ်ချက်ကြည့်လိုက်၏။ အဆုံးတွင် ခေါင်းညိတ်ကာ ထွက်ခွာသွားခဲ့သည်။

"နှင့်ရဲ့စိတ်နေသဘောထားကို အကဲဖြတ်တာ
ငါမှားသွားပုံပဲ။" ယုဝူရှမ်က ဆက်ပြောပါသည်
"ပြီးတော့ နှင့်ရဲ့ရဲရင့်မှုကိုလည်း
ငါလျှော့တွက်ခဲ့မိတယ်။ အပြင်ဖက်မှာ
အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့်
ရှိနေတယ်ဆိုတာ ရှင်းရှင်းလင်းလင်း
သိထားပေမဲ့ နှင်ငါ့ကို တိုက်ခိုက်ရဲတယ်။
ပြောစရာမလိုအောင်ကို နှင်ကတကယ်ပဲ
ရဲတင်းလွန်းတယ်”

ယန်ယွဲ့က သူမဆီ လှမ်းလာပြီး ရယ်မောရင်း
“မင်း စောစောက ကြောက်နေခဲ့တာ

သေချာပေမဲ့ အခုကျ လုံးဝမကြောက်တဲ့
ပုံစံအတိုင်းပြောနေတုန်းပဲ။ မင်းဘဝက
တကယ်ကိုပင်ပန်းတာ သေချာတယ်"
ယန်ယဲ့က လျှောင်ပြောင်ရင်း
ရထားလုံးထဲကနေ ပြန်ထွက်လာလိုက်သည်။

ယန်ယဲ့ စကားပြောပြီးနောက်
ထွက်သွားသည်ကို ကြည့်နေရင်း ယုဝူရှမ်၏
ခန္ဓာကိုယ်သေးသေးလေးက နေရာမှာပင်
တောင့်တင်းလာကာ အေးခဲသွားသလိုပင်။

ယန်ယဲ့ ရထားလုံးပေါ်မှ ဆင်းလိုက်သည်နှင့် အဘိုးအိုက သူ့လမ်းတွင် ပိတ်ရပ်နေသည်။

ယန်ယဲ့က အဘိုးအိုကို ဂရုမစိုက်ဘဲ "လူအိုကြီး! ငါ့ကို တိုက်ခိုက်ဖို့ကြံနေတယ်ဆိုရင် မင်းရဲ့အတွေးတွေကို စွန့်လွှတ်လိုက်ပါ။ မင်းမပြောနဲ့၊ အခုငါ့ကိုတိုက်ခိုက်ရင် ရှေးဟောင်းဓားကျောင်းတော်ရဲ့ ကောင်းကင်တောင်ထိပ်က ခွင့်လွှတ်မလားဆိုတာ ကြည့်ရအောင်။ ကောင်းပြီ၊ ဒါကြောင့် အပိုတွေမလုပ်ဘဲ မင်းရဲ့ ခွန်အားနဲ့ အသက်ကို ကယ်တင်လိုက်ပါ!"

စကားပြောပြီးသည်နှင့် ယန်ယဲ့က အဘိုးအိုကို
ကွေ့ပတ်ကာ သူ၏နတ်ဆိုးမြင်းပေါ်
ခုန်တက်လိုက်သည်။

ထိုအချိန်တွင် ချန်းကျောင်က
မြင်းကိုတစ်ချက်ပုတ်ရင်း သူ့ဘေးနား
ရောက်လာသည်ကို သတိထားမိလိုက်သည်။

ယန်ယဲ့က သူမကို စူးစူးရဲရဲစိုက်ကြည့်ရင်း
“မင်းပါးစပ်ကိုပိတ်ထားတာကောင်းမယ်၊

ဒါမှမဟုတ်ရင် မင်းကို ပါးရိုက်ဖို့
ငါ့ကိုယ်ငါထိန်းနိုင်မှာမဟုတ်ဘူး”

သို့သော်လည်း ချန်းကျောင်က
လုံးဝဒေါသမထွက်ပေ။ ထိုအစား
ပြုံးပင်ပြုံးနေလေသည်
"တာအိုအမိန့်တော်ရဲ့တပည့်တွေက
မျှော်လင့်ထားတဲ့အတိုင်းပဲ၊ လုံးဝကို
တရားလွန်မောက်မာကြတယ်။ ငါက
ဂိုဏ်းတူအစ်ကိုရှောင် လိုပဲ မောက်မာတဲ့
ယောက်ျားတွေကို ကြိုက်တယ်။”

ယန်ယဲ့က
ဘာပြောရမှန်းမသိအောင်ဖြစ်သွားပြီးသူ၏ညာ
လက်သီးကို ဖြည်းညှင်းစွာ
ဆုပ်ထားလိုက်သည်။ သူ့လက်သီးက
ချန်းကျောင်၏မျက်နှာကို
ဖြတ်ထိုးရန်ပြင်နေချိန်မှာပဲ ယုဝူရှမ်က
တွေ့သည့် မြင်းတစ်ကောင်ကို
ရုတ်တရက်စီးလာပြီး သူ့ဘေးနားကို
ရောက်လာသည်။ သူမက ပြုံးလိုက်ပြီး "အစ်ကို
ယန်၊ နင် အဲဒါကို စဉ်းစားသင့်တယ်။
မိန်းမပျိုချန်းရဲ့အဖိုးက အကြို

သိုင်းသူတော်စင် ဖြစ်တဲ့အပြင် သူမရဲ့ အဖွားကလည်း တိမ်ပင်လယ်အကယ်ဒမီရဲ့ သိုင်းသူတော် ၇ ယောက်ထဲက တစ်ယောက် ဖြစ်နေသေးတယ်။ စစ်မှန်တဲ့ သိုင်းသူတော်စင် နော်။ ပြီးတော့ သူမရဲ့အဖိုးနဲ့အဖွားက မိန်းမပျိုချန်းကို အတော်လေးကြင်နာပြီး အလိုလိုက်တယ်။ တစ်ယောက်ယောက်က သူ့ကို အနိုင်ကျင့်ရင် သူ့အဖိုးနဲ့ အဖွားက လက်စားချေဖို့ ဘာမဆိုလုပ်မှာ သေချာတယ်"

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၄၁ - ငါက ယန်ယဲ့ကို

သင်ပေးလို့ရတာပေါ့

ချန်းကျောင်က ဂုဏ်ယူစွာ ပြုံးသည့်

“ဟုတ်တယ်။ ပင်လယ်လှိုင်းစီရင်စုမှာ

ဘယ်သူမဆို ငါ့ကို အနိုင်ကျင့်ရဲမှာမဟုတ်ဘူး။

ဟုတ်တယ်.... အဲဒီယန်ယဲ့။ ဟမ့်... သူက

ငါ့ရဲ့ဂိုဏ်းတူအစ်ကိုရှောင်ကို သတ်ပစ်ရဲတယ်။

သူက ငါ့ကို
မတွေ့စေနဲ့ဆုတောင်းထားသင့်တယ်။
မဟုတ်ရင် ငါ သူ့ဘဝကို
သေတာထက်ဆိုးအောင်
ကုန်းကုန်းလုပ်ပေးလိုက်မယ် ”

"ချန်းကျောင်! မင်းကို ဘယ်သူက
အနိုင်ကျင့်နေတာလဲ!" ရုတ်တရက်
အဝေးဆီကနေ ကျယ်လောင်သောရယ်မောသံ
ပဲ့တင်ထပ်လာသည်။
မကြာခင်မှာပဲအဖြူရောင်ဝတ်ရုံဝတ်
လူတစ်ယောက် ကောင်းကင်ထက်ကနေ

ဆင်းသက်လာခဲ့သည်။ အစတွင် ထိုလူက ၃
ကီလိုမီတာကျော်အကွာရှိနေသော်ငြား
အသက်ရှူချိန်အနည်းငယ်အတွင်းမှာပဲ
ယန်ယွဲ့နှင့် လူတိုင်းရှေ့သို့
ရောက်လာခဲ့လေသည်။

"ဂိုဏ်းတူအစ်ကို ရှုဝူရှမ်း"
အဖြူရောင်ဝတ်ရုံလူငယ်ကို
တွေ့လိုက်ရသောအခါ
တိမ်ပင်လယ်အကယ်ဒမီမှ လူတိုင်း
အံ့သြသွားသည်။

ချန်းကျောင်က အဖြူရောင်ဝတ်ရုံလူငယ်ကို
မြင်လိုက်သည်နှင့် ချက်ချင်းပြေးဝင်သွားကာ
ပွေ့ဖက်လိုက်ပြီး လူတိုင်းရှေ့မှာပဲ
နှုတ်ခမ်းချင်းတေ့နမ်းလိုက်သည်။

တိမ်ပင်လယ်အကယ်ဒမီ၏ တပည့်များသည်
အတော်လေး ရှက်ရွံ့နေသော်လည်း
ထိုအကြောင်းကို ဘာမှမပြောရဲကြပေ။

"ရှုဝူရှမ်း!" အဖြူရောင်ဝတ်ရုံလူကို
မြင်သောအခါ ယုဝူရှမ်၏ မျက်လုံးများတွင်

အံ့အားသင့်မှု အရိပ်အယောင်များ ထွက်ပေါ်လာသည်။ ယန်ယဲ့ကို စိုက်ကြည့်ကာ "ရှုဝူရှမ်းက တိမ်ပင်လယ်အကယ်ဒမီရဲ့ လူငယ်မျိုးဆက်သစ်ထဲမှာ ထူးချွန်တဲ့ ပါရမီရှင်တစ်ယောက်ပဲ။ အနည်းဆုံး လူငယ်မျိုးဆက် ထိပ်တန်း ၁၀ ယောက်ထဲမှာ ပါဝင်တယ်"

"မိန်းကလေးယု! မင်းက သိပ်သဘောကောင်းတာပဲ!" ထိုအချိန်တွင် ရှုဝူရှမ်းက ချန်းကျောင်၏လက်ကို ကိုင်ထားရင်း ယုဝူရှွမ် ထံသို့ ရုတ်တရက်

လျှောက်လာခဲ့သည်။ သူက "ဒါဟာ ငါ့အတွက် မထိုက်တန်တဲ့ ဂုဏ်သတင်းတစ်ခုပါပဲလေ။ ရှေးဟောင်းဓားကျောင်းတော်ရဲ့ လုဝမ်အာ၊ တာအိုအမိန့်တော်ရဲ့ ကာကွယ်စောင့်ရှောက်သူ၊ အဆုံးမဲ့နတ်ဆိုးဂိုဏ်းရဲ့ နတ်ဆိုးသခင်လေးနဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့ ကောင်းကင်သခင်လေး တို့နဲ့ ယှဉ်ရင် ငါက ပိုညံ့ပါတယ်။"

ယုဝူရှမ်က အနည်းငယ် ပြုံးပြီး ပြောလိုက်လေသည်။ "သခင်လေးရှူ! နင်က ကိုယ့်ကိုယ်ကို အရမ်းနှိမ့်ချတာပဲ။ သခင်လေးရှူ

က မိန်းမပျိုချန်း နဲ့ တခြားသူတွေကို ပြန်ခေါ် ဖို့ ဒီကိုလာခဲ့တာ .... ဟုတ်တယ်မလား"

ရှူဝူရှမ်းက ခေါင်းညိတ်ပြီးပြောသည် "ဒါ့အပြင် တခြားတစ်ခုရှိသေးတယ်၊ အဲဒါက မိန်းကလေးယု ဆီက အကူအညီတောင်းဖို့ပဲ!"

"အိုး" ယုဝူရှမ်က အနည်းငယ် အံ့သြသွားပြီး "ဒါက ဘာလဲဆိုတာ ငါသိနိုင်မလား။"

ရှုဝူရှမ်းက " ယုကလန် ရဲ့
သတင်းအချက်အလက်ကွန်ရက်က ကမ္ဘာမှာ
အဆန်းကြယ်ဆုံးလို့ ဆိုကြတယ်။ ဒီတော့
တစ်စုံတစ်ယောက်ကို ရှာဖွေရာမှာ
မိန်းကလေးယု က အကူအညီပေးဖို့
မျှော်လင့်ပါတယ်"

"အဲဒီလူက ရှေးဟောင်းဓားကျောင်းတော်ကပဲ"

"ယန်ယွဲ့ လို့ခေါ်တယ်"

ရှုဝူရှမ်းကို စိုက်ကြည့်ရင်း ယန်ယဲ့၏ မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ထိုအချိန်တွင် ယုဝူရှမ်က အနည်းငယ် အံ့အားသင့်သွားပြီး "နင် သူ့ကို ဘာလို့ ရှာနေတာလဲဆိုတာ ငါ သိနိုင်မလား" ဟု ထပ်မေးလိုက်၏။

"ငါ သူ့ကို သင်ခန်းစာတစ်ခုလောက် သင်ပေးရတာပေါ့!" ရှုဝူရှမ်းက “သူဟာ ငါ့ရဲ့ တိမ်ပင်လယ်အကယ်ဒမီက တပည့်တွေကို သတ်ပြီး ငါ့အကယ်ဒမီကို အရှက်ရစေခဲ့တယ်။

တိမ်ပင်လယ်အကယ်ဒမီရဲ့တပည့်တစ်ယောက်အနေနဲ့ ဒီလိုမျိုးကိစ္စကို ဘယ်လိုလုပ်သည်းခံနိုင်မလဲ"

ယုဝူရှမ်က "ဒါပေမဲ့ သခင်လေးရှူက သိုင်းကျောဇ်အဆင့် ထင်တယ်"

"စိတ်မပူပါနဲ့!" ရှုဝူရှမ်းက "ငါ သူ့ကို အနိုင်ကျင့်မှာ မဟုတ်ဘူး၊ သူ့ကို လက်တစ်ဖက်တည်းနဲ့ တိုက်မယ်!"

" လက်တစ်ဖက်တည်းနဲ့လား." ယန်ယဲ့က ရှုဝူရှမ်းကို ငုံ့ကြည့်ပြီး ခေါင်းယမ်းလိုက်သည်။ ရှုဝူရှမ်းက မန်ဘာ ထက်အနည်းငယ်ပိုအားကောင်းကြောင်း သူခံစားမိပေသည်။ သို့သော်လည်း တကယ်သာ တိုက်ခဲ့လျှင် မန်ဘာ က ရက်စက်ကြမ်းကြုတ်သောကြောင့် ရှုဟူရှမ်းက မန်ဘာကို ရှုံးသွားပေလိမ့်မည်။

“လက်တစ်ဖက်….” ယုဝူရှမ်၏မျက်နှာသည် အနည်းငယ် တင်းမာသွားကာ ယန်ယဲ့ဖက်ကို

မသိမသာတစ်ချက်ကြည့်လိုက်ပြီး "အာ..
သခင်လေးယုက အရမ်းယုံကြည်ချက်ရှိပုံပဲ!"

ယန်ယဲ့၏ အစစ်အမှန်ခွန်အားကို
မသိသော်လည်း အစောပိုင်းက ယန်ယဲ့
ဘယ်လိုတိုက်ခိုက်ခဲ့သည်ဆိုသည်ကို
ပြန်တွေးကြည့်ပါက
လုံးဝကိုနားမလည်နိုင်ဟုသာ
ဖော်ပြနိုင်ပါသည်။

သိုင်းပညာနှလုံးသားမြို့၌ ဖြစ်ပွားခဲ့သော တိုက်ပွဲသတင်း ပြန့်နှံ့သွားပြီးနောက်မှ သူမလည်း ယန်ယဲ့ကို သတိထားမိခဲ့ခြင်းပင်။

ထိုအချက်ကြောင့် ထိုယန်ယဲ့က တွေးကြည့်စရာမလိုအောင် အလွန်ကြောက်စရာကောင်းနေမည်မှာ သိသာလှသည်။ တာအိုအမိန့်တော်၏ အဖြူရောင်ဝတ်ရုံတပည့်များ မည်မျှထိ ကြောက်စရာကောင်းသည်ကို သူမ ရှင်းရှင်းလင်းလင်း သိထား၏။ ၎င်းတို့ထဲမှ မည်သူမဆို သူတို့နှင့် အဆင့်တူပညာရှင်ကို အသာလေးအနိုင်ယူသတ်ဖြတ်နိုင်သည်။

သို့သော် ထိုကဲ့သို့ ထိပ်တန်းအဆင့် ပညာရှင် ဒါဇင်ချီက ယန်ယဲ့၏ ဓားတစ်ချက်တည်းကိုပင် ခုခံနိုင်စွမ်း မရှိခဲ့ပေ။

ယခုအချိန်တွင်မူ သူမရှေ့က တိမ်ပင်လယ်အကယ်ဒမီ၏ တပည့်ဟာ ယန်ယဲ့ကိုလူက လက်တစ်ဖက်တည်းနှင့် တိုက်ခိုက်ဖို့ ရည်ရွယ်ထားသည်လား။

"တကယ်တော့ လက်တစ်ဖက်တည်းနဲ့တောင် သူ့အတွက် လွန်လွန်းတယ်!" ရှူဝူရှမ်း၏ ပါးစပ်ထောင့်က လှောင်ပြောင်လိုသော အမူအရာတစ်ခု ပေါ်လာသည် " သူက တာအိုအမိန့်တော်ရဲ့

အဆင့်နိမ့်တပည့်လေးတွေကို အနိုင်ကျင့်ပြီး ဂုဏ်ယူနေတာပါ။ ကံကောင်းပြီး သူ ငါနဲ့မတွေ့ခဲ့ဘူး။ သူသာ ငါနဲ့တွေ့ရင် ခဏလေးနဲ့ အရိုက်ခံရလိမ့်မယ်။ မိန်းကလေးယု က ငါ့ရူးနေတယ်လို့ ထင်ကောင်းထင်နိုင်ပေမဲ့ ပြောချင်တာက သူ့ကိုသတ်ဖို့က တကယ်မခက်ပါဘူး!"

ထိုစကား ပြောပြီးသည်နှင့် သူ့ခန္ဓာကိုယ်ကနေ ကြောက်မက်ဖွယ်ရာ ဖိအားများ ထွက်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ယုဝူရှမ် နှင့် အခြားသူများ၏

အမှုအရာများသည်လည်း သိသိသာသာ ပြောင်းလဲသွားကြသည်။

"တိုက်ပွဲစိတ်ဆန္ဒ။ ကောင်းကင်အဆင့် ၂ တိုက်ပွဲစိတ်ဆန္ဒ လား "

ရှုဝူရှမ်းက ကောင်းကင်အဆင့် ၂ တိုက်ပွဲစိတ်ဆန္ဒကို ပိုင်ဆိုင်ထားမည်ဟု သူ မမျှော်လင့်ထားခဲ့ပေ။ ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်စိတ်ဝင်စားဟန်များ ပေါ်လာခဲ့သည်။ ဤတစ်ကြိမ်မှာတော့

သူ့ခန်းမှန်းချက်က
အနည်းငယ်မှားယွင်းသွားပုံရ၏။

"ကောင်းကင်အဆင့် ၂ တိုက်ပွဲစိတ်ဆန္ဒ လား "
ချန်းကျောင်က ခဏကြာအောင်
ထိတ်လန့်သွားပြီး ထို့နောက် သူမက
ရှုဝူရှမ်းအနား တိုးကပ်ကာ "ဒီည နင့်ကို
ကောင်းကောင်းဂရုစိုက်မယ်!"

ရှုဝူရှမ်းက မျက်နှာထက်
ရှက်ရွံ့မှုအရိပ်အယောင်အချို့ပေါ်လာပြီး

ယုဝူရှမ် နှင့် လူတိုင်းကို ကြည့်လိုက်သည်။ သိပ်မကြာပါဘူး၊ သူ့မျက်နှာက နဂိုအတိုင်းပုံမှန် ပြန်ဖြစ်သွား၏။

"သခင်လေးယု က မောက်မာဖို့ အရည်အချင်းပြည့်မီတယ်" ထိုအချိန်တွင် ယုဝူရှမ်က အပြုံးအချို့နှင့် ပြောလိုက်သည်။

ရှုဝူရှမ်းက တဟားဟားရယ်ပြီး "ယန်ယဲ့ မှာ ချစ်သူနှစ်ယောက်ရှိတယ် ဆိုတာ ငါကြားတယ်။ ကျေးဇူးပြုလို့ သူတို့နှစ်ယောက်

ဘယ်မှာရှိတယ်ဆိုတာကိုလည်း ရှာဖွေပြီး ငါ့ကိုကူညီပေးပါ။ ယန်ယဲ့ကို မတွေ့ခင် သူတို့ကို အရင်ဆုံးရှာတာ အကောင်းဆုံးပဲ။ ယန်ယဲ့ကို သူ့မိန်းမတွေ သူ့မျက်စိရှေ့မှာ အရှက်ရနေတဲ့မြင်ကွင်း ကြည့်ခိုင်းမယ်။ ငါ့ရဲ့ တိမ်ပင်လယ်အကယ်ဒမီကို စော်ကားဝံ့သူတွေက တာအိုအမိန့်တော်ကို စော်ကားတာထက် ၁၀ ဆ ပိုဆိုးတဲ့ ကံကြမ္မာကို ကမ္ဘာက သိစေချင်တယ်။”

ယုဝူရွှမ်က မျက်နှာကွက်ခနဲပျက်သွားပြီး ယန်ယဲ့ကို လှည့်ကြည့်လိုက်သည်။

သို့သော်လည်း ယန်ယဲ့သည် မြင်းပေါ်မှ ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည်။

အစပိုင်းတွင် ယန်ယဲ့သည် ချန်းကျောင် နှင့် ရှူဝူရှမ်း  ကို လုံးဝ စိတ်မဝင်စားပေ။ တိမ်ပင်လယ်အကယ်ဒမီကို အသာထား၊သူတို့ကို ပြဿနာရှာဖို့လည်း တစ်ခါမျှ တွေးမထားခဲ့ပါ။ နောက်ဆုံးတွင် သူက အရှုံးတစ်ယောက်တော့ မဟုတ်ပေ။

သို့သော်လည်း ရှုဝူရှမ်းက ဖန်မုန့် နှင့် ဖန်လီကို တိုက်ရိုက်ပစ်မှတ်ထားလိမ့်မည်ဟု သူ မမျှော်လင့်ထားပေ။ ထိုအရာက သူ၏သည်းခံနိုင်စွမ်းထက် ကျော်လွန်သွားပြီ ဖြစ်သည်။

ယန်ယွဲ့၏လှုပ်ရှားမှုကအလွန်လျင်မြန်သည်။ သူကရုတ်တရက် တိုက်ခိုပ်လိုက်သော်နှင့်တစ်ချိန်တည်းမှာပင် လက်သီးချက်က လျှပ်စီးတန်းအလား မြန်ဆန်နေသဖြင့်ရှုဝူရှမ်းဟာ မတုံ့ပြန်နိုင်ခဲ့ပေ။ ရှုဝူရှမ်းက ရုတ်တရက် အံ့သြသွားသော်လည်း

သူ့တုံ့ပြန်မှုက သိပ်ပြီး မနှေးကွေးပေ။
သူ့ခြေထောက်နှစ်ဖက်လုံးကို မြေပြင်မှာပဲ
စက်ဝိုင်းပုံစံ လှည့်ကာ ယန်ယဲ့၏
လက်သီးချက်ကို ရှောင်ထွက်လိုက်သည်။
ထို့အပြင် သူ၏ ညာဖက်ခြေထောက်က
ယန်ယဲ့၏မျက်နှာကိုပင် တန်ပြန်
ဖြတ်ကန်လိုက်သေးသည်။

ယန်ယဲ့က သူ့ခြေထောက်ကို
မြေပြင်တစ်ချက်ဆောင့်ကာ ခုန်တက်လိုက်ရင်း
ရှူဝူရှမ်း၏ ရင်ဘတ်ကို လက်သီးတစ်ချက်
ပစ်သွင်းလိုက်လေသည်။

ဖုန်း...

ရှုဝူရှမ်းက မရှောင်နိုင်တော့ပေ။

လက်သီးချက်က သူ့ရင်ဘတ်ကို

တည့်တည့်ထိုးမိသွားကာ ပါးစပ်ထဲမှ သွေးများ

အန်ထွက်လာပြီး

မသဲမကွဲညည်းညူသံတစ်ခုနှင့် နောက်ကို

လွင့်ပျံသွားတော့သည်။

ယန်ယဲ့က ရပ်တန့်မနေပါ။ ရှုဝူရှမ်း

လွင့်ထွက်သွားချိန်မှာပဲ သူ့ခန္ဓာကိုယ်က

တဖျပ်ဖျပ်တောက်ပလာပြီး ၎င်းရှေ့ကို ရောက်သွားသည်။

ထို့နောက် သူ၏ညာခြေထောက်ကို မြှောက်ကာ ရှူဝူရှမ်း၏ ဝမ်းဗိုက်ကို ဖြတ်ကန်လိုက်သည်။ ရှူဝူရှမ်းက ပါးစပ်ထဲကနေ သွေးများ ထပ်မံအန်ထွက်လာပြီး သူ့ခန္ဓာကိုယ်ဟာ လေးကိုင်းသဖွယ်ကွေးညွတ်ကာ ၁ ကီလိုမီတာအထိ လွင့်ပျံသွားပါသည်။

"သူ့ကို တားလိုက်!" ထိုအချိန်တွင် ရှူဝမ် နှင့် အခြားတပည့်များသည် ထိတ်လန့်နေရာက

သတိပြန်ဝင်လာကြသည်။ ယန်ယဲ့က မရပ်ဘဲ ဆက်တိုက်ခိုက်ကြောင်း မြင်လိုက်ရာ သူတို့၏အမူအရာများက ပြောင်းလဲသွားသည်။ ရှုဝူရှမ်းက တိမ်ပင်လယ်အကယ်ဒမီ၏ တပည့်တစ်ဦးဖြစ်သောကြောင့် မည်သို့ပင်ဆိုစေကာမူ သူတို့က လက်တစ်ဖက် ချေးငှားရပေမည်။

သို့သော်လည်း ချန်းကျောင်က သူတို့ရှေ့တွင် ပိတ်ရပ်လိုက်ပြီး "နင်တို့ ဘာလုပ်ချင်တာလဲ။ ဒီမှာပဲ ရပ်နေကြ။ သူတို့ဘာသာ တိုက်ခိုက်ကြပါစေ"

သူမစကားပြောနေစဉ်မှာ ချန်းကျောင်က
စိတ်လှုပ်ရှားနေသော မျက်လုံးများဖြင့်
ယန်ယဲ့ကို စိုက်ကြည့်နေသည်။
တစ်ဖက်တွင် ရှုဝမ် နှင့် အခြားတပည့်များသည်
ချန်းကျောင်၏ စကားကြောင့်
အံ့အားသင့်သွားကြသည်။

ယုကွမ်း နှင့် မြင်းတပ်သားများကတော့
ယုဝူရှမ်ကို
 စိုက်ကြည့်မိကြသည်။ ဒီအချိန်မှာ ယုဝူရှမ်က
လေးလေးနက်နက်စဉ်းစားနေပြီး ခဏကြာမှ

ခေါင်းယမ်းပြလိုက်သည်။ ဤအခိုက်တွင် ယန်ယဲ့သည် အကြီးအကျယ် တဒါသထွက်နေပြီး သူမကိုယ်တိုင်လည်း ယန်ယဲ့၏ဒေါသကို ခံနိုင်ရည်မရှိပေ။ ယန်ယဲ့သည် သာမန်အချိန်မျိုးတွင် အေးဆေးတည်ငြိမ်သည်ဟု ထင်ရ၏။ သို့သော်လည်း သူ ဒေါသထွက်သွားသည့်အခါ လုံးဝကို ကြောက်စရာကောင်းသော အရူးတစ်ယောက်ပင်။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၄၂ - သတ်ဖြတ်ခြင်း

"မင်းက ငါ့အတွက်
ပြိုင်ဖက်တစ်ယောက်တောင် မဟုတ်ဘူး၊
ဒါတောင် မင်း ယန်ယွဲ့ကို ရှာဖို့
ရည်ရွယ်ထားတယ်။ မင်းတို့
တိမ်ပင်လယ်အကယ်ဒမီက
မင်းဘယ်လောက်အားနည်းတယ်ဆိုတာ
သိလား။" စကားပြောပြီးသည်နှင့် ယန်ယွဲ့သည်

ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ချက်ချင်းပင် ရှုဝူရှမ်း ရှေ့ကို ရောက်သွားလေသည်။ ထိုအချိန်တွင် ရှုဝူရှမ်း ထံမှ ကြောက်မက်ဖွယ်ကောင်းသော တိုက်ပွဲစိတ်ဆန္ဒတစ်ခု ထွက်ပေါ်လာသည်။ တိုက်ပွဲစိတ်ဆန္ဒရ ယန်ယဲ့အား တောင်တစ်လုံးကဲ့သို့ ဖိချလိုက်သော်လည်း ယန်ယဲ့ဟာ လက်သီးတစ်ချက် ထုတ်ဖော်ပြီး ဖြိုခွဲပစ်လိုက်သည်။ ထို့နောက်တွင် ရှုဝူရှမ်းက သူ့လည်ပင်းအား လက်ကြီးတစ်ဖက်က ဖြစ်ညှစ်ထားသလို ခံစားလိုက်ရသည်။

ရှုဝူရှမ်းက ထိတ်လန့်သွားသည်။
သူ့မျက်လုံးထဲတွင်လည်း
ကြောက်ရွံ့တုန်လှုပ်နေသော
အမူအရာများအပြည့်ပေါ်လာခဲ့ပါသည်။

"ကောင်းကင်အဆင့် ၂ တိုက်ပွဲစိတ်ဆန္ဒ လား "
ယန်ယဲ့က ခပ်လျှောင်လျှောင်ရယ်မောလိုက်ပြီး
" မင်းရဲ့တိုက်ပွဲစိတ်ဆန္ဒက အပေါ်ယံပဲ
ရှိတယ်။ ကောင်းကင်အဆင့် ၁ တိုက်ပွဲစိတ်ဆန္ဒ
လို့တောင် သတ်မှတ်လို့ မရဘူး။
ဘယ်လောက်ရယ်စရာကောင်းလိုက်သလဲ!"

"ယန်ရီ!" ရုတ်တရက် ချန်းကျောင်က
အနည်းငယ်စိုးရိမ်နေသံဖြင့်
အော်လိုက်လေသည်။ " နင်
အနိုင်ရသွားပြီဆိုတော့ သူ့ကိုလွှတ်လိုက်!"

ယန်ယဲ့က "ဒါဆို ငါဘာများရနိုင်မလဲ"

ချန်းကျောင်က အနည်းငယ် အံ့အားသင့်သွားပြီး
"သူက တိမ်ပင်လယ်အကယ်ဒမီရဲ့
အဖွဲ့ဝင်တစ်ယောက်လေ..."

"အား......" ရှုဝူရှမ်းဟာ ရုတ်တရက် နာကျင်စွာ အော်ဟစ်လိုက်သည်။ သူ၏လက်တစ်ဖက်က လေထဲသို့ ပျံတက်သွားသောကြောင့် အခြားသူများ၏ အမူအရာများသည် သိသိသာသာ ပြောင်းလဲသွားသည်။

ချန်းကျောင်ကတော့ ပို၍ပင် စိတ်လှုပ်ရှား မသွားမိ ခဏကြာ အံ့အားသင့်သွားပြီး ယန်ယဲ့ကို ငေးကြည့်ရင်း သူမ စားချင်နေပုံပေါ်သည်။

ယန်ယဲ့က "အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀ "

"ငါဘယ်သူလဲဆိုတာ မင်းသိလား။ ငါက တိမ်ပင်လယ်အကယ်ဒမီရဲ့ ထိပ်တန်းတပည့်ပဲ..." ရှုဝူရှမ်းက ယန်ယဲ့ကို မကျေမနပ် စိုက်ကြည့်နေသည်။

သို့သော်လည်း သူ့စကားပင်မဆုံးသေး၊ ယန်ယဲ့သည် သူ၏လက်ကို ရှုဝူရှမ်း၏ပုခုံးတစ်ဖက်ပေါ် ဖိလိုက်ပြီး

“မင်းမှာ အဲဒါတွေ ရှိလား ဒါမှမဟုတ် မရှိဘူးလား” ဟု အေးစက်စက်ပြောလိုက်လေသည်။ ယန်ယဲ့က ပြောပြီးသည်နှင့် ခေါင်းခါပြီး "မင်းလိုလူမျိုးတွေကို ငါကောင်းကောင်းသိတယ်။ ဒါကြောင့် ဒီအကြောင်းကို မပြောခင် အင်အားသုံးဖို့ ဆုံးဖြတ်လိုက်ပြီ!”

"အား" တုန်လှုပ်ချောက်ချားဖွယ်ရာ ငိုကြွေးသံတစ်ခု ထွက်ပေါ်လာပါသည်။

ယုဝူရှမ် နှင့် အခြားသူများသည်လည်း
ဤမြင်ကွင်းကိုမြင်လိုက်သောအခါ
သူတို့၏အမူအရာများသည်
တစ်ဖန်ပြောင်းလဲသွားလေတော့သည်။
ယန်ယဲ့ကို စိုက်ကြည့်နေသော
သူတို့အကြည့်များသည် ယခင်ထက်
ပို၍ကြောက်လန့်သွားကြသည်။

"ချန်းကျောင်! ငါ့ကိုကယ်ပါ၊ ငါ့ကိုကယ်ပါ..."
ရှုဝူရှမ်းက ချန်းကျောင်ကို

သနားစဖွယ်ကောင်းသော အကြည့်ဖြင့်
စိုက်ကြည့်နေသည်။

ချန်းကျောင်က ရှုဝူရှမ်းကို ဖျတ်ခနဲ
ငုံ့ကြည့်လိုက်ပြီး သူမ၏ မျက်လုံးများတွင်
သနားခြင်း နှင့် လှောင်ပြောင်မှု
အရိပ်အယောင်များပင် ရှိနေသည်။ထို့နောက်
သူမ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
ယန်ယဲ့ရှေ့တွင်
သိုလှောင်လက်စွပ်တစ်ကွင်းပေါ်လာသည်။
သူမက "အဲဒီထဲမှာ
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀

ရှိပါတယ်၊ အစ်ကိုယန်! ဒါဆို
သူ့ကိုလွှတ်လိုက်ပါ"

ယန်ယဲ့သည် သိုလှောင်လက်စွပ်ကို ယူကာ ရှုဝူရှမ်းကို လွှတ်လိုက်ရာ ၎င်း၏ခန္ဓာကိုယ်က ချက်ချင်းပင် မြေပြင်ပေါ်သို့ ပျော့ခွေကျသွားလေသည်။ ယန်ယဲ့သည် သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ ရှုဝူရှမ်း၏ လက်ပြတ်ပေါ်မှ သိုလှောင်လက်စွပ်ကလည်း သူ့လက်ထဲ ရောက်လာပါသည်။ သို့သော်လည်း ရှုဝူရှမ်း၏ သိုလှောင်လက်စွပ်ထဲ၌ အဆင့်လွန် စွမ်းအင်ကျောက်တုံး

ထောင်အနည်းငယ်သာရှိနေသည်ကို သတိပြုမိသည်။

ရှူဝူရှမ်းက ရုတ်တရက်မေးလိုက်လေသည် "ဘာလို့လဲ...ဘာလို့လဲ" သူသည် အဆင့်မြင့်ပညာရှင်တစ်ဦးနှင့် ရင်ဆိုင်တွေ့ခဲ့ကြောင်း သိသွားခဲ့သည်။ ၎င်းသည် လုံး၀ကို အစွမ်းထက်ပညာရှင် ဖြစ်သည်။ သို့သော် လည်း ထိုလူက သူ့အား အဘယ်ကြောင့် တိုက်ခိုက်ခဲ့သည်ကို ယခုတိုင် နားမလည်နိုင်သေးပါ။

"မင်းရဲ့အကြည့်တွေကို ငါသည်းမခံနိုင်ဘူး!" ယန်ယဲ့က ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

ရှုဝူရှမ်း၏အမူအရာသည် အလွန်ဆိုးရွားသွားခဲ့သည်။သူက ယန်ယဲ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်ပြီး "ကောင်းတယ်! အရမ်းကောင်းတယ်! တာအိုအမိန့်တော်ရဲ့ တပည့်တွေက ထင်ထားတာထက်ကို ပိုမောက်မာနေတာပဲ။ ငါ ဒါကို မှတ်ထားမယ်!"

"မင်းမှာ နောက်ထပ်အခွင့်အရေး မရှိဘူး!"
ရုတ်တရက် အေးစက်စက် အလင်းတန်းတစ်ခု
လင်းလက်လာပြီး ရှုဝူရှမ်း၏ခေါင်းက
လေထဲကို ပျံတက်သွားပါတော့သည်။

ထိုအချိန်တွင် ယုဝူရှမ်၏အဖွဲ့အပါအဝင်
ဤနေရာရှိလူတိုင်းသည်
ထိတ်လန့်သွားကြသည်။

"နင်စကားမတည်ဘူး!" ချန်းကျောင်က မျက်နှာပေါ်တွင် အနည်းငယ် မမြင်နိုင်သော အမူအရာဖြင့် ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ယန်ယဲ့ က "ငါသူ့ကို လွှတ်ပေးခဲ့တယ်၊ ဒါပေမဲ့ သူက ငါ့ကို ခြိမ်းခြောက်တယ်။ ဒါဆို ငါက ဖြစ်လာနိုင်ချေရှိတဲ့ အန္တရာယ်အားလုံးကို ချေမှုန်းပစ်ရတာကို နှစ်သက်သူတစ်ယောက်လို့ ဆိုနိုင်တယ်”

ချန်းကျောင်က
အေးစက်စက်ပြန်ပြောလေသည် " နင်
ဒီလိုအကျင့်စရိုက်နဲ့ဆို အသက်ရှည်မှာ
မဟုတ်ဘူး!"

ယန်ယဲ့က ပြုံးသည် "ဒါဆို ကိုယ့်ကိုယ်ကိုယ်
ပိုသန်မာအောင် ငါကြိုးစားတယ်" သူသည်
အားနည်းလွန်းသေးသည်ကို
ကောင်းစွာသိထား၏။ ၎င်းသည် သူ့ကိုယ်သူ
ကပ်ဘေးတစ်ခုပြီးတစ်ခု ကျရောက်စေသည်။
ထို့အပြင် သူက နေရာတိုင်း၌ ရန်သူများစွာကို
ဖိတ်ခေါ်တတ် သူသိသည်။ သို့သော် သူ၏

အကျင့်စရိုက်ကို မပြောင်းချင်ပေ။
သူတပါးစိတ်ကျေနပ်အောင် သူ့ကိုယ်သူ
နှိမ့်ချရမည်လော။ ထိုသို့မဟုတ်ပေ၊
သူ၏ကျင့်စရိုက်က သူကျေနပ်နေချိန်မှာ
အခြားသူများကို
ဝမ်းနည်းအောင်လုပ်ရသည်ကို
ပိုပြီးသဘောကျပေသည်။

ဥပမာအားဖြင့်၊ ရှူဝူရှမ်းကို
သတ်ဖြတ်လိုက်ခြင်းသည်
တိမ်ပင်လယ်အကယ်ဒမီအား
ရန်စသလိုဖြစ်သည်ဟု

သိသော်လည်း ရှုဝူရှမ်းကို မသတ်ပါက
အနာဂတ်အန္တရာယ်ကို ဖိတ်ခေါ်ခြင်းနှင့်
အတူတူပင်။

အကြောင်းအရင်းမှာ အချို့လူများနှင့်
အနည်းငယ်အပေးအယူလုပ်လိုက်ပါက
နောက်တစ်ကြိမ်တွင် ထိုလူများဟာ သူ့ကို
အနိုင်ကျင့်လို့ရသည်ဟု ထင်တတ်ကြသည်။
ထိုအချိန်တွင် သူပြန်ရနိုင်သည့်အရာက
ယခင်ထက်ပိုဆိုးသော လက်စားချေမှုသာ
ဖြစ်ပေမည်။

အစွမ်းထက်ခွန်အားကသာ
နှစ်သက်သည့်အတိုင်း ပြုမူနိုင်သည်ကို
ယန်ယဲ့လည်း ကောင်းကောင်းသိထားပါသည်။
ထို့ကြောင့်လည်း သူဟာ အမြဲလိုလို
ပိုသန်မာလာအောင် ကြိုးစားခဲ့သည်။

အင်အားကြီးသူတို့၏လက်များကသာ
ကိုယ့်ကံကြမ္မာကို ချုပ်ကိုင်ထားနိုင်သည်။
အင်အားကြီးသူသာလျှင် စိတ်တိုင်းကျ
ပြောဆိုနိုင်၏။ ပိုသန်မာသောလက်သီးကသာ
တရားမျှတမှုနှင့် လောကဥပဒေသ ဖြစ်သည်။

လူတစ်ယောက်ဟာ လုံးဝသန့်မာနေပါက ကျောက်တုံးတစ်တုံးဟာ ရွှေတုံးကြီးဖြစ်သည်ဟု ပြောလျှင်ပင် မည်သူမျှ ငြင်းမှာမဟုတ်ပေ။

ချန်းကျောင်က ရုတ်တရက် ပြောလာသည် "ငါ့ရဲ့လူဖြစ်ပါစေ"

"လူတော်တော်များများ သုံးဖူးတဲ့ အရာတွေကို နည်းနည်းမှ စိတ်မဝင်စားဘူး" ယန်ယဲ့သည်

သူမကို အေးစက်စွာ တစ်ချက် လှည့်ကြည့်ကာ မြင်းပေါ်သို့ ခုန်တက်သွားသည် ။

ချန်းကျောင်း၏အမူအရာသည် အနည်းငယ်မည်းမှောင်သွားက "နင်ဘာပြောဖို့ကြိုးစားနေတာလဲ"

ယန်ယွဲ့ကသူမကို ဂရုမစိုက်ဘဲ ထိုအစား ယုဝူရှမ်ကို စိုက်ကြည့်ကာ "မိန်းကလေးယု! ငါတို့ အခုထွက်လို့ရပြီထင်တယ်!"

ယုဝူရှမ်သည် မျက်နှာတစ်ပြင်လုံး
မည်းမှောင်နေသော ချန်းကျောင်ကို
စိုက်ကြည့်ကာ ခေါင်းညိတ်လိုက်ပြီး
"အစ်ကိုယန်! ကျေးဇူးပြုပြီး ရထားထဲမှာ ငါ့ကို
လာတွေ့ပါ။ စိတ်မပူပါနဲ့၊ အဲဒါက ငါ
အချက်အလက်တချို့ ရထားတာကြောင့်ပါ၊
နင်က အဲဒီအချက်အလက်တွေကို
စိတ်ဝင်စားသင့်တယ်"

ယန်ယွဲ့က ခဏကြာတုံ့ဆိုင်းနေပြီးမှ
ခေါင်းညိတ်လိုက်၏။

"ယန်ရီ! နင်ဘာပြောနေတာလဲ"
တစ်ချိန်တည်းမှာပဲ ချန်းကျောင်က
ယန်ယဲ့၏လမ်းရှေ့ပိတ်လိုက်ပြီး "ဒါဆို နင်က
ယောက်ျားတွေပဲ မိန်းမနဲ့ ကစားလို့ရတယ်၊
ဒါပေမဲ့ ငါတို့ မိန်းမတွေက ယောက်ျားတွေနဲ့
မကစားနိုင်ဘူးလား။ နင်…."

ယန်ယဲ့က ချန်းကျောင် ရှေ့မှာ ရုတ်တရက်
ပေါ်လာပြီး သူမ၏လည်ပင်းကို
ဖမ်းဆုပ်လိုက်ရင်း "ပထမအနေနဲ့ မင်းနဲ့
ကစားချင်တဲ့ တစ်ယောက်ကို သတ်ပစ်ဖို့
လွတ်လွတ်လပ်လပ် ရှိတယ်။ အဲဒါကို

အာရုံစိုက်ဖို့ ငါစိတ်မဝင်စားဘူး။ ဒါပေမဲ့ ငါ့ရှေ့
မှာ ဆူဆူညံညံလုပ်တာကို မကြိုက်ဘူး။
မင်းရဲ့ခေါင်းကို အပိုင်းပိုင်းခွဲပစ်လိုက်ချင်ပေမဲ့
အရင်မျိုးဆက်ဟောင်းတချို့နဲ့
ပဋိပက္ခထပ်မဖြစ်ချင်လို့ မင်းကို
မသတ်တော့ဘူး။ ငါ အခု အရမ်း
အလုပ်များနေတယ်၊ မင်းရဲ့ အဖိုး၊ အဖွားနဲ့
ကစားဖို့ အချိန်မရှိဘူး။ ဒါပေမဲ့
မင်းဒီလိုဆူညံသံတွေ ဆက်လုပ်နေရင်
ငါ့လက်ကိုမတားနိုင်တော့မှာတောင် စိုးမိတယ်”

သူစကားပြောပြီးသည်နှင့် ယန်ယွဲ့ဟာ
သူ့လက်ကို အနည်းငယ် ဖြေလျှော့လိုက်၏။
ချန်းကျောင်က
ချက်ချင်းပင် မြေပြင်ပေါ်သို့ လဲကျသွားခဲ့သည်။

"နင်... နင် ငါ့ကို ဒီလိုမျိုး ဆက်ဆံရဲတာလား!"
ချန်းကျောင်က မျက်နှာပေါ်တွင်
ဆိုးရွားသောအမူအရာတစ်ခု ပေါ်လာသည်။
သို့သော်လည်း ယန်ယွဲ့သည် သူမအား
ဂရုမစိုက်ပေ၊ ရထားလုံးထဲသို့ ဝင်သွားခဲ့သည်။

ယုဝူရှမ်က ရုတ်တရက် စကားစလိုက်သည်

"သူမကို

 ဒီလိုအရှက်ခွဲတဲ့အတွက် လက်စားချေမှာကို

မကြောက်ဘူးလား။ သူမက

မသန်မာပေမယ်လို့

တိမ်ပင်လယ်အကယ်ဒမီမှာ

သူ့ကိုယ်စားလုပ်ပေးမဲ့ ယောကျ်ားသားတွေ

အများကြီးပဲ။ တကယ်တော့ သူမရဲ့အဖိုးနဲ့

အဖွား နှစ်ယောက်စလုံးက

တိမ်ပင်လယ်အကယ်ဒမီမှာ

အဆင့်မြင့်အာဏာပိုင်တွေဆိုတော့ လူတိုင်းက

သူမနဲ့ဆက်ဆံရေးကောင်းအောင်

ကြိုးစားကြတယ်။ ဒါ့ပြင် သူမက တကယ်ကို လှပါတယ်”

ယန်ယဲ့က ခေါင်းခါပြီး "စီးပွားရေးစလုပ်ကြရအောင်!"

ယုဝူရှမ်က ပြုံးပြီး "ကောင်းပြီ၊ ငါတို့ လုပ်မယ်။ ငါ့မှာ နင့်ကိုပြောစရာ ၂ ခုရှိတယ်။ ပထမအချက်က ကောင်းကင်ဘုံနတ်ဘုရားခန်းမက တောင်ပိုင်းဒေသမှာရှိတဲ့ တာအိုအမိန့်တော်ရဲ့

တပည့်တွေကို အကုန်သတ်ခဲ့လို့ တပည့် ၁၀၀၀ ကျော် သေသွားကြပြီ။

သူတို့ထဲက တစ်ယောက်မှတောင် အသက်ရှင်မကျန်ခဲ့ဘူး။ တစ်ဖက်မှာလည်း တာအိုအမိန့်တော်က မြောက်ပိုင်းဒေသမှာ ရှိတဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့ အဖွဲ့ဝင်တွေကို တစ်ယောက်မှ အလွတ်မပေးဘဲ အစုလိုက်အပြုံလိုက်သတ်ခဲ့တယ်။ ဂုဏ်ယူပါတယ် နင့်ရဲ့အစီအစဉ် အောင်မြင်သွားပြီ။ အခုအချိန်မှာ ကောင်းကင်ဘုံနတ်ဘုရားခန်းမနဲ့

တာအိုအမိန့်တော်က သေခြင်း၊ရှင်ခြင်း ရန်သူတွေ ဖြစ်သွားပြီ"

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည် "ဘာလို့ ကောင်းကင်ဘုံနတ်ဘုရားခန်းမက မင်းကိုသတ်ဖို့ကြိုးစားတာလဲ"
ကောင်းကင်ဘုံနတ်ဘုရားခန်းမက တာအိုအမိန့်တော်၏ တပည့်များကို သတ်ရသည့်

အကြောင်းအရင်းမှာ ၎င်းတို့၏ အကြံအစည်များကို ဖျက်ဆီးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း

သူသိထားသည်။တစ်နည်းဆိုရသော် ယုဝူရှမ်က ကောင်းကင်ဘုံနတ်ဘုရားခန်းမ အတွက် အလွန်အရေးကြီးသည်။ ထို့ကြောင့် ကောင်းကင်ဘုံနတ်ဘုရားခန်းမက တာအိုအမိန့်တော်ကို လက်စားချေခြင်း ဖြစ်သည်။

၁၀၄၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၀၄၃ - တာအိုအမိန့်တော်၏ တာအိုစီရင်သူ

ယုဝူရှမ်၏ မျက်နှာသည် အနည်းငယ် ညှိုးနွမ်းသွားကာ "ငါ့မှာ ထူးခြားတဲ့ ကိုယ်လုံးကိုယ်ပေါက် ရှိလို့၊ ဒါကြောင့် ကောင်းကင်သခင်လေးက ငါ့ကို ဖမ်းပြီး သူ့ရဲ့ ကျင့်ကြံခြင်း မီးဖိုလုပ်ချင်တာ!"

"ကျင့်ကြံခြင်းမီးဖို!" ယန်ယဲ့၏ အမူအရာသည် အနည်းငယ် ပြောင်းလဲသွားသည်။

ကောင်းကင်သခင်လေးက အန်နန်ကျင်း နှင့် မုဟာန်ရှန်းကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ခြင်းဟာ အလားတူလုပ်ရပ်မျိုး ဖြစ်နေနိုင်သည်မဟုတ်ပါလား။

ဤအချက်ကို တွေးမိခိုက် ယန်ယွဲ့၏ခန္ဓာကိုယ်ကနေ သိပ်သည်းသော သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ ပေါက်ကွဲထွက်လာပါတော့သည်။

ယုဝ္ဂရွမ်က ခေါင်းခါပြီး "ဒီအကြောင်း ဆက်မပြောတော့ဘူး။ နောက်တစ်ခုရှိသေးတယ်၊ အဲဒါက နှင်နဲ့လည်း သက်ဆိုင်တယ်။ ငါနင့်ကိုပြောပြပြီးတာနဲ့ စိတ်မြန်လက်မြန်မလုပ်ဖို့တော့ ကြိုပြီး တောင်းဆိုပါရစေ"

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "ဘာဖြစ်တာလဲ"

ယုဝ္ဂရှမ်က မပြောခင်

အချိန်အတော်ကြာအောင် နှုတ်ဆိတ်နေခဲ့သည်

"ဒီမိန်းကလေးနှစ်ယောက်က

အန္တရာယ်ရှိနိုင်လောက်တယ်။

ဘာကြောင့်လဲဆိုတော့ ငါရရှိထားတဲ့

အချက်အလက်တွေအရ

နင့်မိန်းမနှစ်ယောက်ကို အရေးယူဖို့

ရည်ရွယ်ထားတဲ့ တာအိုအမိန့်တော်ရဲ့

ပညာရှင်တွေရှိတယ်။ ဘာ့ကြောင့်လဲ ဆိုတာ

သိသင့်တယ်.."

ရုတ်တရက် ယုဝူရှမ်၏ မျက်ခုံးများ အနည်းငယ် တွဲကျလာပြီး တစ်ခုခုကို နားထောင်နေပုံရသည်။ထို့နောက်တွင် ယန်ယဲ့ကို မော့ကြည့်လိုက်ပြီး “လွန်ခဲ့တဲ့ ၁၀ မိနစ်လောက်ကပဲ နှင့်မိန်းမနှစ်ယောက်ဟာ သေမင်းနတ်ဘုရားကုန်းလျှန် ရဲ့လက်ထဲကို ကျသွားပြီ"

ယန်ယဲ့က သူ့မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည် "ကြည့်ရတာ ငါက သိပ်မရက်စက်လောက်ဘူးထင်တာပဲ။ သူတို့ဘယ်မှာလဲ"

သူမက "သိုင်းပညာနှလုံးသားမြို့"

"ငါ မင်းကို ကျေးဇူးဆပ်ဖို့ ရှိတယ်!" စကားပြောပြီးတာနဲ့ ယန်ယဲ့က တုံ့ဆိုင်းမနေဘဲ လှည့်ပြီး ထွက်သွားသည်။

ယုဝူရှမ်က "နင် ရှေးဟောင်းဓားကျောင်းကို မပြန်တော့ဘူးလား"

“ငါမဟုတ်ဘူး။ ပြီးတာနဲ့ တာအိုအမိန့်တော်ကို တိုက်ရိုက်သွားတော့ မယ်" ယန်ယွဲ့သည် ၁ ကီလိုမီတာကျော်သို့ ရောက်သွားသည့်တိုင် အသံက အဝေးကနေ ပဲ့တင်ထပ်နေခဲ့သည်။

သိုင်းပညာနှလုံးသားမြို့....။

ပတ်ဝန်းကျင်က တိတ်ဆိတ်နေပြီး အပ်ပြုတ်ကျသံပင် ကြားနိုင်သည်။

လူအများအပြည်းသည် မြို့တံခါးဝ၌
တင်ပျဉ်ခွေလျက်ထိုင်နေသည့် လူငယ်ကို
စိုက်ကြည့်နေကြသည်။

"အရမ်းအားနည်းနေတယ်!" လူငယ်က
မျက်လုံးမမှိတ်ခင် ခေါင်းယမ်းလိုက်သည်။

အရမ်းအားနည်းနေ…။ ကောင်းကင်အဆင့်
ဓားစိတ်ဆန္ဒ ကို နားလည်ထားသော
ဓားသမားတစ်ယောက်စီတိုင်းက
အားနည်းလွန်းသည်လော...။

ဤနေရာရှိလူတိုင်း အံ့အားသင့်သွားကြသည်။
တစ်ချိန်တည်းမှာပင် သူတို့သည်
တာအိုအမိန့်တော်ကို
ပို၍ပင်ထိတ်လန့်လာကြသည်။

"ဘယ်လောက်တောင်
ကြောက်စရာကောင်းလဲ" လီချင်ကျင်း၏
မျက်လုံးများက လူငယ်
ဘယ်လိုတိုက်ခိုက်လိုက်သည်ကို
မမြင်နိုင်သဖြင့် လုံးဝ ထိတ်လန့်သွားရသည်။

"တကယ်ပါပဲ" လီမိုကျန်း သည်ပင်
မျက်နှာထက် လေးနက်သော အမူအရာ
ရှိနေသည်။

"အစ်ကိုကြီး၊ နင်
သူဘယ်လိုတိုက်ခိုက်တယ်ဆိုတာကို
မြင်နိုင်မလား"

"အရိပ်တစ်ခုပဲမြင်တယ်" လီမိုကျန်းက
သက်ပြင်းချကာ ဆက်ပြောလိုက်၏

"သူ့ရဲ့အမြန်နှုန်းက အထွတ်အထိပ်
သိုင်းကျောဇ်အဆင့် တွေထက် ကျော်သွားပြီ။
မဟုတ်သေးဘူး၊ အသံရဲ့အမြန်နှုန်းထက်
အနည်းဆုံး ၁၀ ဆလောက် ရှိတယ်။
အမှန်တော့ သူ့ဓားကို ဆွဲမထုတ်သေးဘဲ
ဓားစိတ်ဆန္ဒကို ထုတ်ဖော်လိုက်ကတည်းက
အဲဒီဓားသမား သေသွားပြီးပြီလေ။ ဒါပေမဲ့
အရမ်းလျင်မြန်နေတော့ သူ့ကိုယ်သူ
သေတာကို သတိမပြုမိလိုက်ဘူး။ သူက
ငါ့တစ်သက်မှာ တွေ့ဖူးသမျှ
အလျင်မြန်ဆုံးလူပဲ။ အစ်ကိုယန်ရဲ့ခွန်အားက

အဲဒီနေ့နဲ့ အတူတူပဲ ဆိုရင် သူက အဲဒီလူငယ်နဲ့ လုံးဝ လိုက်ဖက်မှာ မဟုတ်ဘူး။”

"သူလာမှာလား"

"အတိအကျပဲ!"

"ဘာကြောင့်လဲ"

လီမိုကျန်းက ပြုံးရုံသာပြုံးပြလိုက်ပြီး တိတ်ဆိတ်နေ၏။

ရှေးဟောင်းဓားကျောင်းတော်၏
အခြားတပည့်တစ်ဦး
ချက်ချင်းသေဆုံးသွားသော်လည်း နောက်ထပ်
ရောက်ရှိလာပြီး ထိုလူငယ်ကို စိန်ခေါ်ခဲ့သည်။

သို့သော် ခြွင်းချက်မရှိပါ၊ ၎င်းတို့အနက်မှ
တစ်ဦးစီတိုင်းသည် လှုပ်ရှားမှုတစ်ခုတည်းကို
ခံနိုင်ရည်မရှိခဲ့ပါ။ ထို့ကြောင့် မြို့ရိုးပေါ်မှာ
ချိတ်ဆွဲထားသည့် မလောင်း ၄၀ အပြင်

နောက်ထပ်အလောင်းများ
ထပ်တိုးလာခဲ့လေသည်။

ထိုအခိုက် တင်ပျဉ်ခွေလျက် ထိုင်နေသော
လူငယ်က " နောက် ၁၅ မိနစ်လောက်မှ ယန်ယွဲ့
မလာသေးရင် အဲဒီမိန်းမငယ်လေးရဲ့
လက်တစ်ဖက်ကို ဖြတ်လိုက်။ မိနစ် ၃၀
အတွင်းမှာမှ ရောက်မလာသေးရင်
သူ့ခြေလက်တွေ အားလုံးကို
ဖြတ်တောက်ပစ်လိုက်"

ကုန်းလျှန်က သူမ၏ပါးစပ်ထောင့်မှာ ကြီးကျယ်သည့် အပြုံးတစ်ခုနှင့် "မဟုတ်ဘူး၊ ငါ့ပိုကောင်းတဲ့အကြံတစ်ခုရှိတယ်!"

...

မုန်တိုင်းတောင်တန်း....။

ဤအခိုက်အတန့်တွင် ယန်ယွဲ့သည် သူ့ပတ်ဝန်းကျင်၌ သိုင်းဇကေရာဇ်အဆင့် လင်းယုန်အကောင် ၁၀၀ ပေါ်လာသည်ကို

သတိပြုမိပြီး မျက်နှာတစ်ခုလုံး သုန်မှုန်နေပါသည်။

လင်းယုန်များသည် ကောင်းကင်ကို ဖြိုဖျက်ပစ်သည့်အထိ ကြီးမားရုံသာမက လျှပ်စီးများပါ ဖုံးလွှမ်းထားသည်။ ထို့အပြင် ၎င်းတို့သည် အလွန်လျင်မြန်သည်။ ထို့ကြောင့် မိုးကောင်းကင်ခွဲခြေလှမ်းကို ထုတ်သုံးထားသည့်တိုင် လင်းယုန်များကို ရှောင်ပတ်မပြေးနိုင်ပေ။

အရေးအကြီးဆုံးမှာ လင်းယုန်အုပ်ကြီး၏ ထိပ်ကနေ

ဦးဆောင်နေသည့် လင်းယုန်က အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့်မှာ ရှိနေခဲ့သည်။

အဖွဲ့ကို ဦးဆောင်သည့် လင်းယုန်နက်က ယန်ယဲ့ကို စူးစူးဝါးဝါး အသံတိုးတိုးဖြင့် “လူသား! ငါ့ရဲ့ မုန်တိုင်းတောင်တန်းမှာ ပျံသန်းခွင့်တားမြစ်ထားတယ်။အဲဒါကို မင်းမသိဘူးလား။ ဒါမှမဟုတ် မင်းငါ့ရဲ့မုန်တိုင်းတောင်တန်းကို အထင်မကြီးတာများ ဖြစ်ကောင်းဖြစ်နိုင်မလား"

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် သူ့မျက်လုံးထဲ၌ ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်ခု တိုးဝင်လာသည်။ သူက ဒီနေရာမှာ အချိန်မဖြုန်းချင်ပေ။ သို့သော်လည်း သူ တိုက်ခိုက်ဖို့ပြင်နေချိန်မှာ သူ့နောက်ကနေ ရုတ်တရက် ထွက်ပေါ်လာတဲ့ အသံတစ်ခုကို ကြားလိုက်ရလေသည် "အကြီးအကဲ၊ ငါက တိုက်ပွဲမဲ့မြို့က ယုဝူရှမ်ပါ။ ဒါက ငါ့မိတ်ဆွေပါ။ သူ့မှာ အရေးတကြီးကိစ္စရှိလို့ ဒီတစ်ခါတော့ ခွင့်လွှတ်နိုင်မလား။”

ယန်ယဲ့က နောက်ပြန်လှည့်ကြည့်လိုက်ရာ
သူနှင့် မလှမ်းမကမ်းတွင်
ယုဝူရှမ်နှင့်အဘိုးအိုတို့ ရုတ်တရက်
ပေါ်လာသည်ကို တွေ့လိုက်ရသည်။

"တိုက်ပွဲမဲ့မြို့" လင်းယုန်နက်၏ အကြည့်သည်
ယုဝူရှမ် အပေါ်သို့ ဆင်းသက်လာသည်။

ယုဝူရှမ်က ခေါင်းညိတ်လိုက်ပြီး သူမလက်ကို
ဝှေ့ယမ်းလိုက်သည်။

သိုင်းကေရာဇ်အဆင့်အမြုတေ ၅ လုံးက လင်းယုန်နက်ရှေ့တွင် ပေါ်လာသည် "ဒါက ငါ့ရဲ့ကျေးဇူးသိတတ်မှုလေးတစ်ခုပါ၊ စီနီယာက လက်ခံလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်"

လင်းယုန်နက်က ပါးစပ်ကိုဖွင့်ပြီး အတွင်းအူတိုင်တွေကို မစုပ်ခင် ခဏလောက် လေးလေးနက်နက် စဉ်းစားလိုက်သည်။ ထို့နောက်မှာတော့ ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "ဒီတစ်ခါပဲ!"

ယန်ယဲ့က လှည့်ကြည့်လိုက်ရင်း ယုဝူရှမ်ကို ကြည့်ကာ "ကျေးဇူးတင်ပါတယ်"

သူစကားပြောပြီးသည်နှင့် ယန်ယဲ့သည် မြေပြင်ပေါ်သို့ ခြေဆောင့်နင်းလိုက်ပြီးနောက် သူ့ပုံရိပ်က ရှေ့ကို ပေါက်ကွဲထွက်ကာ ကောင်းကင်သို့ ပျောက်ကွယ်သွားခဲ့သည်။

သို့သော် သူသည် ကီလိုမီတာ ၅၀ အကွာထိပင် မရောက်သေး၊ လူတစ်ယောက်က သူ့လမ်းကြောင်းကို ပိတ်ဆို့ထားသည်။

အစောပိုင်းက ယုဂူရှမ် တို့အဖွဲ့ကို
တိုက်ခိုက်ခဲ့သော
အနက်ရောင်ဝတ်ရုံလူကလွဲ၍
အခြားမည်သူမျှမရှိပေ။

“အချို့သော အကြောင်းအရင်းတွေကြောင့်
စောစောက ငါ့ရဲ့စစ်မှန်တဲ့ ခွန်အားကို
အသုံးမချနိုင်ခဲ့ဘူး။ လာ၊ မှန်ကန်တဲ့
တိုက်ပွဲတစ်ခု လုပ်ရအောင်။”
စကားပြောနေစဉ် အနက်ရောင်ဝတ်ရုံလူက
ညာလက်ချောင်းကို ဆန့်ကာ ယန်ယွဲ့ ဆီသို့
ဖြည်းညှင်းစွာ ထိုးချလိုက်သည်။

“ဖယ်!” ယန်ယဲ့ ထံမှ
ဒေါသတကြီးအော်သံနှင့်အတူ
စူးရှကျယ်လောင်သော ဓားအူသံကြီးက
ကောင်းကင်အထက် ဖုံးလွှမ်းသွားသည်။

.....

သိုင်းပညာနှလုံးသားမြို့....။

ယန်ယဲ့ ရောက်လာသည်နှင့် ကုန်းလျန်က
သူ့ရှေ့တွင် ပေါ်လာခဲ့သည်။

"မင်းသေချင်လို့လား"

သူပြောပြီးသည်နှင့် တပြိုင်နက်

ရှေးဟောင်းဓားအိမ်မှဓားတစ်ချောင်း

ပြေးထွက်သွားပြီး

ဓားစွမ်းအင်အလင်းတန်းတစ်ခုက

သူ့ရှေ့မှာပိတ်ရပ်နေသော

ကုန်းလျှန်ဆီသို့ ပစ်လွှတ်လိုက်လေသည်။

ဓားစွမ်းအင်အလင်းတန်းက

လျှပ်စီးတန်းတစ်ခုအလား အလွန်လျင်မြန်ပြီး

မည်သူမျှရှင်းရှင်းလင်းလင်းပင်

မမြင်နိုင်ကြပေ။ သို့သော်လည်း ကုန်းလျန်က ဖြ မီတာအကွာသို့ ရုတ်တရက် ခုန်ထွက်သွားသည်။

"ငါ နင့်ရဲ့ပြိုင်ဖက် မဟုတ်ဘူး!" ကုန်းလျန်က လှောင်ပြောင်ရယ်မောကာ ဘေးဖက်သို့ ရွှေ့လိုက်သည်။

ယန်ယဲ့၏မျက်လုံးများထဲတွင် လေးနက်မှုအရိပ်အယောင်များပေါ်လာကာ အနည်းငယ်ကျဉ်းမြောင်းသွားသည်။

သူ့တိုက်ခိုက်မှုတွင်
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ၁၀ ကြိုးထပ်
ပါဝင်နေ၏။

ထိုအခိုက် ယန်ယဲ့၏အကြည့်သည်
မြို့တံခါးရှေ့မှာ တင်ပျဉ်ခွေလျက်ထိုင်နေသည့်
လူငယ်လေးဆီကို စိုက်ကြည့်နေသည်။
ထိုအချိန်တွင် လူငယ်သည် ဖြည်းညှင်းစွာ
မတ်တတ်ရပ်ပြီး ယန်ယဲ့ကိုလည်း
ကြည့်နေသည်။

“ခားစွမ်းအင်ကို အထပ်ထပ်ပေါင်းပြီး ပေါက်ကွဲစေတယ်။ ဒါ တကယ်ကောင်းတဲ့ ခားနည်းစနစ်ပဲ" လူငယ်က မတ်တပ်ထရပ်ပြီး ယန်ယွဲ့ ဆီသို့ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။ ရုတ်တရက် လူတိုင်းက လူငယ်ကို ကြည့်လိုက်ရာ သူ၏ခြေထောက်များတွင် ခြေဖဝါးမရှိသည်ကို သတိပြုမိလိုက်ကြသည်။

ယန်ယွဲ့က ခေါင်းညိတ်ကာ “မင်း ငါ့ခားစွမ်းအင်ရဲ့လမ်းကြောင်းကို ထောက်လှမ်းနိုင်သလို

ကွဲထွက်သွားတာကိုတောင် မြင်နိုင်တယ်။ ငါတွေ့ဖူးတဲ့ လူငယ်မျိုးဆက်သစ်တွေထဲမှာ မင်းကို ထိပ်တန်း ၃ ယောက်မှာ အဆင့်သတ်မှတ်နိုင်တယ်။" နံပါတ် ၁ နှင့် ၂ သည် သဘာဝအားဖြင့် အန်နန်ကျင်း နှင့် ငရဲကေရီ ဖြစ်သည်။

လူငယ်က "ငါ့နာမည်က နန်းကဲ့တူ လို့ခေါ်တယ်။ ငါ့ရဲ့အဆင့်အတန်းက တာအိုအမိန့်တော်ရဲ့တာအိုစီရင်သူ။ ပြီးတော့ ငါက တာအိုအမိန့်စီရင်သူတွေထဲမှာ အဆင့် ၉ နေရာမှာ ရှိတယ်။ ငါ့နာမည်ကို မှတ်ထားဖို့

မင်းကို ပြောနေတဲ့ အကြောင်းရင်းက ငါက မင်းဘဝရဲ့ နောက်ဆုံးရန်သူ ဖြစ်နေလို့ပဲ။"

"မမှတ်ထားတော့ဘူး!" ယန်ယွဲ့က လူငယ်ကို မျက်လုံးချင်း တည့်တည့်စိုက်ကြည့်လိုက်ပြီး "သေသူရဲ့ နာမည်တွေကို ငါ စိတ်မဝင်စားလို့!"

နန်းကဲ့တူက ယန်ယွဲ့ကို ခဏကြာ စိုက်ကြည့်ပြီးနောက် ပြုံးကာ "ကုန်းလျန် ပြောတာ မှန်ပါတယ်။ မင်းက အရမ်းမောက်မာပြီး မာနကြီးတယ်။ ငါ မင်းကို

အသက်ရှုဖို့ မရည်ရွယ်ခဲ့ပေမယ့် ငါ့ရဲ့
အသက်ရှုချိန်ကို ခဏလောက်
ဖြုန်းတီးခွင့်ပေးလိုက်ပါမယ်လေ။

ဒီခြေဖဝါးတွေကို တစ်စုံတစ်ယောက်က
လှီးဖြတ်တာ မဟုတ်ဘူး။ ငါကိုယ်တိုင်က ဒါကို
စုတ်ပြတ်သတ်သွားတဲ့အထိ လေ့ကျင့်ခဲ့တာ။ ငါ
အသက် ၇ နှစ်ကတည်းက သိုင်းတာအိုရဲ့
အမှန်တရားကို လိုက်ရှာခဲ့တယ်။
ထင်းရှူးစီရင်စုရဲ့တောင်ကုန်းတွေနဲ့
ချိုင့်ဝှမ်းတွေကို ဖြတ်လျှောက်ပြီး
စီရင်စုတစ်ဝက်ကျော်ကျော်ကို
ဖြတ်သန်းခဲ့တယ်။ ငါ့ခြေဖဝါးတွေ

ဆုံးရှုံးသွားချိန်မှာတော့ အများကြီး

နားလည်ခဲ့ရတယ်။ အဲဒီအထဲမှာ

အမြန်နှုန်းရဲ့ဥပဒေသတွေ ပါတယ်။

တစ်ချက်လှုပ်ရုံနဲ့

မင်းကိုသတ်နိုင်မယ်ထင်တယ်။

မင်းဘယ်လိုထင်လဲ"

၁၀၄၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၄၄ - "မာနစား" ရောက်လာခြင်း

ယန်ယွဲ့က "ကောင်းပြီ"

အုန်း!

စကားဆုံးသည်နှင့် ယန်ယွဲ့၏ပုံရိပ်က လွင့်ပျံသွားသည်ကို လူတိုင်းမြင်လိုက်ကြရသည်။

သို့သော် နန်းကဲ့တူက ထိုနေရာတွင် ရပ်နေသေးသည်။

ယန်ယဲ့၏ပုံရိပ်က မြို့တံခါးမှ ၃ ကီလိုမီတာအကွာရှိ တောင်ကုန်းငယ်လေးတစ်ခုပေါ် ပြုတ်ကျသွားခဲ့လေသည်။

ဘုန်း!

တောင်ကုန်းတစ်ခုလုံး ပြင်းထန်စွာ
တုန်ခါသွားပြီးနောက် ပေါက်ကွဲထွက်သွားပြီး
ယန်ယဲ့ကို ချက်ချင်း မြှုပ်နှံလိုက်သကဲ့သို့
နစ်မြုပ်သွား၏။

"သူရှုံးသွားတာလား၊ မာနကြီးလွန်းတဲ့
ယန်ယဲ့ကတစ်ချက်တည်းနဲ့ ရှုံးသွားတာလား"

ဖန်မုန့် နှင့် ဖန်လီ တို့၏ မျက်နှာသည်
တလိပ်လိပ် ဖြူဖျော့နေပြီး သူတို့၏
မျက်လုံးများသည် သေရမှာကြောက်နေပုံပါ။

လီမိုကျန်း နှင့် လီချင်ကျင်း တို့လည်း မျက်နှာပျက်သွားသည်။ ယန်ယွဲ့သည် လီကလန်အပေါ် ကြီးမားသောကြင်နာမှုကို ပြသခဲ့ပြီးဖြစ်သောကြောင့် ယန်ယွဲ့ ရှုံးနိမ့်လိမ့်မည်ဟု မမျှော်လင့်ထားပေ။သို့သော်လည်း ယန်ယွဲ့သည် နန်းကဲ့တူ၏တိုက်ခိုက်မှုကို အမှန်တကယ်ပင် ခုခံနိုင်စွမ်းမရှိခဲ့ပေ။

"ဒါဆို သူက အားနည်းသွားပြီ" ကုန်းလျန်က အေးစက်စွာ ရယ်မောလိုက်ပြီး "လူတိုင်း၊

ဒီလောက်မောက်မာတဲ့လူက
အားနည်းလိုက်တာလို့ မထင်ထားဘူးမလား၊
ရှေးဟောင်းဓားကျောင်းတော်ရဲ့ တပည့်တွေက
ဘယ်လောက်ပဲ အားနည်းနေလဲ။ သူတို့က
ငါ့တာအိုအမိန့်တော်ရဲ့
စစ်မှန်တဲ့ပါရမီရှင်တွေရှေ့မှာ
အားနည်းလွန်းတယ်။ ဘယ်လောက်တောင်
စိတ်ပျက်စရာကောင်းလဲ"

"သူက မပျော့ဘူး။ ဒါပေမဲ့ အကြွင်းမဲ့အရှိန်ကို
မမီသမျှ အရာအားလုံးက အသုံးမဝင်ဘူး"
နန်းကဲ့တူက နောက်ပြန်လှည့်ကာ

မြို့တံခါးဆီသို့ လျှောက်သွားရင်း မြို့တံခါး၌ ချိတ်ဆွဲထားသော အလောင်းများကို ငေးကြည့်ကာ “ယန်ယဲ့က အစဖြစ်ပေမဲ့ အဆုံးမဟုတ်သေးဘူး။ ရှေးဟောင်းဓားကျောင်းတော်နဲ့ကစားပွဲက အခုမှစတာ။ မင်းတို့ ဒီကစားပွဲကို ကစားဖို့ တတ်နိုင်မယ်လို့ ငါမျှော်လင့်ပါတယ်။”

"ငါသဘောတူတယ်! ကစားပွဲက အခုမှစတာ” ရုတ်တရက် အဝေးမှ အသံတစ်ခု ထွက်ပေါ်လာသည်။

နန်းကဲ့တူ၏မျက်လုံးများသည် အသံလာရာကို လှည့်ကြည့်ရင်း အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူတင်မကဘူး၊ ပတ်ဝန်းကျင်ရှိ လူတိုင်းပင်လျှင် အသံလာရာကို လှမ်းကြည့်ကြသည်။ ယန်ယဲ့သည် အမှန်ပင် မတ်တပ်ရပ်နေကြောင်း မြင်တွေ့လိုက်ရ၏။

သူ့ရင်ဘတ်ပေါ်တွင် အနီရောင်လက်ဖဝါးရာကလွဲ၍ အခြား မည်သည့်ဒဏ်ရာမျှ ရှိမနေခဲ့ပေ။

"ယန်ယဲ့ မှာ ဝှက်ဖဲတစ်မျိုးရှိမယ်ထင်တယ်..."

လူတိုင်း၏ အံ့သြနေသော အကြည့်များအောက်မှာပဲ ယန်ယဲ့သည် နန်းကဲ့တူ နှင့် ၁၅ မီတာအကွာလျှောက်လာခဲ့သည်။ သူက "မင်း ရှုံးသွားပြီ!"

နန်းကဲ့တူက ယန်ယဲ့ကို ခဏကြာ စူးစိုက်ကြည့်ပြီး "ဘယ်လောက်တောင် သန်မာတဲ့ ရုပ်ခန္ဓာလဲ။ နံပါတ် ၆ အစ်ကိုတော်ရဲ့

ခန္ဓာကိုယ်တောင်မှ ချီးမြှောက်ခြင်းနယ်ပယ်မှာ
ရှိနေတုန်း မင်းလောက်မသန်မာဘူး။
ပြောစရာတောင်မလိုပါဘူး၊ မင်းငါ့ကို
တကယ်အံ့ဩသွားစေတယ်။ တကယ်ပါပဲ...
ဓားတာအိုလမ်းစဉ်ကို
လျှောက်လှမ်းနေတဲ့သူက
သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးသားရဲနဲ့
ယှဉ်နိုင်တဲ့ ရုပ်ခန္ဓာကို ပိုင်ဆိုင်ထားတယ်"

"သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးသားရဲနှင့်
ယှဉ်နိုင်တဲ့ ရုပ်ခန္ဓာ"

လူတိုင်း ထိုစကားကိုကြားသောအခါ
ပတ်ဝန်းကျင်တွင် ကျယ်လောင်သောအသံများ
ထွက်ပေါ်လာပြီး ယန်ယဲ့ကို အံ့အားသင့်စွာ
စိုက်ကြည့်နေကြသည်။ အမှန်ပင်
ယန်ယဲ့၏ခန္ဓာကိုယ်သည်
သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲနှင့်ပင် ယှဉ်နိုင်လိမ့်မည်ဟု
မည်သူမျှ မထင်ထားခဲ့ပေ။ ထိုအရာက ဘာကို
ကိုယ်စားပြုသနည်း...

ယန်ယဲ့သည် သူ၏ရုပ်ခန္ဓာခွန်အားဖြင့်
သိုင်းကေရာဇ်များကို

အသာလေးသတ်နိုင်သည်ဟု
ဆိုလိုသည်မဟုတ်ပါလော။
အကြောင်းအရင်းမှာ သူက
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်သာ
ဖြစ်သည့်တိုင် သူတော်စင်တစ်ပိုင်းအဆင့် နှင့်
ယှဉ်နိုင်သော ရုပ်ခန္ဓာကို ပိုင်ဆိုင်ထားသည်။

ဤအခိုက်အတန့်တွင် လူတိုင်း အားလုံးသည်
ယန်ယဲ့ကို လူထူးဆန်းအား ကြည့်နေသလိုမျိုး
စိုက်ကြည့်နေကြသည်။

ကုန်းလျှန် ပင်လျှင် မျက်လုံးထဲ၌
ထိတ်လန့်မှုများ ပေါ်လာသည်။ ယန်ယဲ့၏
ရုပ်ခန္ဓာက အလွန်သန်မာကြောင်း သူမလည်း
သိထားခဲ့သည်။ သို့သော်လည်း
သူတော်စင်တစ်ပိုင်းအဆင့် ရုပ်ခန္ဓာကို
ပိုင်ဆိုင်ထားမည်ဟုတော့ မမျှော်လင့်ထားပေ။
တစ်နည်းဆိုရသော် ယန်ယဲ့၏ ခွန်အားသည်
သူမ ထက်ပင် အားနည်းသည်မဟုတ်ပေ။

ယန်ယဲ့က "မင်း လောင်းကြေးကို ရှုံးသွားပြီ!"

နန်းကဲ့တူက ခေါင်းညိတ်ပြီး "ငါရှုံးတယ်၊ ဒါပေမဲ့ ငါ့စကားကို ပြန်ပြင်ဖို့ ရည်ရွယ်ထားတယ်"

ယန်ယဲ့က နန်းကဲ့တူကို စိုက်ကြည့်ကာ "မင်း သေချာလား"

"အရမ်းသေချာတာပေါ့!" နန်းကဲ့တူက ဆက်ပြောသည် "အဲဒီ စွမ်းအင်ကျောက်တုံးတွေနဲ့ အဲဒီမိန်းမ ၂ ယောက်ကို မင်းလက်ထဲပေးလိုက်ရင်တောင်

မင်းက ခဏာနေရင် သေမှာပဲ။ ဒီလိုမျိုးဆိုတော့ ဘာလို့ အပိုဒုက္ခတွေရှာစရာလိုမလဲ"

ယန်ယဲ့က "နံပါတ်(၉)တာအိုစီရင်သူ!" မင်းရဲ့အရှိန်က အရမ်းမြန်နေတာမဟုတ်ဘူးလား။ ငါ့ဓားကို ခုခံဖို့ ဘာလို့မကြိုးစားတာလဲ"

နန်းကဲ့တူက ခေါင်းညိတ်ကာ "မင်းဓားကို ၁၀ ကြိမ်လောက် ထုတ်သုံးရင်တောင်မှ ပြဿနာ မဟုတ်ဘူး”

ယန်ယဲ့ကခေါင်းညိတ်လိုက်သည်။ ပြီးသည်နှင့်
သူ၏ဓားကို ဆတ်ခနဲဆွဲထုတ်ပြီး နန်းကဲ့တူ
အား ပိုင့်ချလိုက်သည်။

အောင်း!

ဓားတစ်ချောင်းက ကောင်းကင်အထက်
တိမ်တိုက်များကြားထိပင် ပိုင်းဖြတ်သွားကာ
အာကာသဟင်းလင်းပြင်ကိုပင်
တုန်လှုပ်သွားစေသည်။ ဓားက

အာကာသဟင်းလင်းပြင်ကို
နှစ်ခြမ်းခွဲချလိုက်သလိုပင်။

ထိုဓားအူသံ ထွက်ပေါ်လာသည့်အခိုက်တွင်
နန်းကဲ့တူ၏အမူအရာသည်
အနည်းငယ်ပြောင်းလဲသွားသည်။
သိပ်မကြာခင်မှာပဲ
ရောမဓားစွမ်းအင်အလင်းတန်းကြီးတစ်ခုက
သူ့ရှေ့သို့ ရောက်လာသည်။ သို့သော်လည်း
နန်းကဲ့တူ၏အရှိန်က အလွန်လျင်မြန်သည်။
သူ့ရှေ့သို့ ဓားစွမ်းအင်များ ရောက်လာသည့်

တစ်ချိန်တည်းမှာပင် သူ့လက်ဖဝါးကို ရှေ့သို့ ပုတ်လိုက်သည်။

အုန်း!

သို့တိုင် ဧရာမပေါက်ကွဲသံကြီးနှင့်အတူ နန်းကဲ့တူ၏ ပုံရိပ်က မြို့တံတိုင်းပေါ် ပြုတ်ကျသွားသည်ကို လူတိုင်းမြင် တွေ့ခဲ့ကြသည်။ ထူထပ်သော မြို့တံတိုင်းအထက်

ပင့်ကူမျှင်လို အက်ကြောင်းများ ချက်ချင်း ဖုံးလွှမ်းသွားကာ ချက်ချင်းပင် တစ်စစီ ပြိုကျလာခဲ့သည်။

"ဟားဟား! မင်းက ခဏလေးနဲ့ ဓားစွမ်းအင်ကြိုး ၂၀ ထပ် ပေါင်းစပ်လိုက်နိုင်တယ်။ ကောင်းတယ်! အရမ်းကောင်းတယ်! ငါ့ရဲ့ ရှေးဟောင်းဓားကျောင်းတော်က ဂိုဏ်းတူအစ်မလု နဲ့ ယှဉ်နိုင်တဲ့ မဟာပါရမီရှင်တစ်ယောက်ရှိနေပြီ။ ဟားဟား..." ရုတ်တရုတ် ကျယ်လောင်သော

ရယ်မောသံက ကောင်းကင်အထက်ဆီမှ
ပဲ့တင်ထပ်လာလေသည်။ တစ်ချိန်တည်းမှာပင်
ကောင်းကင်ထက်မှ အလင်းတန်းတစ်ခု
ကျဆင်းလာသည်။ အလင်းတန်းက
ကောင်းကင်အဆင့်မြင့် ဓားစိတ်ဆန္ဒဖြင့်
ပေါင်းစပ်ထားသောကြောင့် လူတိုင်း
အံ့သြသွားကြသည်။ကြောက်စရာအကောင်း
ဆုံးအပိုင်းမှာ အလင်းတန်းသည်
ဖြာထွက်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံးအား
အမှုန်တကယ်ဖုံးလွှမ်းသွားခြင်းပင်ဖြစ်သည်။

အသစ်ရောက်လာသော
ရှေးဟောင်းဓားကျောင်းတော်၏ တပည့်က
ဘယ်အရာကို ရည်ရွယ်နေပါသနည်း။

ရုတ်တရက်ဆိုသလိုပင် အလင်းတန်းများက
လျင်မြန်စွာ ကျုံ့သွားကာ
အသပ်ရှုချိန်အနည်းငယ်အတွင်းမှာပဲ
ဓားစွမ်းအင်ချည်မျှင်များအဖြစ်
ပြောင်းလဲသွားလေသည်။
ဓားစွမ်းအင်အလင်းတန်းက ရုတ်တရက်
လေထဲ၌ လျင်မြန်စွာ ပျံသန်းသွားပြီး ကုန်းလျှန်
ရှေ့သို့ ချက်ချင်း ရောက်လာသည်။

ကုန်းလျှန်က ရုတ်တရက်
အံ့အားသင့်သွားသည်။
ရှေးဟောင်းဓားကျောင်းတော်မှ
ရောက်လာသူက သူမအား
အမှန်တကယ်ပစ်မှတ်ထားလိမ့်မည်ဟု
မမျှော်လင့်ထားပေ။ ထိုလူက
ရောက်လာလာချင်သမှာပင် သူမကို ချက်ချင်း
တိုက်ခိုက်ခဲ့သည်။သို့သော်လည်း သူမ၏
တုံ့ပြန်မှုသည် နှေးကွေးခြင်းမရှိပေ။
ကုန်းလျှန်က လက်ကိုဝှေ့ယမ်းလိုက်ရာ
သူမ၏လက်ထဲတွင်

အနက်ရောင်တံစဉ်တစ်ချောင်း ပေါ်လာပြီး ဓားစွမ်းအင်ကို ဖြတ်တောက်လိုက်သည်။

ဘောင်း!

ဓားစွမ်းအင်က
အနက်ရောင်တံစဉ်နှင့်တိုက်မိသွားချိန်တွင်
အနက်ရောင်တံစဉ်က ပြင်းထန်စွာ
တုန်လှုပ်သွားပြီး
ဓားစွမ်းအင်တန်ပြန်အားလှိုင်းက ကုန်းလျှန်၏
ကျောပြင်ကို ရိုင်ချလိုက်လေသည်။

ကုန်းလျှန်၏ ခန္ဓာကိုယ်က ကော့တက်သွားကာ အောက်မှ မြို့တံတိုင်းပေါ် ပြုတ်ကျလာသည်။

ကုန်းလျှန် လွင့်ထွက်သွားခိုက် ယန်ယဲ့က ရှေ့ကို လျှပ်တစ်ပြက် ခုန်ထွက်လာပြီး ဖန်မုန့် နှင့် ဖန်လီ ရှေ့သို့ ရောက်လာပါသည်။

ရုတ်တရက် အနီရောင်အရိပ်တစ်ခုကို မြင်လိုက်ရပြီး သူ့မျက်လုံးများက ချက်ချင်း ကျဉ်းမြောင်းသွားလေသည်။
တစ်ချိန်တည်းမှာပင် သူ့နောက်ကျောမှ

စူးစူးရှရှ နာကျင်မှုကို ခံစားလိုက်ရပြီး
ချွန်ထက်သော အရာတစ်ခုက
သူ့နောက်ကျောအား ထိုးသွင်းသွားသည်ကို
သတိပြုမိလိုက်သည်။

“ဖယ်စမ်း!” ယန်ယဲ့က ဒေါသတကြီး
လှည့်ထွက်ပြီး သူ့လက်သီးကို ရှေ့သို့
လှမ်းထိုးလိုက်သည်။

သို့ရာတွင် အနက်ရောင်အရိပ်က သူ့အနောက်မှာ
ကျန်နေသေးသလို
အနက်ရောင်အရိပ်ကသူ့အရိပ်လိုပင် ထင်ရ၏။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့သည်
သူ့နောက်ကျောမှ ပြင်းထန်သော နာကျင်မှုကို
ခံစားလိုက်ရသည် ။

"အရိပ်! သူ့ကိုအသက်ရှင်လျက်ထား"
ရုတ်တရက် နန်းကဲ့တူ၏အသံသည်
ဘေးဖက်မှထွက်လာကာ အနက်ရောင်အရိပ်က
လေထုထဲတွင်
ချက်ချင်းပျောက်ကွယ်သွားသည်။

"ယန်ယဲ့" ဖန်မုန့်က မျက်နှာတွင် မျက်ရည်များ တလဟောစီးကျနေရင်း အော်ဟစ်လိုက်သည်။ ယန်ယဲ့ ၏ နောက်ကျောတွင် စင်တီမီတာအနည်းငယ်နက်သော ဒဏ်ရာ ၂ ချက်ရှိနေပြီး အရိုးများပင်မြင်နိုင်လေသည်။

“ဒီလောကရဲ့ပါရမီရှင်တွေက ဘယ်လိုမျိုးလဲ” ယန်ယဲ့က ရယ်မောလိုက်သည်။ အနက်ရောင်အရိပ်က ချီးမြှောက်ခြင်းနယ်ပယ်သာရှိသော်လည်း သူ၏အကာအကွယ်ကို ထိုးဖောက်နိုင်ခဲ့သည်။ ထို့အပြင် နန်းကဲ့တူ လည်း အလားတူပင်။

ယခုအချိန်တွင်တော့ မုဟာန်ရှန်းက
တာအိုအမိန့်တော်ကို သတိထားဖို့
သတိပေးခဲ့သည့် အကြောင်းအရင်းကို
နောက်ဆုံးနားလည်သွားပြီဖြစ်သည်။

"မင်းအဆင်ပြေရဲ့လား" လူငယ်တစ်ယောက်က
ယန်ယဲ့ ဆီသို့ လျှောက်လာသည်။ ထိုလူငယ်က
အသက်

၂၀ ဝန်းကျင်၊မျက်ခုံးစောင်း၊
ကြယ်ရောင်မျက်လုံးများ၊ ပခုံးပေါ်ကျနေသော
ဆံပင်များနှင့် သူ့ခန္ဓာကိုယ်တစ်ဝိုက်

ပြင်းထန်ပြီး စူးရှသော အရိုန်အဝါများ ထွက်ပေါ်နေပါသည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ငါ အဆင်ပြေပါတယ်"

“ကိုယ့်ကိုယ်ကို မိတ်ဆက်ရဦးမယ်။ ငါက ကောင်းကင်ဓားတောင်ထိပ်ရဲ့ အကြီးဆုံးတပည့် ချန်းတုံ ပါ။ ဂိုဏ်းရဲ့ စီနီယာအစဉ်အရ မင်းက ငါ့ကို

ဂိုဏ်းတူအစ်ကိုကြီးလို့ ခေါ်သင့်တယ်"
ထိုလူငယ်က ပြောသည်။

"ချန်းတုံ! သူက မာနစား ချန်းတုံ ပဲ" လူအုပ်ထဲမှ တစ်ယောက်က ရုတ်တရက် အော်ဟစ်လိုက်သည်။

"သူက အရင်တုန်းက သိုင်းသူတော်စင် ကိုတောင် ပြန်တိုက်ခိုက်ရဲတဲ့ ချန်းတုံ ပဲ"

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၄၅ - ဓားနယ်မြေ ထုတ်ဖော်ရပြီ

“သူပဲဖြစ်သင့်တယ်။ ကောလဟာလတွေအရ သူက သိုင်းသူတော်စင် တစ်ယောက်ကို ပြဿနာရှာမိတာတောင် မကြောက်မလန့် ပြန်ပြီးတိုက်ခိုက်ရဲသေးတယ်ဆိုလား။ ပြီးတော့ နှစ် ၂၀ လောက်အချိန်ယူရင် သိုင်းသူတော်စင်တွေကို သေချာပေါက်

သတ်နိုင်မယ်လို့ ဟစ်ကြွေးခဲ့တယ်။
အဲဒီနေ့ကစပြီး မာနဓားရဲ့နာမည်က
စီရင်စုတစ်ခုလုံးကို ပြန့်နှံ့သွားတော့တာပဲ”

“အရင်တုန်းကတော့ သူက
ကြွားလုံးထုတ်တယ်လို့ ထင်ခဲ့တယ်။ အခုတော့
…။ သူ့ရဲ့ဓားစိတ်ဆန္ဒက ကောင်းကင်အဆင့် ၂
မှာ ရောက်နေပုံရတယ်။ ဟုတ်သလား..."

ယန်ယဲ့က ချန်းတုံကို တစ်ချက်ကြည့်လိုက်ပြီး
"အခုနကိစ္စအတွက် ကျေးဇူးတင်ပါတယ်!"

ချန်းတုံက “အဲဒါ မလိုပါဘူး။ မင်းက ရှေးဟောင်းဓားကျောင်းတော်ကို ဝင်လိုက်ပြီဆိုမှတော့ ငါတို့က မိသားစုတစ်ခုတည်းပဲ။ ကောင်းကင်ဓားတောင်ထိပ်က အကြီးဆုံးတပည့်သားတစ်ယောက်အနေနဲ့ ကောင်းကင်ဓားတောင်ထိပ်ရဲ့ တခြားတပည့်တစ်ယောက် ဒုက္ခရောက်နေတဲ့အချိန်မှာ ငါလက်မငှားရင် ဘယ်လိုလူဖြစ်သွားမလဲ"

ထိုအချိန်တွင် ကုန်းလျန်က ရုတ်တရက် "နင့်ရဲ့ ဓားကျောင်းတော်က ဒီကစားပွဲကို ဘယ်လိုဆက်ကစားဖို့ ရည်ရွယ်ထားတာလဲ"

ချန်းတုံက မြို့ရိုးပေါ်တွင်ချိတ်ဆွဲထားသော ရှေးဟောင်းဓားကျောင်းတော်မှ တပည့်များ၏အလောင်းများကို တစ်ချက်ကြည့်လိုက်ပြီး "ဒါက ငါနဲ့သာဖြစ်ရင် မင်းတို့အားလုံးနဲ့ ငါတကယ်ကစားမှာ။ ဒါပေမဲ့ အခုကိစ္စက လူငယ်တွေကြားကရန်ပွဲဖြစ်နေလို့ အားနည်းသူတွေကို အနိုင်မကျင့်ရဘူးလို့ အကြီးအကဲတွေက သတိပေးခဲ့တယ်။ ဒါဆို…

.” ဤအချက်ကို ပြောရင်း ယန်ယဲ့ကို စူးစိုက်ကြည့်ကာ "ငါတို့ ရှေးဟောင်းဓားကျောင်းတော်မှာ ချီးမြှောက်ခြင်းနယ်ပယ်အဆင့်က ပါရမီရှင် ၃ ဦး ရှိတယ်။ ကျန်တဲ့ ၂ ယောက်က ဒီကိုရောက်လာဖို့ အနည်းဆုံး ၄ နာရီလောက် အချိန်ယူရမယ်ဆိုတော့….”

ယန်ယဲ့က "ရတယ်၊...ငါရှုံးသွားရင်တောင် အဆင်ပြေမှာပါ"

ချန်းတုံက ယန်ယဲ့ကို ခဏကြာ
စိုက်ကြည့်ပြီးနောက် “အဆင်ပြေပါတယ်။
ဘယ်လောက်ရှုးနှမ်းနေပါစေ ကောင်းပါတယ်။
ဒါတင်မကဘူး၊ အရှူးက ပိုကောင်းမယ်”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး “သူတို့ကို
ကူညီစောင့်ရှောက်ပေးပါဦး။ အနက်ရောင်ဝတ်
လူကိုသတိထားပါ"

ချန်းတုံက "သိုင်းသူတော်စင် ရောက်မလာခဲ့ရင်
သူတို့က အဆင်ပြေနေမယ်လို့ ငါအာမခံတယ်"

ယန်ယဲ့သည်နောက်ဆုံးတွင်
သက်တောင့်သက်သာ သက်ပြင်းချလိုက်ပြီး
နန်းကဲ့တူ သို့ ဖြည်းညှင်းစွာ လျှောက်သွားကာ
"မင်းက အရမ်းသန်မာတယ်လို့ ထင်လား"

နန်းကဲ့တူက "မင်းကို သတ်ရတာ ပြဿနာ
မဖြစ်သင့်ဘူး"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "ဒါဆို ငါဘယ်လောက် သန်မာတယ်ဆိုတာကော မင်းသိလား"

နန်းကဲ့တူက ပြုံးကာ “ဒါဆို ဘာလို့ မကြည့်ခိုင်းတာလဲ”

“ကောင်းပြီ” ယန်ယဲ့က “မင်းက သိပ်မြန်တာမဟုတ်ဘူးလား။ လာ! ငါ့ကို ထပ်တိုက်ခိုက်ပါ! မင်း မြန်နေသေးလား ငါကြည့်ရအောင်"

"မင်းဆန္ဒအတိုင်းပဲ" နန်းကဲ့တူက
စကားပြောပြီးသည်နှင့် ရောမှာတင်
ပျောက်ကွယ်သွားသည်။
ချန်းတုံ၏မျက်လုံးများသည်
တစ်ချိန်တည်းမှာပင် အနည်းငယ်
ကျဉ်းသွားကာ သူ့မျက်လုံးထဲတွင်
လေးနက်သော အမူအရာတစ်ခု
ရှိနေသည်။အဘယ်ကြောင့်ဆိုသော်
ထိုအမြန်နှုန်းသည် သူ့အား ပြင်းထန်သော
ခြိမ်းခြောက်မှုတစ်ခု
ဖြစ်စေနိုင်သောကြောင့်ပင်။

သို့သော် ထူးဆန်းသော မြင်ကွင်းတစ်ခု ပေါ်လာသည်။ နန်းကဲ့တူ၏ အရှိန်သည် အမှန်တကယ် နှေးကွေးလာသည်ကို သူ ရုတ်တရက်သတိပြုမိသည်။အဆုံးမှာတော့ နန်းကဲ့တူက လမ်းလျှောက်စသင်နေသည့် ကလေးတစ်ယောက်လိုမျိုး လုံးဝကို နှေးကွေးသွားပါတော့သည်...။

"ဓားနယ်မြေ…." ထိုအခိုက် ထိတ်လန့်တကြား အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

စိတ်ဆန္ဒ၏ အထက်စွမ်းအင် သည်
ဥပဒေသစွမ်းအင် ဖြစ်သည်။ ဥပဒေသ၏
အထက်စွမ်းအင်က နယ်မြေ
ဖြစ်သည်။

"နယ်မြေ"များက စိတ်ဆန္ဒ နှင့်
ဥပဒေသများထက် ကျော်လွန်ရသည့်
အကြောင်းရင်းမှာ နယ်မြေက

တစ်စုံတစ်ဦးနေထိုင်သော ကမ္ဘာကို ဖိနှိပ်ဖို့ နယ်မြေထဲ၌ ကိုယ်ပိုင်ကမ္ဘာတစ်ခု ဖန်တီးနိုင်သောကြောင့်ပင်။

နယ်မြေစွမ်းအင်သည် ဥပဒေသစွမ်းအင်ကို ဖိနှိပ်နိုင်သည်။ သို့ရာတွင် အတိအကျတော့ မဟုတ်ခဲ့ပေ။

ထိုနေ့က ယန်ယဲ့ နှင့် ငရဲကေရီ တို့တိုက်ခိုက်နေချိန်တွင်း သူက ဓားနယ်မြေကို သုံး၍ ငရဲကေရီ၏

ယင်နှင့်ယန်ပြောင်းပြန်လှန်ခြင်း ဥပဒေသကို ဖိနှိပ်ခဲ့သည်။

သို့သော်လည်း သူက ဓားနယ်မြေ၏ စစ်မှန်သောသဘောတရားကို ဆုပ်ကိုင်ထားနိုင်ခြင်း မရှိသောကြောင့် ယင်နှင့်ယန်တာအိုဥပဒေသက သူ၏ဓားနယ်မြေကို ဖျက်ဆီးလုနီးပါး ဖြစ်ခဲ့သည်။

နန်းကဲ့တူ နှင့်ပတ်သက်၍တော့ ၎င်း၏အမြန်နှုန်းဥပဒေသက ငရဲကေရီထက်

နိမ့်ကျနေသည့်အပြင် သူ့ခွန်အားကလည်း လားလားမျှမဆိုင်ပေ။

တစ်ဖက်တွင် ယန်ယဲ့၏ ဓားနယ်မြေ အပေါ် သဘောပေါက်မှုဟာ ယခင်ထက် အဆပေါင်းများစွာ မြင့်တက်လာသည်ဖြစ်ရာ နန်းကဲ့တူ၏ အမြန်နှုန်းဥပဒေသကို လုံးလုံးလျားလျား ဖိနှိပ်ထားနိုင်သည်။

နန်းကဲ့တူ၏ အရှိန်သည် ဓားနယ်မြေ ဖြင့် ဖိနှိပ်ခံရသည့်နောက် လုံးဝကို အနှေးဆုံးထိ

ကျဆင်းသွားသည်။ ဤအခိုက်အတန့်တွင် ခြေတစ်လှမ်းသာ လှမ်းလိုက်ရုံဖြင့် သူ၏ ခွန်အားကို ထူးဆန်းသောစွမ်းအားက စုပ်ယူသွားကြောင်း သတိထားမိလိုက်၏။ နန်းကဲ့တူ၏ မျက်လုံးများက ထိတ်လန့်တုန်လှုပ်မှုများ အထင်းသားပေါ်လာခဲ့လေသည်။

နန်းကဲ့တူ တစ်ယောက်တည်းသာမကဘဲ ပတ်ဝန်းကျင်မှ လူတိုင်းပင်လျှင် ထိတ်လန့်တုန်လှုပ်သွားကြပါသည်။

မာနစား ဟုနာမည်ကျော်သည့် ချန်းတုံပင်
ခြွင်းချက်မရှိပါ။ အဘယ်ကြောင့်ဆိုသော်
လုဝမ်အာက စားနယ်မြေကို
နားလည်နိုင်စွမ်းမရှိခဲ့ပေ။

ရုတ်တရက် အလင်းတန်းတစ်ခု
လင်းလက်လာပါသည်။

အလင်းတန်းက လူတိုင်း၏အမြင်၌
အတော်လေးနွေးပုံရပြီး
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များပင်လျှင်
အသာလေး ရှောင်တိမ်းနိုင်ပါသည်။
သို့သော်လည်း နန်းကဲ့တူက နေရာတွင်ပင်

အေးခဲသွားရသည်။ သူ့မျက်လုံးများက
ချက်ချင်း ပြူးကျယ်သွားကာ
သူ၏လက်တစ်ဖက် လေထဲသို့
ပျံတက်သွားသည်ကို ကြည့်နေနိုင်ခဲ့သည်။

ယန်ယဲ့သည် ဓားနယ်မြေကို
အသက်သွင်းလိုက်ချိန်တွင်
အာကာသနိယာမနှင့် လေဥပဒေသကို
ယာယီအသုံးပြုကာ နန်းကဲ့တူအား ပြင်းထန်စွာ
ဖိနှိပ်ထားခဲ့သည်။
ထို့ကြောင့် နန်းကဲ့တူက လျင်မြန်စွာ
ရွှေ့လျားနိုင်စွမ်းကိုအသာထား ဒီအချိန်မှာ

ခုခံနိုင်စွမ်းတောင် မရှိတော့ပေ။
အကြောင်းအရင်းက နန်းကဲ့တူဟာ
အမြန္နန်းဉပဒေသကလွဲ၍
အခြားမည်သည့်စွမ်းအားမျှမရှိလို့ပါ။

ငရဲကေရီကမူ
ယင်နှင့်ယန်တာအိုဉပဒေသအပြင်
အခြားစွမ်းအားအရာများ၌ ယန်ယဲ့
ထက်လုံးဝမနိမ့်ကျပေ။ ထိုအချက်က
ထိုနေ့တွင် ငရဲကေရီက သူဓားနယ်မြေကို
ဖိနှိပ်နိုင်သည့် အကြောင်းအရင်းပင်ဖြစ်သည်။
အနန္တဓားနယ်မြေက ငရဲကေရီကို

ချုပ်နှောင်ခဲ့သော်ငြား သူမအား
လုံးလုံးလျားလျား မဖိနှိပ်နိုင်ပေ။

သို့ရာတွင် နန်းကဲ့တူက ငရဲကေရီ နှင့် ဘယ်လို
နှိုင်းယှဉ်နိုင်ပါမည်နည်း။

ယန်ယဲ့သည် နန်းကဲ့တူ ထံသို့ တစ်လှမ်းချင်း
လျှောက်သွားသည်။ ထိုအချိန်တွင် နန်းကဲ့တူ
ထံမှ ကြောက်စရာကောင်းသော
အရှိန်အဝါတစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီး
သူ့ဝမ်းဗိုက်က ရုတ်တရက်

ဖောင်းကားလာသည်။ သူ့ကိုယ်သူ
ဖောက်ခွဲဖို့ရည်ရွယ်နေခြင်းပင်။

သို့သော်လည်း ယန်ယဲ့က ခွင့်ပြုပါမည်လော။
သူ၏ ဓားနယ်မြေက ကနဦးမဟုတ်တော့ဘဲ
အနန္တဓားနယ်မြေ ဖြစ်နေပါပြီ။ သို့တိုင်
နန်းကဲ့တူသာ ကိုယ့်ကိုယ်ကို ဖောက်ခွဲပါက
ယန်ယဲ့လည်း
ပြင်းထန်သောတန်ပြန်ရိုက်ခတ်မှုကို
သေချာပေါက် ခံရပေမည်။

ရုတ်တရက်ပဲ ယန်ယဲ့၏ လက်သီးချက်က
ရှေ့ပြေးထွက်လာကာ နန်းကဲ့တူ၏

ရင်ဘတ်အား ထိုးချလိုက်လေသည်။ နန်းကဲ့တူက ၁ ကီလိုမီအကွာသို့ လွင့်ပျံသွားကာ နောက်ဆုံးတွင် မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

နန်းကဲ့တူက မတ်တပ်ထရပ်ဖို့ ပြင်လိုက်သည်။ သို့သော်လည်း ခြေထောက်တစ်ဖက်က သူ့ ဗိုက်ပေါ် နင်းချလာပြီး ယန်ယဲ့၏အသံက ထွက်ပေါ်လာပါသည်။  "မင်း ကစားချင်နေတာ မင်းတို့အားလုံးနဲ့ ကစားမယ်။ ရိုးရိုးသားသားပြောရရင် မင်းတို့အားလုံး

ဒီကစားပွဲကို ဆက်မကစားနိုင်တော့မှာ
ငါတကယ်ကြောက်တယ်။”

နန်းကဲ့တူက ယန်ယဲ့ကို
စူးစူးစိုက်စိုက်စိုက်ကြည့်နေသည်။
သူ့မျက်လုံးများတွင် တည်ငြိမ်မှုနှင့်
ယုံကြည်မှုများ မရှိတော့ပေ။ ထိုအစား
ထိတ်လန့်မှုနှင့် မလိုလားအပ်သော
ခံစားချက်များသာ ကျန်ရှိတော့သည်။

ယန်ယဲ့၏လက်ထဲ၌ ဓားတစ်ချောင်းပေါ်လာပြီး ရုတ်တရက် နန်းကဲ့တူ၏ လည်ပင်းပေါ် ဖိကပ်လိုက်သည်။ ထို့နောက် သူက ကောင်းကင်သို့ မျှော်ကြည့်ကာ "သူ့အသက်တွက် အဆင့်လွန်စွမ်းအင်ကျောက်တုံး ၅၀၀,၀၀၀ ။ ဝယ်မလား မဝယ်ဘူးလား။ မင်းမဝယ်ရင် ငါသူ့ကိုချက်ချင်းအဆုံးသတ်မယ်"

ကောင်းကင်သည် တစ်ခဏတာတိတ်ဆိတ်သွားပြီးနောက် ရုတ်တရက် အလင်းတန်းတစ်ခု ကောင်းကင်ကို

ဖြတ်ဆင်းလာကာ ယန်ယဲ့ရှေ့၌
သိုလှောင်လက်စွပ်တစ်ကွင်း
ထွက်ပေါ်လာသည်။

ယန်ယဲ့သည် သူ့ရှေ့က သိုလှောင်လက်စွပ်ကို
ယူလိုက်ပြီးနောက် ပါးစပ်ထောင့်မှာ
အေးစက်စက် အပြုံးတစ်ခု ပေါ်လာပြီး
"ငါ့ဆုံးဖြတ်ချက်ကို
နောင်တရမိတယ်။သူ့အသက်ကို
မရောင်းတော့ဘူး”
ထိုစကားပြောသည့်တစ်ချိန်တည်းမှာပင်
သူ့လက်က အနည်းငယ်ရွေ့သွားကာ ဓားက

နန်းကဲ့တူ၏လည်ပင်းကို လှီးဖြတ်သွားသည်။
နန်းကဲ့တူက မျက်လုံးများ ပြူးကျယ်သွားကာ
လည်ပင်းကနေ သွေးစများ ဖျန်းခနဲ
စီးကျလာသည်။ သူ့မျက်လုံးများက
အစွမ်းကုန်ပြူးကျယ်နေပြီး ထိုအထဲတွင်
ထာဝရနောင်တတရားများဖြင့်
သေဆုံးသွားခဲ့သည်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ" ကောင်းကင်အထက်
အာကာသဟင်းလင်းပြင်ထဲကနေ
ဒေါသတကြီးအော်သံ ထွက်ပေါ်လာခဲ့သည်။
အသံထွက်ပေါ်လာချိန်တွင်

ကောင်းကင်အထက်ရှိ
အာကာသဟင်းလင်းပြင်သည် ပြင်းထန်စွာ
တုန်ခါသွားပြီး ကောင်းကင်သည်
မည်သည့်အချိန်တွင်မဆို
ပြိုကျလာတော့မည်ဟုပင်ထင်ရ၏။
ထိုအရာက အမှန်တကယ်ပင်
ထိတ်လန့်စရာကောင်းသော
မြင်ကွင်းတစ်ခုပင်။

ယန်ယွဲ့သည် အသံပိုင်ရှင်ကို ဂရုမစိုက်ပေ။
သူ့လက်ကို ဝှေ့ယမ်းပြီး

နန်းကဲ့တူ၏အလောင်းကို

ရှေးဟောင်းဓားအိမ်ထဲ ဆွဲယူလိုက်သည်။

ရုတ်တရက် ယန်ယဲ့၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားကာ

နောက်ကိုချက်ချင်းပြန်လှည့်ပြီး သူ့နောက်က

အာကာသဟင်းလင်းပြင်ကို လက်သီးဖြင့်

ထိုးလိုက်သည်။

လက်သီးချက်က ထိုနေရာရှိ ဟင်းလင်းပြင်ကို

ထိုးခွဲသွားပြီးနောက်

အနက်ရောင်ဝတ်ရုံလူတစ်ယောက်

ယန်ယဲ့ရှေ့တွင် ပေါ်လာသည် ။

အနက်ရောင်ဝတ်ရုံလူက ယန်ယဲ့ သူ့ကို

အမှန်တကယ် သတိပြုမိဖို့

မမျှော်လင့်ထားသဖြင့် သူ၏ လှုပ်ရှားမှုဟာ

အနည်းငယ် ရပ်တန့်သွားသည်။ သို့သော်

သိပ်ပင်မကြာလိုက်ပေ၊ သူက ချက်ချင်းပင်

မြန်မြန်ဆန် သူတို့ပြန်လိုက်ပါသည်။

အေးစိမ့်စိမ့်အငွေ့အသက်များနှင့်

ဓားမြှောင်တစ်လက်က

အာကာသဟင်းလင်းပြင်ကို

ဖြတ်တောက်သွားကာ အလင်းတန်းတစ်ခု

လင်းလက်လာပြီး ယန်ယဲ့ဆီသို့
တည့်တည့်တိုးဝင်လာပါသည်။

၁၀၄၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၄၆ - ငါ့ရဲ့တာအိုအမိန့်တော်က

မင်းရောက်လာမှာကို စောင့်နေတယ်

ယန်ယဲ့သည် ရုတ်တရက် သူ့လက်သီးကို ဆန့်လိုက်ပြီး ဓားမြှောင်အလင်းတန်းကို တိုက်ရိုက်ထိုးချလိုက်သည်။

ဘုန်း!

ထိုနေရာမှ အာကာသဟင်းလင်းပြင်သည် တုန်ခါသွားကာ ပြင်းထန်သော စွမ်းအားလှိုင်းများက အနက်ရောင်ဝတ်လူကို နောက်ပြန် လွင့်ထွက်သွားစေသည်။ ထိုအချိန်တွင် ယန်ယဲ့၏ ဓားစွမ်းအင်ကလည်း

အနက်ရောင်ဝတ်လူ ရှေ့သို့
ရောက်လာပါသည်။

အနက်ရောင်ဝတ်လူက လုံးဝ
ထိတ်လန့်ခြင်းမရှိပေ။

သူ့ခြေထောက်ကို မြေပြင်ပေါ် ပေါ့ပေါ့လေး
ပုတ်လိုက်ပြီး ချက်ချင်း
နောက်ပြန်ခုန်ထွက်လိုက်သည်။
တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်ကို
တစ်ပါတ်လှည့်ကာ လက်ဝါးကို လှန်လိုက်ရင်း
သူ၏ဓားမြှောင်က
အေးစက်စက်အလင်းတန်းတစ်ခု

တောက်ပလာပြီး ဓားစွမ်းအင်ကို
ခုတ်ပိုင်းလိုက်သည်။

အုန်း!

ဓားစွမ်းအင်များ ပြန့်ကျဲသွားသော်လည်း
အနက်ရောင်ဝတ်လူက ထပ်မံ
နောက်ပြန်ဆုတ်သွားပြန်သည်။ ဒီတစ်ခါတော့
သူ့ကိုယ်သူ ရပ်လိုက်သည်နှင့် အနက်ဝတ်လူက
လေထုထဲတွင် ပျောက်ကွယ်သွားသည်။

သို့သော်လည်း ယန်ယဲ့သည် နောက်တစ်ကြိမ်
လှည့်၍ သူ့ဓားကို အမြန်ဆွဲထုတ်ပြီးနောက်
ဓားစွမ်းအင်တန်းတစ်ခု
ထပ်မံတောက်ပလာပြန်သည်။

ဓားစွမ်းအင်က ဘာမှ မထိမှန်လိုက်ပေ။
ထိုအတောအတွင်း
အာကာသဟင်းလင်းပြင်သည်
လှိုင်းတွန့်သကဲ့သို့ တွန့်လာပြီး
အနက်ရောင်ဝတ်လူက

နောက်တစ်ကြိမ် ထပ်ပေါ်လာခဲ့သည်။
ဒီအချိန်မှာ အနက်ဝတ်လူက ယန်ယဲ့နှင့် ၃
မီတာလောက်သာဝေး၏။

ဘုန်း!

အနက်ရောင်ဝတ်လူဟာ
ထပ်မံ၍ထွက်ပေါ်လာသော်လည်း ချက်ချင်း
နောက်ပြန်ဆုတ်သွားရပြန်သည်။

ယန်ယဲ့ သည် နောက်ထပ် တိုက်ခိုက်မှုကို မလုပ်သေးဘဲ သူ့မျက်လုံးထဲ၌ လေးနက်မှု အရိပ်အယောင်များ ရှိနေသည်။ သူက ဓားနယ်မြေကို သုံးပြီး အနက်ဝတ်လူကို ဖိနှိပ်ထားခဲ့သည်။ လက်ရှိ အနက်ဝတ်လူက ဓားနယ်မြေအတွင်သမှာပင် ရှိနေသေး၏။ သူက အနက်ဝတ်လူ ပုန်းအောင်းနေသော နေရာများကို အလွယ်တကူသိနိုင်သည်။ သို့သော် ဒီလိုအခြေအနေမျိုးမှာပင် အနက်ဝတ်လူကို မသတ်နိုင်သေးဟု သူ့စိတ်ထဲလည်း တစ်ခါမျှ မမျှော်လင့်ထားပါ။

သူခုတ်ပိုင်းလိုက်သည့် ဓားချက်တိုင်းမှာ ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၂၀ စီထပ်နေသော်လည်း အနက်ရောင်ဝတ်လူကို လွင့်ထွက်သွားစေရုံလောက်သာ။ ထို့ကြောင့် အနက်ရောင်ဝတ်လူ၏ ခွန်အားက နန်းကဲ့တူ ထက်ကျော်လွန်နေသည်မှာ သိသာလှသည်။

"ငါထင်တာမမှားရင် မင်းက ဓားနယ်မြေကို တစ်ခါချုပ်လိုက်တိုင်း ကြီးကြီးမားမားတန်ကြေးတစ်ခုပေးရမှာဆို တော့ နန်းကဲ့တူကို သတိပြီးတာနဲ့ မင်း ငါ့ကို အသုံးမချရဲတော့ဘူး” အနက်ရောင်ဝတ်လူက

ဆက်၍ ပြောလိုက်ပါသည် “နန်းကဲ့တူက
တကယ်ကို လူမိုက်ပါ။ သူက
ဥပဒေသစွမ်းအင်ကိုပဲ အာရုံစိုက်ခဲ့တယ်။
တခြားအရာတွေကို ရှိတယ်လို့တောင်
မထင်ဘူး။ ဒီတော့ သူပိုင်ဆိုင်တဲ့
ဥပဒေသစွမ်းအင်ကို ဖိနှိပ်ပြီးတာနဲ့ သူက
တန်းပြီး ဒုက္ခိတဖြစ်သွားတော့တာပဲ။ ဒါပေမဲ့
မတတ်နိုင်ဘူး။ တကယ်လို့ သူက အမြန်နှုန်းကို
အာရုံမစိုက်ရင်လည်း အရှိန်ဥပဒေသကို
နားလည်ဖို့ မဖြစ်နိုင်ဘူး။ နောက်ဆုံးအနေနဲ့
မင်းလိုလူနဲ့တွေ့လို့ သူ့ကိုယ်သူပဲ
အပြစ်တင်နိုင်တယ်။ မဟုတ်ရင် အဆင့်မြင့်

သူတော်စင်တစ်ပိုင်းအဆင့် ကတောင် သူ့ကို သတ်နိုင်မှာ မဟုတ်ဘူး။”

"ဘာလို့ တမင်အချိန်ဖြုန်းနေတာလဲ" ယန်ယွဲ့က အေးစက်စက်ပြုံးကာ "အခု ဓားနယ်မြေကို မသုံးဘဲ မင်းကို သတ်နိုင်မလား ကြည့်ရအောင်"

အနက်ရောင်ဝတ်လူက ယန်ယွဲ့ထံသို့ ရုတ်တရက် ရောက်ရှိလာသည်။ ယန်ယွဲ့ရှေ့ ရောက်လာချိန်မှာ သူ့ခန္ဓာကိုယ်ကပြင်းထန်စွာ

တုန့်လှုပ်သွားပြီး မရေမတွက်နိုင်သော
အနက်ရောင်အရိပ်များဟာ ယန်ယဲ့၏
ပတ်ပတ်လည်တွင် ပေါ်လာပါသည်။
တစ်ချိန်တည်းမှာပင် မြောက်များစွာသော
အေးစက်စပ်အလင်းတန်းများက
အာကာသဟင်းလင်းပြင်ကနေတစ်ဆင့် ယန်ယဲ့
ဆီကို စုပြုံတိုးဝင်လာပါတော့သည်။

အောင်း!

ဓားအူသံက ရှုတ်တရက် လေထဲ၌
ပဲ့တင်ထပ်ပြီးနောက် ဓားအလင်းတန်း ၁၀၀
ကျော်ဟာ ပတ်ဝန်းကျင်ကို လွှမ်းခြုံသွားပြီး
အေးစက်စက်အလင်းတန်းများကို
ဖြတ်တောက်ပစ်လိုက်လေသည်။

ဖောင်း! ဖောင်း! ဖောင်း!

ကျယ်လောင်သော ပေါက်ကွဲသံများ
အဆက်မပြတ် ထွက်ပေါ်လာသည်။

အချိန်အနည်းငယ်ကြာ ကုန်သွားပြီးနောက်တွင် အေးစက်စက်အလင်းတန်းများက လွင့်စင်သွားပါတော့သည်။ ယန်ယဲ့ နှင့် အနက်ရောင်ဝတ်လူ နှစ်ဦးစလုံးက မတ်တပ်ရပ်နေကြဆဲဖြစ်သည်။

“ငါ… မင်းရဲ့ အကာအကွယ်ကို ထိုးဖောက်နိုင်လိုက်ပြီ…” အနက်ရောင်ဝတ်လူက စကားဆုံးသည်နှင့် မြေပြင်ပေါ်သို့ လဲကျသွားသည်။

ဖြို! ဖြို! ဖြို!

အနက်ရောင်ဝတ်လူ မြေပြင်ပေါ်သို့
လဲကျသွားသည်နှင့် တပြိုင်နက်
ယန်ယဲ့၏အဝတ်များသည် ရုတ်ချည်း
စုတ်ပဲ့သွားကာ သူ့ခန္ဓာကိုယ်တွင်
ဒဏ်ရာများဖြင့် ဖုံးလွှမ်းသွားခဲ့သည်။
ထိုဒဏ်ရာများထဲမှ တစ်ခုစီသည် သွေးများ
တစ်စက်စက်စီးကျနေသော်လည်း
သေနိုင်သည့် ဒဏ်ရာများ မဟုတ်ပေ။

ထိုအချိန်က သူတို့ တိုက်ခိုက်လိုက်သည်နှင့် ယန်ယဲ့သည် သူ၏ အကာအကွယ်ကို စွန့်လွှတ်၍ ဓားကြိုး ၂၀ ထပ်ကို ဆက်တိုက် ထုတ်ဖော်ခဲ့သည်။

ကံမကောင်းစွာပဲ သူ၏အကာအကွယ်က အနက်ရောင်ဝတ်လူ၏ တိုက်ခိုက်မှုတိုင်းကို ခုခံနိုင်ခဲ့သည်။

တစ်ဖက်မှာ အနက်ရောင်ဝတ်လူကတော့ ထိုကဲ့သို့ မလုပ်ဆောင်နိုင်ခဲ့ပေ။

"တာအိုအမိန့်တော်က ရှုံးနိမ့်သွားပြန်ပြီ"

ပတ်ဝန်းကျင်သည် လုံးဝတိတ်ဆိတ်သွားသည်။

ဤအခိုက်အတန့်မှစတင်၍
ယန်ယဲ့၏အမည်သည် မြောက်ပိုင်းဒေသနှင့်
ထင်းရှူးစီရင်စုတစ်ခုလုံးကိုပင်
ပြန့်နှံ့လာမည်ကို လူတိုင်း သံသယကင်းမဲ့စွာ
ယုံကြည်လိုက်ကြသည်။

ယန်ယဲ့သည် အနက်ရောင်ဝတ်လူထံသို့
လျှောက်သွားကာ အလောင်းကို

ရှေးဟောင်းဓားအိမ်ထဲ ထည့်လိုက်သည်။
အနက်ရောင်ဝတ်လူ ပင်ဖြစ်စေ၊
နန်းကဲ့တူပင်ဖြစ်စေ သူတို့နှစ်ယောက်စလုံးက
သူ့အတွက် အတော်လေး အသုံးဝင်ပါသည်။
အထူးသဖြင့် နန်းကဲ့တူက အရှိန်ဥပဒေသကို
နားလည်ထားခဲ့သည်။ အကယ်၍ သူ၏
ပျက်သုဉ်းခြင်းဥပဒေသကို အရှိန်ဥပဒေသနှင့်
ပေါင်းစပ်လိုက်ပါက လက်ရှိသူ့ခွန်အားဖြင့်
အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့်ကိုပင်
သတ်ပစ်နိုင်ပေလိမ့်မည်။

သူ့ခန္ဓာကိုယ်က အားမနည်းသလို
ဓားတာအိုကလည်း နိမ့်ကျခြင်းမရှိပေ။
တစ်ခုတည်းသော အားနည်းချက်က အရှိန် ပင်။

အနက်ရောင်ဝတ်လူ၏အလောင်းကို
ဖယ်ထုတ်ပြီးနောက် ယန်ယဲ့သည်
နောက်ပြန်လှည့်၍ ကုန်းလျှန်ကို
စိုက်ကြည့်လိုက်သည်။
ကုန်းလျှန်၏အမူအရာသည်
အနည်းငယ်ပြောင်းလဲသွားကာ နောက်ဆုံးတွင်
သူမ၏မျက်လုံးထဲ၌ ကြောက်ရွံ့မှုတစ်ခု
ပေါ်လာသည်။

ယန်ယဲ့ သည် ဓားစိတ်ဆန္ဒကို
နားမလည်သော်လည်း ဓားစိတ်ဆန္ဒ
ထက်ပိုကြောက်စရာကောင်းသည့်
ဓားနယ်မြေကို နားလည်ထားခဲ့သည်။ နန်းကဲ့တူ
နှင့် အနက်ရောင်ဝတ်လူ နှစ်ဦးစလုံးသည်
ချီးမြှောက်ခြင်းနယ်ပယ်သာဖြစ်သော်လည်း
သူမဟာ ထိုနှစ်ဦးကို မယှဉ်နိုင်ပေ။ သို့သော်
သူတို့နှစ်ဦးစလုံး ယန်ယဲ့၏လက်ထဲတွင်
သေဆုံးသွားခဲ့ပြီဖြစ်သည်။

"မင်းကို မသတ်ခင် အရှက်ခွဲဖို့ ရည်ရွယ်ထားပေမဲ့ အခုတော့ အဓိပ္ပါယ်မရှိသလို ခံစားရတယ်" ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းပြီး "တာအိုအမိန့်တော် ဆီ ပြန်သွားပြီး ငါ့အတွက် ထက်လာမခိုင်းနဲ့။ ငါယန်ယဲ့က နောက် ၃ ရက်ကြာရင် တာအိုအမိန့်တော်ကိုလာပြီး သူတို့ရဲ့ ပါရမီရှင်တွေနဲ့ တိုက်ခိုက်မယ်"

ယန်ယဲ့သည် တာအိုအမိန့်တော် နှင့် ပြဿနာကို ထိုနည်းလမ်းဖြင့် အဆုံးသတ်ဖို့သာ ရွေးချယ်လိုက်တော့သည်။ ထိုသို့မဟုတ်လျှင်

တာအိုအမိန့်တော်ဟာ သူ့ကို အဆက်မပြတ်
ပစ်မှတ်ထားနေမည်ဖြစ်ရာ သူ့ခွန်အားကို
ပြန်ယူဖို့ အချိန်ရှိမှာမဟုတ်ပေ။

ဒီအချိန်မှာ အန်နန်ကျင်း နှင့် မုဟန်ရှန်း တို့က
အလွန်ဆိုးရွားသော အခြေအနေတွင်
ရှိနေခဲ့သည်။ ထို့အပြင် သူက ရှောင်ယုရှီ နှင့်
အခြားသူများ၏ တည်နေရာကိုလည်း
မသိရသေးပါ။ သူသည်
တာအိုအမိန့်တော်နှင့်သာ အချိန်ဖြုန်းနေလို့ခြင်း
မရှိခဲ့ပေ။

ထို့ကြောင့် ယန်ယဲ့က တိုက်ပွဲကို
အဆုံးသတ်ဖို့ပြင်ဆင်ခဲ့သည်။

“နင်….” ကုန်းလျှန်က ယန်ယဲ့၏စကားကြောင့်
မကျေမနပ် ဖြစ်သွားပုံပါ။

သို့သော်လည်း ယန်ယဲ့သည် ရုတ်တရက်
ကုန်းလျှန်ကို စိုက်ကြည့်ကာ "မင်း
ထွက်သွားမှာလား ဒါမှမဟုတ် ဒီမှာ သေမလား"

ကုန်းလျှန်၏ အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသော်လည်း သူမ
ဆက်မနေရဲတော့ပေ။ သူမ၏ပုံရိပ်က
တဖျပ်ဖျပ်တောက်ပလာကာ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ကုန်းလျှန် ထွက်သွားသည်နှင့် ယန်ယဲ့၏
ပါးစပ်ထောင့်တွင် ခါးသီးသောအမူအရာတစ်ခု
ထွက်ပေါ်လာသည်။ နောက်ဆုံးတွင် သူက
ကုန်းလျှန်ကို လွတ်မြောက်ခွင့်မပြုလိုခဲ့ပေ။
သို့သော်လည်း သူက
အခြားရွေးချယ်စရာမရှိပါ။

"ငါ့ရဲ့တာအိုအမိန့်တော်က ဒီနေ့ကစလို့ နောက်
၃ ရက်အတွင်း မင်းရောက်မာမဲ့အချိန်ကို
စောင့်နေမယ်" ထိုအခိုက်
ကောင်းကင်အထက်ကနေ
အေးစပ်နေသောအသံ ထွက်ပေါ်လာသည်။

သိပ်ပင်မကြာလိုက်ပါ၊ သိုင်းပညာနှလုံး
သားမြို့၌ ဖြစ်ပွားခဲ့သော တိုက်ပွဲသတင်းဟာ
ပလိပ်ရောဂါကဲ့သို့ မြောက်ပိုင်းဒေသတစ်ခုလုံး
ပြန့်နှံ့သွားခဲ့ပါသည်။

ဓားနယ်မြေ....

ရှေးဟောင်းဓားကျောင်းတော်၏
တပည့်များထဲမှ တစ်စုံတစ်ယောက်သည်
ဓားအင်ပါယာ လုဝမ်အာ ပက်
နားမလည်နိုင်သော ဓားနယ်မြေကို
ပိုင်ဆိုင်ထားခဲ့သည်။

ဤအခိုက်တွင်
ရှေးဟောင်းဓားကျောင်းတော်တစ်ခုလုံးသည်
လည်း ရင်ခုန်စိတ်လှုပ်ရှားနေပါသည်။

"ဘာပဲဖြစ်ဖြစ် သူ့ကိုကာကွယ်ရမယ်"
ရှေးဟောင်းဓားကျောင်းတော်၏ ဌာနချုပ်မှ
အသံတစ်ခု ထွက်ပေါ်လာပြီးနောက်
အသက်ရှူချိန် ၁၀ ရှိုက်စာအတွင်းမှာပဲ
တောင်ထိပ် ၉ ခုဆီမှ မရေမတွက်နိုင်သော
ကြောက်မက်ဖွယ်ရာအရှိန်ဝါများ
ထွက်ပေါ်လာခဲ့လေသည်။ တစ်ချိန်တည်းမှာပင်

ထိုကြောက်မက်ဖွယ်အရှိန်အဝါများက
သိုင်းပညာနှလုံးသားမြို့ဆီသို့ ဦးတည်ခဲ့သည်။

အပြန်အလှန်အားဖြင့် တာအိုအမိန့်တော်ဟာ
မည်သည့် လှုပ်ရှားမှုမှ မရှိခဲ့ပါ။

သို့သော်လည်း မြောက်ပိုင်းဒေသရှိ လူတိုင်းက
သိပ်မကြာခင်အချိန်တွင်း ဧရာမမုန်တိုင်းကြီး
တိုက်ခတ်လာတော့မည်ကို သိနေကြသည်။

…

သိုင်းပညာနှလုံးသားမြို့…။

ယန်ယွဲ့သည် အခန်းတစ်ခုထဲရှိ ကုတင်ပေါ်တွင် လှဲနေခဲ့သည်။ ဖန်မုန့် နှင့် ဖန်လီ တို့နှစ်ယောက်စလုံး သူ့ကုတင်ဘေးနားတွင် ရှိနေကြသည်။

ဒီအချိန်မှာ သူ့ခန္ဓာကိုယ်က အလွန်အမင်း နာကျင်နေကာ အရိုးထဲကနေ တစ်ဆစ်ဆစ် ကိုက်ခဲမှုကို ခံစားနေရသည်။

သူ့ခန္ဓာကိုယ်တစ်ခုလုံးကို
ဓားဖြင့်လှီးဖြတ်နေသလို ခံစားရသည်။
ကံကောင်းထောက်မစွာ သူက ထိုနာကျင်မှုကို
အနည်းနှင့်အများ ဖိနှိပ်ထားနိုင်ခဲ့သည်။

အကြောင်းအရင်းမှာ သူက
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား နှင့်
ဓားနယ်မြေကို
ထုတ်ဖော်ခဲ့သဖြင့်သူ၏ခန္ဓာကိုယ်သည်
ကွဲအက်လုနီးပါးဖြစ်နေပါသည်။ အထူးသဖြင့်
သူ့ခန္ဓာကိုယ်သွေးကြောများက

ကွဲအက်သွားရုံသာမကဘဲ
ကွဲထွက်သွားခြင်းပင်။
ဒီလိုအခြေအနေမျိုးမှာ
သူ့ခန္ဓာကိုယ်သွေးကြောများသာမဟုတ်ပါ၊
ခန္ဓာကိုယ်တွင်းအင်္ဂါများပင်
ကွဲထွက်သွားပါသည်။

နန်းကဲ့တူနှင့် အနက်ရောင်ဝတ်လူ တို့နှင့်
ရင်ဆိုင်ရချိန်တွင် ဓားနယ်မြေကို ထု
တ်ဖော်ခြင်းမရှိပါက အနိုင်ယူဖို့
အတော်လေးခက်ခဲသွားပေမည်။

ထို့ကြောင့် သူက နောက်တွန့်မနေဘဲ

ဓားနယ်မြေကို ချက်ချင်း အသက်သွင်းခဲ့သည်။

သို့သော်လည်း သူသည်

သူ၏လက်ရှိအခြေအနေတွင် ဓားနယ်မြေကို

အသုံးပြုဖို့အတွက် တန်ကြေးတစ်ခု

ပေးဆပ်ခဲ့ရ၏။

၁၀၄၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၀၄၇ - တိမ်ပင်လယ်အကယ်ဒမီမှ ပညာရှင် ရောက်လာခြင်း

အကယ်၍ သူ့ခန္ဓာကိုယ်သွေးကြော ပြဿနာသာမရှိပါက ဓားနယ်မြေကို မသုံးဘဲ နန်းကဲ့တူ နှင့် အနက်ရောင်ဝတ်လူ ကို အသာလေးသတ်ပစ်နိုင်ပေသည်။

ကံမကောင်းစွာပဲ လက်ရှိတွင် သူ့ခန္ဓာကိုယ်သွေးကြောများက လုံးဝ ပြန်ကောင်းမလာသေးပေ။ ထိုအရာက သူ့ခွန်အားကို ကန့်သတ်ထားသည်။ ထိုအခြေအနေက လက်ရှိ

သူစိတ်ဓာတ်ကျနေသောအရာဖြစ်သည်။ သူ့ကို အကူအညီမဲ့အောင်
လုပ်ခဲ့သည်မဟုတ်ပါလော။

ယန်ယဲ့သည် သူ့မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်လိုက်၏။ ဒီအချိန်မှာ ဖန်မုန့်နှင့် ဖန်လီတို့က ယန်ယဲ့ မျက်လုံးဖွင့်လာသည်ကို တွေ့လိုက်သောအခါ သူ့ဘေးနား ကမန်းကတန်း ပြေးသွားကြသည်။ ဖန်မုန့်က စိုးရိမ်တကြီး အသံလေးနှင့် "နင်အဆင်ပြေရဲ့လား"

ယန်ယဲ့က အကူအညီမဲ့စွာသာ ပြုံးပြီး "ကလေးမလေး! ငါ အခုအဆင်ပြေနေတယ်ထင်တယ်" ဒီအချိန်မှာ သူက ဒုက္ခိတဖြစ်လုနီးပါးဖြစ်နေပြီဖြစ်သည်။

ဖန်မုန့်က ယန်ယဲ့ သတိလစ်နေချိန်တွင် မျက်ရည်ခမ်းခြောက်လုနီးပါး ငိုကြွေးနေသဖြင့် ဒီတစ်ကြိမ်မှာ မငိုမိတော့ပေ။ သူမက ယန်ယဲ့၏လက်ကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်လိုက်ပြီး "ယန်ယဲ့! နင်ငါ့ကိုတွေ့တာနောင်တရနေလား"

ယန်ယဲ့က "ဘာလို့ဒီလိုမေးခွန်းမျိုးမေးတာလဲ"

သူမက “နင်ငါ့ကိုစတွေ့ကတည်းက ဒုက္ခမျိုးစုံကို အမြဲကြုံတွေ့နေရတယ်။ ငါ့အတွက်သာမဟုတ်ရင် နင်အခုလိုမျိုး ထပ်ခါတလဲလဲ ဒဏ်ရာရမှာ မဟုတ်ဘူး။ တာအိုအမိန့်တော်ကို နင်စော်ကားခဲ့မှာ မဟုတ်ဘူး၊ နင် ဒီလောက် ဒဏ်ရာ ပြင်းထန်မှာ မဟုတ်ဘူးလေ။ ငါ…ဒါတွေအားလုံးက ငါ့အမှားပါ…”

ယန်ယဲ့က ပြုံးပြီး "မင်း ငါ့အတွက်
ဝန်ထုပ်ဝန်ပိုးတစ်ခုလို့ မင်းတကယ်ထင်ရင်
ကိုယ့်ကိုယ်ကို သန်မာလာအောင် ကြိုးစားပါ"

"ငါသေချာပေါက်ကြိုးစားမယ်။ ငါ
ပေါ့တီပေါ့ပျက်မနေတော့ဘူး အာမခံတယ်"
ဖန်မုန့်က သူမ၏မျက်လုံးများတွင်
စိတ်ပိုင်းဖြတ်သည့် ခံစားချက်များရှိနေသည်။
သူမကို ကြည့်ရတာ ပို၍
ရင့်ကျက်လာပုံထင်ရ၏။

ယန်ယဲ့က ခေါင်းညိတ်ကာ “ကောင်းတယ်။
ငါတို့ အခု တစ်ခုခုလုပ်ရအောင်။ ငါ့ကို
အဆင့်လွန် စွမ်းအင်ကျောက်တုံးတွေ ကျွေးပါ"

အချိန်တော်တော်ကြာပြီးနောက်တွင်
ယန်ယဲ့သည် အဆင့်လွန်စွမ်းအက်ကျောက်တုံး
မြောက်များစွာကို စုပ်ယူပြီး
ဆန်းကြယ်ချီစွမ်းအင်ဖြစ်လာဖို့
ပြောင်းလဲခဲ့သည်။

သူက စွမ်းအင်ကျောက်တုံးများကို
မပြတ်စုပ်ယူနေရင်း "ဆန်းကြယ်ရွှေချီကန်။
ချီးပဲ... ဒီတစ်ခါ ငါ့အခြေအနေက
တော်တော်ဆိုးတယ်။ မင်းသာ
ပုံမှန်အတိုင်းပြန်မဖြစ်သေးရင်
ငါ့ကိုသင်္ဂြိုလ်ဖို့ပဲစောင့်နေတော့။" အကယ်၍
ဆန်းကြယ်ရွှေချီကန်သာ မူလအတိုင်း
ပြန်ဖြစ်မလာပါက တာအိုအမိန့်တော်၏
လူငယ်မျိုးဆက်များကို စိန်ခေါ် ဖို့မပြောနှင့်
လမ်းလျှောက်ဖို့ကပင်
သူ့ကိုယ်သူအနိုင်နိုင်ဖြစ်နေပေသည်။

အချိန်များက တဖြည်းဖြည်း ရွေ့လျားလာပြီး
ယန်ယဲ့၏ခန္ဓာကိုယ်ထဲ၌
ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်များ
ပိုသိပ်သည်းလာခဲ့သည်။ သူ့ခန္ဓာကိုယ်ပေါ် ရှိ
ဒဏ်ရာများသည်
ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်၏
ပြန်လည်ကုသပေးမှုဖြင့် အပြည့်အဝ
ပြန်ကောင်းလာခဲ့သည်။ သို့ရာတွင်
အစိတ်စိတ်အမွှာမွှာဖြစ်နေသော
ခန္ဓာကိုယ်သွေးကြောများကတော့အခြေအနေ
တိုးတက်မှုမရှိပေ။

သူ့ခန္ဓာကိုယ်

ပြန်လည်ကောင်းမွန်လာပြီးနောက်

ယန်ယဲ့သည်

ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်ကို သုံးပြီး

သူ၏သွေးကြောများကို မကုသခဲ့ပေ။

ထိုသို့လုပ်ဆောင်ခြင်းက

တမင်ဖြုန်းတီးရာသာကျပေလိမ့်မည်။

ထိုအစား သူက

ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်ကို

ဆန်းကြယ်ရွှေချီကန် ပုံရိပ်ကလေးထဲသို့

ပို့လွှတ်ပေးလိုက်လေသည်။

အဆင့်လွန် စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀ ကို မျိုချလိုက်သည့်တိုင် ဆန်းကြယ်ရွှေချီကန်သည် ရွေ့လျားမှု အရိပ်အယောင်ပင် မပြသေးပါ။

အဆင့်လွန် စွမ်းအင်ကျောက်တုံး ၂၀၀,၀၀၀.

အဆင့်လွန် စွမ်းအင်ကျောက်တုံး ၅၀၀,၀၀၀.

အဆင့်လွန် စွမ်းအင်ကျောက်တုံး ၅၀၀,၀၀၀ မှ စွမ်းအင်ကို စုပ်ယူပြီးသည့်နောက်တွင်ပင် ဆန်းကြယ်ရွှေချီကန်သည် ထွက်ပေါ်လာမည့်

အရိပ်အယောင် မပြသေးပေ။ ဒီအခြေအနေက ယန်ယဲ့ကို အကူအညီမဲ့စွာ ရယ်မောမိစေသည်။

သူက လက်လျှော့ခါနီးအချိန်မှာပဲ ဆန်းကြယ်ရွှေချီကန်က လှည့်ပတ်နေရာကနေရပ်တန့်သွားပြီး ၎င်းအထဲမှ ခရမ်းရောင်စွမ်းအင်ချည်မျှင်များ ထွက်လာခဲ့သည်။

ယန်ယဲ့သည် အနည်းငယ် ထိတ်လန့်သွားသော်လည်း သိပ်မကြာခင်မှာ စိတ်လှုပ်ရှားစွာဖြင့် အိပ်ယာပေါ်မှ ခုန်ဆင်းလုနီးပါးပင် ဖြစ်သွားသည်။

အဘယ်ကြောင့်ဆိုသော်
ခရမ်းရောင်စွမ်းအင်ချည်မျှင်များက
မူလခရမ်းရောင်ချီစွမ်းအင် ဖြစ်နေလို့ပါ။

ယန်ယဲ့သည် သူ့စိတ်ထဲမှ စိတ်လှုပ်ရှားမှုနှင့်
ပျော်ရွှင်မှုကို မျိုသိပ်လိုက်ကာ
သူ၏ခန္ဓာကိုယ်သွေးကြောများကို စတင်၍
ကုသပါတော့သည်။ ဒီအချိန်မှာ သူက
မူလခရမ်းရောင်ချီစွမ်းအင်ပင်လျှင်
သူ၏ခန္ဓာကိုယ်သွေးကြောများအား
မကုသနိုင်မှာကို အတော်လေးစိုးရိမ်နေ၏။

ယန်ယဲ့သည် မူလခရမ်းရောင်ချီစွမ်းအင်များက သူ့ခန္ဓာကိုယ်ထဲ ပြန့်နှံ့ကာ သွေးကြောများတစ်လျှောက် စီးဝင်ဖုံးလွှမ်းသွားသည်ကို ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေခဲ့သည်။ အချိန်သိပ်မကြာလိုက်ပေ။

မူလခရမ်းရောင်ချီစွမ်းအင်၏ အကျိုးသက်ရောက်မှုအောက်တွင် သူ့ခန္ဓာကိုယ်သွေးကြောများက တဖြည်းဖြည်း ပြန်ကောင်းလာခဲ့သည်။

ဒီအချိန်မှာ သူ့လက်နှစ်ဖက်ကို ရစ်ပတ်ထားရင်း အိပ်စက်နေသော စပါးအုံးမြွေငယ် ၂ ကောင် မျက်လုံးများ ရုတ်တရက် ပွင့်သွားသည်ကို ယန်ယွဲ့ သတိမထားမိလိုက်ပေ။

...

သိုင်းပညာနှလုံးသားမြို့အပြင်။
မြို့တံခါးအပြင်ဖက်...။

လူတစ်ယောက်က ရုတ်တရက်ပေါ်လာပြီး နံရံပေါ် ရှိ အလောင်းများကို အချိန်တော်တော်ကြာသည်ထိ စိုက်ကြည့်နေသည်။။ အဆုံးမှာတော့ သူ့အကြည့်သည့် နံရံထက်၌ ယန်ယဲ့ ထွင်းထားသည့် စကားလုံးများအပေါ် ရောက်သွားခဲ့သည်။ ထိုခဏလေးမှာပဲ ထိုလူ၏ ပါးစပ်ထောင့်တွင် အေးစက်သော အပြုံးတစ်ခု ပေါ်လာကာ "မောက်မာလိုက်တဲ့လူပါလား။

သူက

ငါ့တိမ်ပင်လယ်အကယ်ဒမီရဲ့တပည့်တွေကို

တောင် သတ်ပစ်ရဲတယ်ပေါ့လေ။

ငါ့အကယ်ဒမီက အားနည်းလို့

လက်တုံ့ပြန်မှာမဟုတ်ဘူးလို့

သူတကယ်ထင်နေတာများလား"

ထိုစကားပြောပြီးသည်နှင့်

အမည်မသိလူစိမ်းက ရှေ့ကို

ခြေတစ်လှမ်းတိုးကာ နေရာမှာတင်

ပျောက်သွားသည်။

မြို့တွင်း....။

ဒီအချိန်မှာ ချန်းတုံက
ယန်ယဲ့၏အခန်းအပြင်ဖက်မှာ စောင့်ပေးနေပြီး
မျက်လုံးပိတ်ကာ
တင်ပျဉ်ခွေလျက်ထိုင်နေခဲ့သည်။ ရုတ်တရက်
မျက်လုံးပွင့်လာပြီး မနီးမဝေးမှာ
လူတစ်ယောက် ရုတ်တရက်ပေါ်လာသည်။

သူတို့နှစ်ယောက်လုံး
တစ်ယောက်ကိုတစ်ယောက် ခဏကြာအောင်
တိတ်ဆိတ်စွာ ကြည့်နေကြသည်။ ချန်းတုံက
ရုတ်တရက် သူ့ဓားကို ဆွဲထုတ်လိုက်သည်။
ဓားက အလင်းတန်းတစ်ခု လင်းလက်လာပြီး

ဓားစွမ်းအင်ကြိုးတစ်ချောင်း ရှေ့သို့
ပစ်လွှတ်လိုက်ကာ အမည်မသိလူရှေ့သို့
ချက်ချင်းရောက်လာသည်။

ထိုလူက ထိတ်လန့်ဟန်မပြဘဲ
အေးစက်စွာရေရွတ်ရင်း သူ့လက်များကို
ရှေ့သို့ဆန့်ကာ တစ်စုံတစ်ခုကို
ဆွဲထုတ်လိုက်သလို ဟန်လုပ်လိုက်သည်။
သူ့ရှေ့မှ အာကာသဟင်းလင်းပြင်ထဲကနေ
အနက်ရောင်တွင်းနက်ကြီးတစ်ခု ချက်ချင်း
ပေါ်လာသည်။
အနက်ရောင်အာကာသတွင်းနက်ကြီးက

ချန်းတုံ၏ ခါးစွမ်းအင်ကြိုးကို ဝါးမျိုသွား၏။ နောက်အခိုက်အတန့်တွင် ထိုလူက သူ့လက်ကို ရှေ့သို့ဆန့်ကာ ချန်းတုံကို ဦးတည်ရင်း လေထုကို ဆုပ်ကိုင်လိုက်သည်။ ချန်းတုံ၏ ပတ်လည်ရှိ နေရာသည် ချက်ချင်းပြောင်းလဲသွားပြီး ချန်းတုံအား အပိုင်းပိုင်းခွဲထုတ်လုနီးပါး ဖြစ်လာသည်။

ချန်းတုံ၏ မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွားသည် ။ သူ့လက်ကောက်ဝတ်ကို လှုန်လိုက်သည်နှင့် တာအိုအလယ်အလတ်အဆင့်ခါးပေါ်လာပြီး

အနည်းငယ်တုန်ခါလာကာ
ရှေ့သို့ထိုးခွဲသွားသည်။
တုန်ခါနေသောနေရာသည် ချက်ချင်းပင်
ကွဲထွက်သွားကာ ဓားကို
လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ
“စစ်မှန်သောဝိညာဉ်ဓားချည်မျှင်များ”

ထိုအသံ ထွက်လာသည်နှင့် ချန်းတုံ၏ရှေ့မှ
အာကာသဟင်းလင်းပြင်က
မရေမတွက်နိုင်သော
ဓားစွမ်းအင်ချည်မျှင်များကဲ့သို့ ဓားကြိုးများဖြင့်
ဖုံးလွှမ်းကာ ပြင်းထန်စွာ တုန်လှုပ်သွားသည်။

တစ်ခဏလေးအတွင်းမှာပဲ
ဓားစွမ်းအင်ချည်မျှင်များက အမည်မသိ လူကို
ဖုံးလွှမ်းသွားလေသည်။

ဘုန်း! ဘုန်း!

ပေါက်ကွဲသံများ အဆက်မပြတ်
ထွက်ပေါ်လာသည်။

အချိန်အနည်းငယ်သာကြာလိုက်၏။
အမည်မသိလူကို ဖုံးလွှမ်းနေသော

ဆားချည်မျှင်များ လွင့်စင်သွားသည်။ သို့သော်လည်း ထိုလူက ထိုနေရာတွင် ရပ်နေဆဲဖြစ်သည်။ သူက အထိအခိုက်မရှိ အဆင်ပြေနေသော်လည်း သူ့ပတ်ဝန်းကျင်တွင် အပေါက်များနှင့် ပြည့်နေသည်။

"မာနဆား ချန်းတုံ" သူစကားပြောပြီးသည်နှင့် ထိုလူက သူ၏ညာလက်ကို ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းလိုက်ရာ သူ့ပတ်ဝန်းကျင်ရှိ အာကာသဟင်းလင်းပြင်က ချက်ချင်းပင် ပုံမှန်ပြန်ဖြစ်သွားသည်။

"အာကာသနိယာမသခင် ယိလျူဖုန်း အပြင်
တိမ်ပင်လယ်အကယ်ဒမီရဲ့
သိုင်းကျောဇ်အဆင့်တွေထဲမှာ ဘယ်သူမှ
လေဟာနယ်နိယာမကို
ဒီလောက်အတိုင်းအတာအထိ
အသုံးချနိုင်စွမ်းမရှိဘူး" ချန်းတုံက
သူ့ရှေ့မှလူကို လျစ်လျူရှုရင်း "ဒီပဋိပက္ခက
ငါ့ရဲ့ရှေးဟောင်းဓားကျောင်းတော်နဲ့
တာအိုအမိန့်တော် ကြားက ပြဿနာပါ။ မင်းရဲ့
တိမ်ပင်လယ်အကယ်ဒမီက ဝင်စွက်ဖက်ဖို့
ရည်ရွယ်နေတာ ဖြစ်နိုင်မလား"

“ငါ့တိမ်ပင်လယ်အကယ်ဒမီရဲ့
တပည့်တော်တော်များများက
ယန်ယဲ့ရဲ့လက်ချက်နဲ့ သေဆုံးသွားကြတယ်။
မင်း ငါတို့ကို လွှတ်ထားဖို့ ပြောနေတာလား"
ယိလျူဖုန်းက အေးစက်စွာရယ်မောလိုက်ပြီး
"ဒါမှမဟုတ်
မင်းရဲ့ရှေးဟောင်းဓားကျောင်းတော်က
ငါတို့တိမ်ပင်လယ်အကယ်ဒမီကို
မေ့ထားလိုက်တာများလား။ဒါဆိုရင်
အခုချက်ချင်း လှည့်ပြီး ထွက်သွားတော့မယ်"

ချန်းတုံက  ခဏလောက် နှုတ်ဆိတ်နေပြီးမှ "ဒါက မင်းကို တိမ်ပင်လယ်အကယ်ဒမီက မင်းကို စေလွှတ်လိုက်လား"

ယိလျူဖုန်းက "တာအိုအမိန့်တော်ရဲ့ အဖွဲ့ဝင်တွေဟာ ဘာအတွက်မှ မသေနိုင်ပါဘူး၊ မင်းရဲ့ ရှေးဟောင်းဓားကျောင်းတော်ကလည်း အလားတူပါပဲ။ ဒါဆို ငါ့တိမ်ပင်လယ်အကယ်ဒမီအဖွဲ့ဝင်တွေက ဘာမှအတွက်နဲ့ သေသွားနိုင်မှာလား။ ချန်းတုံ! ငါ အခုလိုရင်းပဲပြောမယ်။တကယ်လို့ ရှေးဟောင်းဓားကျောင်းတော်က

ငါ့ရဲ့တိမ်ပင်လယ်အကယ်ဒမီကို
ရှင်းပြချက်မပေးနိုင်ရင် အခုကစလို့
ရှေးဟောင်းဓားကျောင်းတော်ရဲ့တပည့်တွေ
တိမ်ပင်လယ်အကယ်ဒမီကို ဝင်ခွင့်ပေးဖို့
ငြင်းပယ်မယ်။ ဒါ့အပြင် ငါတို့က
သေသွားတဲ့တပည့်တွေအတွက်
တရားမျှတမှုကို ကိုယ်တိုင်ရှာဖွေမယ်။
မင်းရဲ့ရှေးဟောင်းဓားကျောင်းက
ငါ့တိမ်ပင်လယ်အကယ်ဒမီ နဲ့
တာအိုအမိန့်တော်ကို တစ်ပြိုင်တည်း
တိုက်ခိုက်နိုင်မလား ငါကြည့်ပါရစေ။"

ချန်းတုံလည်း မျက်ခွံများ

လှုပ်ယမ်းသွားသည်။လောလောဆယ်တွင်

ရှေးဟောင်းဓားကျောင်းတော်သည်

တာအိုအမိန့်တော် နှင့် တရားဝင်

စစ်ပွဲမဖြစ်ပွားသေးပေ။အကယ်၍

တိမ်ပင်လယ်အကယ်ဒမီသည်

ရှေးဟောင်းဓားကျောင်းတော်ကို

စစ်ကြေငြာမည်ဆိုပါက

တာအိုအမိန့်တော်သည်လည်း

ထိုသို့လုပ်ဆောင်မည်မှာ ခန့်မှန်းနေစရာမလိုပါ။

ထိုအချိန်တွင် စည်းမျဉ်းများအားလုံးသည်

အဓိပ္ပါယ်မဲ့သွားမည်ဖြစ်သည်။

တာအိုအမိန့်တော် နှင့်

တိမ်ပင်လယ်အကယ်ဒမီက

သိုင်းသူတော်စင်များကို စေလွှတ်ပြီး

ရှေးဟောင်းဓားကျောင်းတော်၏တပည့်များကို

သေချာပေါက် သတ်ဖြတ်ပါလိမ့်မည်။

###Book.60

"